# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် | ၂၀၂၁ ခုနှစ်၊ ဇွန် ၂၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၂၆၂)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီ အတွင်းရေးမှူးနှင့် Rosoboronexport ကုမ္ပဏီ၊ ညွှန်ကြားရေးမှူးချုပ်တို့အား သီးခြားစီတွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား လုံခြုံရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများအား အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဇွန် ၂၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr.Nikolai Platonovich Patrushev နှင့် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲခန့်တွင် လုံခြုံရေးကောင်စီ အတွင်းရေးမှူးရုံး၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးမိုးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား လုံခြုံရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေနှင့် မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➜*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr.Nikolai Platonovich Patrushev အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။


**မဲမသမာမှုများဖြစ်ခဲ့သည့် ငြင်း၍မရနိုင်သော အချက်များ**
ဆောင်းပါး | စာ ၆

**ဂျပန်နိုင်ငံရှိ ခရိုင်ကိုးခုတွင် ကိုဗစ် - ၁၉ အရေးပေါ်အခြေအနေထုတ်ပြန်ထားမှုကို ရုပ်သိမ်း**
နိုင်ငံတကာသတင်း | စာ ၁၂

**ဂျပန်နိုင်ငံရဲ့ ကိုဗစ်-၁၉ အခြေအနေနဲ့ အိုလံပစ်ဂိမ်းတို့ရဲ့ အားပြိုင်မှု**
နိုင်ငံတကာရေးရာ | စာ ၁၄

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ငါးပုစွန်သယံဇာတ အရှည်တည်တံ့ရေး

မြန်မာနိုင်ငံတွင် ရေချိုငါးလုပ်ငန်းနှင့် ရေငန်ငါးလုပ်ငန်းဟူ၍ ငါး ပုစွန် ဖမ်းဆီးထုတ်လုပ်သည့် လုပ်ငန်းနှစ်မျိုးရှိရာ ယခုအခါ အဆိုပါ ငါးလုပ်ငန်းနှစ်မျိုးစလုံး၌ပင် ငါး ပုစွန်သယံဇာတများ ရှားပါးလျော့နည်းလာနေသည်ဟု သိရသည်။ ငါး ပုစွန်သယံဇာတ ရေရှည်တည်တံ့ ဖွံ့ဖြိုးစေရန်အတွက် ရေချို ရေငန်ငါးလုပ်ငန်းများကို ငါးမဖမ်းရရာသီ သတ်မှတ်ကာ ထိန်းသိမ်းလျက်ရှိသည်။

မြန်မာ့ပင်လယ်ပြင်ရှိ ငါးသယံဇာတ ရေရှည်ဖွံ့ဖြိုးရေးနှင့် မျိုးကောင်းမျိုးသန့်ငါးများ ရေရှည်တည်တံ့စေရေးအတွက် ပင်လယ်ပြင် ငါးမဖမ်းရရာသီကို ဇွန်၊ ဇူလိုင်၊ ဩဂုတ် သုံးလ သတ်မှတ်ခဲ့ရာမှ ယခုနှစ်တွင် ရှေ့သို့တစ်လတိုးကာ မေ၊ ဇွန်၊ ဇူလိုင်ဟူ၍ သုံးလ သတ်မှတ်ထားသည်။ ပင်လယ်ပြင်တွင် ငါးပေါက်ပွားမှု အများဆုံးလများအတွင်း မျိုးငါးများနှင့် ငါးသားပေါက်များကို ထိန်းသိမ်းသည့် အနေဖြင့် ငါးမဖမ်းရရာသီ သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ယခင်က တစ်စိတ်တစ်ပိုင်း ရခိုင်နှုန်းအချို့ ဖမ်းဆီးခွင့်ပြုခဲ့ရာမှ ၂၀၁၈၊ ၂၀၁၉ခုနှစ် ငါးဖမ်းရာသီတွင် လုံးဝပိတ်ပင်တားဆီးခဲ့ရာ ငါးဖမ်းရာသီပြီးဆုံး၍ ငါးပြန်လည်ဖမ်းဆီးခွင့် ရကြသည့်အခါ တိုးတက်မှုများ ရရှိခဲ့သည်ကို တွေ့ရသည်။ ငါးကြီး ငါးကောင်းများ အထိအမိများခဲ့ကြောင်း ငါးလုပ်ငန်းလုပ်ကိုင်သူများက ပြောကြားခဲ့ကြသည်။

ပင်လယ်ပြင် ငါး ပုစွန်သယံဇာတများ ရှားပါးရခြင်း၏ အကြောင်းရင်းမှာ အဓိကအားဖြင့် လူတို့၏ မဆင်ခြင်မှု၊ လောဘကြီးမှုတို့ကြောင့် ဖြစ်သည်။ အလွန်အကျွံငါးဖမ်းဆီး ထုတ်လုပ်ခြင်း၊ ငါးပေါက်ပွားသည့် ရာသီတွင် ငါးဖမ်းဆီးခြင်း၊ မိုင်းခွဲ၍ ငါးဖမ်းခြင်း၊ သတ်မှတ်ပိုက်များဖြင့် မဖမ်းဘဲ နှစ်ထပ်ပိုက်ကဲ့သို့သော ပိုက်များဖြင့် ဖမ်းဆီးခြင်းတို့ကြောင့် ငါးသယံဇာတသည် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း နှစ်ပေါင်း ၃၀ ကာလအတွင်း ငါးထုတ်လုပ်ခွင့်ပြုနိုင်မှုတန်ချိန် ၁ ဒသမ ၀၅ သန်းမှ ၀ ဒသမ ၁ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့တွင် လုံးဝငါးမဖမ်းရရာသီ၊ ငါးမဖမ်းရ ဧရိယာတို့ သတ်မှတ်ဆောင်ရွက်ခဲ့သည့်အခါ ရလဒ်ကောင်းများ ထွက်ပေါ်လာသည်ကို တွေ့မြင်ရသည်။

ထို့အတူ ကုန်းတွင်းပိုင်းရှိ ရေချိုမြစ်ချောင်းအင်းအိုင်များတွင်လည်း အကြောင်းအမျိုးမျိုးကြောင့် ရေချိုငါး ပုစွန် သယံဇာတများ လျော့နည်းကျဆင်းလာရာ ငါးသားပေါက်ရာသီဖြစ်သည့် မေ၊ ဇွန်၊ ဇူလိုင်လများအတွင်း ငါးများ သားပေါက်ရန် နေရာရှာဖွေခြင်း၊ ဥချခြင်း၊ ငါးသားပေါက်များ ပေါက်ပွားခြင်းတို့ ပြုလုပ်သည့်ကာလအတွင်း မြစ်ချောင်းအင်းအိုင်များတွင် ငါးရစ်ငါးသန်များကို ဖမ်းဆီးခြင်း မပြုရန် တားမြစ်ထားသည်။

“ငါးရစ်တစ်ကောင်၊ သုံးလရှောင် တစ်သောင်းတိုးပွား၊ ရေရှည်စား”ဟူသော ဆောင်ပုဒ်နှင့်အညီ ငါးရစ် ငါးသန်ကာလအတွင်း ဖမ်းဆီးစားသုံးခြင်း မပြုဘဲ ရှောင်ရှားခြင်းအားဖြင့် တစ်ကောင်မှ တစ်သောင်းသို့ တိုးပွားလာခြင်းဖြစ်သည်။ တစ်ကောင်မက ကောင်ရေ ၁၀၀၊ ကောင်ရေ ၁၀၀၀ ဆိုလျှင် မည်မျှတိုးပွားလာမည်ကို စဉ်းစားတွက်ချက်ကြည့်လျှင် သိနိုင်သည်။ သုံးလရှောင်ရှားလိုက်သည်နှင့် ငါးသယံဇာတ ရေရှည်တည်တံ့နိုင်မည် ဖြစ်သည်။

သစ်တောများပြုန်းတီးခြင်း၊ တရားမဝင် ရွှေတူးဖော်ခြင်း၊ မြစ်၊ သဲ၊ မြစ်ကျောက်များ ထုတ်ခြင်း စသည့် လူတို့၏ လုပ်ရပ်များကြောင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးဆုံးရှုံးခြင်းနှင့်အတူ ငါး ပုစွန်သယံဇာတများလည်း အမြောက်အမြားပျက်စီးရသလို စည်းကမ်းမဲ့ ငါးဖမ်းဆီးခြင်း၊ ပိုးသတ်ဆေးအဆိပ်ချ ငါးဖမ်းခြင်း၊ ဗုံးခွဲခြင်း၊ ရှော့တိုက်ခြင်း စသည့် နည်းလမ်းများဖြင့် ငါးဖမ်းဆီးခြင်းတို့ကြောင့် ရေချိုငါးသယံဇာတများ ပျက်စီးကြရသည်။ ရေချိုရေငန် ငါးပုစွန်သယံဇာတများ ရေရှည်တည်တံ့ရန်မှာ လူသားတို့ လောဘကို ထိန်းကြရမှာဖြစ်သည်။ လောဘ အတောမသတ်ပါက ရေရှည်တွင် ရေထဲရှိသမျှ ငါး ပုစွန်တို့ ပျောက်ကွယ်သွားကြတော့မည်ဖြစ်ရာ ရေရှည်တည်တံ့အောင် ထိန်းသိမ်း၍ ရေရှည်စားသုံးနိုင်ရေး မျှော်တွေးကာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းတို့နှင့်အညီ စောင့်ထိန်းကြရပါမည့်အကြောင်း။ ။

## ဒုတိယဝန်ကြီး ဦးရဲတင့် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်/ဆက်ရုံးများနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ ကြည့်ရှုစစ်ဆေး




**နေပြည်တော် ဇွန် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဇွန် ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး မြို့သစ်၊ တောင်တွင်းကြီး၊ မင်းလှ၊ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ဆိပ်ဖြူနှင့် ချောက်မြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ထို့ပြင် မင်းဘူးမြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဇွန် ၁၉ ရက်တွင် ချောက်မြို့နယ်ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီး ညောင်ဦး၊ မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ ပေါက်၊ မြိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီး၊ ပုလဲ၊ ယင်းမာပင်နှင့် မုံရွာမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ထို့ပြင် ပခုက္ကူမြို့ရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် မုံရွာမြို့ရှိ ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီး ဦးရဲတင့်က ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မိမိအလုပ်ကို ချစ်မြတ်နိုး တန်ဖိုးထားရန်၊ ဌာန၏ စွမ်းဆောင်ရည် မြင့်မားစေရေးကို အလေးထားရန်၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိစ္စများတွင် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်အစိုးရမှ ထုတ်ပြန်ထားသော မူဝါဒများ ပြန်လည်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်ရန် စသည်ဖြင့် ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)




## မိုး တစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုး တစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Sergei Kuzhugetovich Shoigu ၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၉) ကြိမ်မြောက်နိုင်ငံတကာ လုံခြုံရေးဆိုင်ရာညီလာခံ (Moscow Conference on International Security–2021(MCIS–2021)) သို့ တက်ရောက်ရန်အတွက် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI) မှ အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာခဲ့ကြပြီး ဒေသစံတော်ချိန် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ Sheremetyevo အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V. Fomin၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ သံမှူးကြီး ဦးဇော်လင်းဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် ခေတ္တတည်းခိုမည့် Metropol Hotel သို့ ဆက်လက်ထွက်ခွာခဲ့ကြပြီး ညအိပ်ရပ်နားခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ Sheremetyevo အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V.Fomin က ကြိုဆိုနှုတ်ဆက်စဉ်။**

❍ ***ရှေ့ဖုံးမှ***

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူးတို့သည် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

အလားတူ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် Rosoboronex–port ကုမ္ပဏီညွှန်ကြားရေးမှူးချုပ် Mr.Alexander A.Mikheev နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများအား ခေတ္တတည်းခိုလျက်ရှိသည့် Metropol Hotel ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် Rosoboronexport ကုမ္ပဏီညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အာဇာနည်နေ့အခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဟားခါး ဇွန် ၂၁**

၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်က အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် (၇၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသော ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ဆပ်ကော်မတီအလိုက် ယခင်နှစ်တွင် အာဇာနည်နေ့ အခမ်းအနား ကျင်းပပြုလုပ်မှု အခြေအနေနှင့် ယခုနှစ် ကျင်းပပြုလုပ်မည့် (၇၄) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီဝင်များနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက (၇၄)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ဂရုပြုဆောင်ရွက်ကြရန် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၉ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် ( ပြန် / ဆက် )**

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၁**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများကို COVID–19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် (၁၀)မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၄၈ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများကို COVID–19 ရောဂါနှင့်ပတ်သက်၍ စစ်ဆေးခြင်းများကို ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ပြည်ပမှပြန်လည်ဝင်ရောက်လာသူ ၇၅၀၇ ဦးကို စစ်ဆေးပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို)ရှိ ရွှေတိဂုံစေတီတော်ပုံတူတော်မြတ်အား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာနှင့် သဒ္ဓမ္မဇောတိက သိမ်တော်မြတ်အား ရေစက်သွန်းချလှူဒါန်းခြင်း မင်္ဂလာအခမ်းအနားများ ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာစိန်ဖူးတော်အား ရွှေတိဂုံစေတီတော်ပုံတူတော်မြတ်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်စဉ်။

**နေပြည်တော် ဇွန် ၂၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို)ရှိ ရွှေတိဂုံစေတီတော်ပုံတူတော်မြတ်အား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် သဒ္ဓမ္မဇောတိက သိမ်တော်မြတ်အား ရေစက်သွန်းချလှူဒါန်းခြင်း မင်္ဂလာအခမ်းအနားများကို ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအစ္စရိယ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများ၊ ဗုဒ္ဓဘာသာဝင် ရုရှားနိုင်ငံသားများ တက်ရောက်ကြည်ညိုကြသည်။

### ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုး

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မင်္ဂလာအချိန်တွင် ကျောင်းထိုင်ဆရာတော်အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ရွှေတိဂုံစေတီတော်ပုံတူတော်မြတ်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။ ထို့နောက် အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်မှု အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

### ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်

ယင်းနောက် ရွှေတိဂုံစေတီတော်ပုံတူတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအား ဆက်လက်ပြုလုပ်ပြီး တပ်မတော်အကြီးအကဲများ၊ ရုရှားနိုင်ငံရောက် မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများ၊ စေတနာရှင်အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်ပြီးစီးခဲ့သည့် သဒ္ဓမ္မဇောတိက သိမ်တော်မြတ်အား ရေစက်သွန်းချလှူဒါန်းခြင်းအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ အခမ်းအနား တက်ရောက်လာကြသူများက ကျောင်းထိုင်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဒ္ဓမ္မဇောတိက သိမ်တော်မြတ် တည်ဆောက်ခြင်းနှင့် သာသနာပြုလုပ်ငန်းများအတွက် အလှူငွေများ၊ သာသနာပြုမော်တော်ယာဉ်နှင့် လှူဖွယ်ပစ္စည်းများအား ကျောင်းထိုင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက သံဃာတော်အရှင်သူမြတ်များထံသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ကျောင်းထိုင်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။



သဒ္ဓမ္မဇောတိက သိမ်တော်မြတ်အား ရေစက်သွန်းချ လှူဒါန်းခြင်းအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်ပရိသတ်များက ကျောင်းထိုင်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

### ကြိုးပမ်းဆောင်ရွက်လျက်ရှိ

အဆိုပါ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို)သည် မော်စကိုမြို့လယ်၏ အရှေ့ဘက် ၁၄ ကီလိုမီတာအကွာတွင် တည်ရှိပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ၏ မတည်မှု၊ မော်စကိုရောက် ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများ၊ စေတနာရှင်အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖွင့်ပွဲအခမ်းအနားသို့ သီတဂူဆရာတော်ဘုရားကြီးနှင့်အတူ ဥရောပ၊ အာရှနှင့် အမေရိကနိုင်ငံများမှ ဆရာတော်များလည်း တက်ရောက်ခဲ့ကြကြောင်း၊ မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရ(မော်စကို)သို့မဟုတ် မြန်မာဘုန်းတော်ကြီးကျောင်းသည် ရုရှားနိုင်ငံရှိ ဗုဒ္ဓသာသနာပြုအဖွဲ့အတွက် အခြေပြုရာ၊ ဘုရားဝတ်ပြုရာနေရာ၊ ဘာသာ သာသနာရေးဆိုင်ရာ အခမ်းအနားများ ကျင်းပပြုလုပ်ရာ နေရာတစ်ခုဖြစ်ကြောင်းနှင့် ကျောင်းထိုင်ဆရာတော် အနေဖြင့်လည်း ဗုဒ္ဓသာသနာရောင်ဝါ ထွန်းလင်းစေရေးအတွက် သာသနာရေးဆိုင်ရာလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်

နိုင်ငံအတွင်းတရားဥပဒေစိုးမိုးရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝအောင် ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ ပညာတတ်ဖြစ်စေရေးသည် အရေးကြီးသဖြင့် အထူးအလေးအနက်ထား ဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်ဖြစ်ပြီး နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိရန်အတွက် ပညာရေးတွင် အခြေခံကောင်းရန် လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်(ဇီးပင်ကြီး)ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်နှင့် ရဲအရာရှိလေ့ကျင့်ရေးကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် (ဇီးပင်ကြီး) ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ဖွင့်လှစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၁) သို့ တက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများကို တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း ပြင်ဦးလွင်မြို့နယ် (ဇီးပင်ကြီး) ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်မှု စွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁)သို့ တက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများကို တွေ့ဆုံမှာကြားစဉ်။

### လေ့လာသုံးသပ်ရမည်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ ချမှတ်ကာ လုပ်ငန်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်၏ သတ်မှတ်ထားရှိသည့် မူဝါဒနှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကို အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၁) အနေဖြင့် ယနေ့မှစတင်၍ သင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ သင်တန်းသား သင်တန်းသူများကို ကိုယ်တိုင် ကိုယ်ကျလာရောက်၍ သိသင့်သိထိုက်သည့် ကိစ္စရပ်များကို လာရောက်မှာကြားခြင်း ဖြစ်ပါကြောင်း၊ လတ်တလော နိုင်ငံတကာတွင် ဖြစ်ပျက်နေသော ဖြစ်စဉ်ဖြစ်ရပ်များကို လေ့လာသုံးသပ်ရမည် ဖြစ်ကြောင်း။

### ကာကွယ်စောင့်ရှောက်

နိုင်ငံဝန်ထမ်းများအနေဖြင့် မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ မိမိတို့ဦးစီးဌာန၏ တာဝန်များ၊ မိမိတို့အတွက် ချမှတ်ပေးထားသော လုပ်ငန်းတာဝန်များကို တာဝန်ကျေပွန်စွာ ထမ်းရွက်ကြရန် လိုအပ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို အမြဲဂရုပြုကာကွယ်စောင့်ရှောက်ရမည် ဖြစ်ကြောင်း၊ သင်တန်းသားများကို ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုများ ရှိစေရေးအတွက် သင်တန်းပို့ချလေ့ကျင့်နိုင်ရန် သင်ရိုးဇယားရေးဆွဲထားပြီး ကာကွယ်ရေးအမြင်များ ရှိစေရေးအတွက် အခြေခံလိုအပ်သည့် စစ်ပညာဘာသာရပ်များကိုပါ ထည့်သွင်းသင်ကြားနိုင်ရေး လျာထားဆောင်ရွက်ထားရှိပါကြောင်း၊ ပို့ချသည့် ဆရာ ဆရာမများ၏ ပို့ချမှုများကို အလေးထားလိုက်နာကြရန် လိုအပ်ကြောင်း၊ နိုင်ငံအတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအနေဖြင့် လွန်စွာအရေးကြီးပါကြောင်း၊ နိုင်ငံတော်အတွင်း ဆူပူဆန္ဒပြရာမှ အဆင့်ဆင့် ဆိုးရွားလာပြီး မင်းမဲ့စရိုက်ဆန်စွာဖြင့် အုပ်ချုပ်ရေးတာဝန်ရှိသူများကို လုပ်ကြံသတ်ဖြတ်ခြင်း၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ ရုံး/ဌာနများကို ဗုံးပစ်ခြင်း၊ မီးရှို့ခြင်း စသည်ဖြင့် အကြမ်းဖက်အဖွဲ့အစည်းပုံသဏ္ဌာန်ကဲ့သို့ လုပ်ရပ်များကို ဆိုးရွားစွာဆောင်ရွက်လာသည်ကို တွေ့မြင်ရကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် ဖြစ်စဉ်ဖြစ်ရပ်များကို ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအနေဖြင့် မီဒီယာကျင့်ဝတ်ကို မျက်ကွယ်ပြုပြီး ကောလာဟလနှင့် သတင်းအမှားများကိုသာ လုပ်ကြံဖြန့်ချိနေသည်ကို (လူမှုကွန်ရက်) များပေါ်တွင် တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ရက်ပိုင်းအတွင်းဖြစ်ပွားခဲ့သည့် ပေါက်မြို့နယ် ကင်းမကျေးရွာကို အကြမ်းဖက်သောင်းကျန်းသူများမှ မီးရှို့ဖျက်ဆီးခဲ့မှု အခြေအနေကို သိရှိကြမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် အစိုးရယန္တရား ပိုမိုခိုင်မာတောင့်တင်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

### ၁၀ ပတ်ကြာ ဖွင့်လှစ်

သင်တန်းကို သင်တန်းသား သင်တန်းသူ ၂၅၀ ဖြင့် ယနေ့မှစ၍ သင်တန်းကာလ ရက်သတ္တပတ် ၁၀ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရဲအရာရှိလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ် သင်ကြားနေသည့် ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၀၄) ရှိ သင်တန်းသား သင်တန်းသူများ၏ သင်ခန်းစာပို့ချလေ့ကျင့်နေမှုများ၊ သင်တန်းခန်းမများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သင်တန်းသားများ၊ နည်းပြများ၏ သတင်းပို့မှုများကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှင်မြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရှင် ဇွန် ၂၁**

၂၀၂၁ ခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရှမ်းပြည် တောင်ပိုင်း ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှင်မြို့နယ် မြို့ကုန်းရပ်ကွက် ဘောလုံးကွင်းအနီး၌ ဇွန် ၂၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက နိုင်ငံအဝန်း စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်တိုးတက်ကောင်းမွန်လာစေရေးကို အထောက်အကူပြုစေပြီး သဘာဝတောများမှ သယံဇာတထုတ်ယူသုံးစွဲမှု လျှော့ချနိုင်ရေး၊ ကျေးလက်ပြည်သူများ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးမြင့်က သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သစ်ပင်များစိုက်ပျိုးရန်အတွက် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များက ပျိုးပင်များကို ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူပြီး ပျိုးပင်များကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စိုက်ပျိုးခဲ့ကြသည်။




ယနေ့စိုက်ပျိုးသည့် ပျိုးပင်များမှာ ခါတော်မီ၊ ပိတောက်၊ ယူကလစ်များဖြစ်ကြောင်း သိရသည်။

**ရှင်(ပြန်/ဆက်)**

# မဲမသမာမှုများဖြစ်ခဲ့သည့် ငြင်း၍မရနိုင်သော အချက်များ

**မင်းခန့်**

ခေါင်းစဉ်မှာဒီလိုပြောလို့ စာရေးသူက ယခုအသစ်ဖွဲ့ထားတဲ့ ရွေးကောက်ပွဲကော်မရှင်ကို ကိုယ်စားပြုပြီးရေးသားတယ်လို့တော့ မထင်လိုက်ပါနဲ့။ မဲမသမာမှုဖြစ်ခဲ့တဲ့ အချက်တွေကို ဖော်ပြမှာဖြစ်လို့ တပ်မတော်ထောက်ခံသူလို့လည်း မထင်စေချင်ပါဘူး။ စာရေးသူက ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ မဲမသမာမှုတွေ ဘယ်လိုဖြစ်ပွားခဲ့တယ်ဆိုတာကို စိတ်ဝင်စားလို့ UEC အသစ်ရဲ့ စစ်ဆေးတွေ့ရှိမှု ထုတ်ပြန်ချက်တွေကို စောင့်ကြည့်လေ့လာနေတဲ့ သာမန်ပြည်သူတစ်ဦးပဲဖြစ်ပါတယ်။

**ယနေ့မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေက ရွေးကောက်ပွဲမသမာမှုကြောင့်လို့ ဆိုပါတယ်။ ရွေးကောက်ပွဲမှာ တကယ်ရော မသမာမှုတွေရှိခဲ့သလား ဆိုတဲ့ မေးခွန်းရဲ့ အဖြေကို သိချင်စိတ်ပြင်းပြတဲ့အတွက် အခုလိုစောင့်ကြည့်ခဲ့တာလည်းဖြစ်ပါတယ်။** ယခု ရွေးကောက်ပွဲကော်မရှင်ရဲ့ ထုတ်ပြန်ချက်တွေကို လေ့လာကြည့်ရင် မြို့နယ်တစ်ခုချင်းစီအလိုက် စစ်ဆေးတွေ့ရှိချက်တွေကို စာရင်းဇယားတွေ အသေးစိတ်ဖော်ပြချက်တွေနဲ့ ကာလကြာရှည်စွာ ထုတ်ပြန်ခဲ့တဲ့ အချက်တွေထဲက ပြည်သူလူထုကြီး ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်အောင် ထင်သာမြင်သာရှိတဲ့ မဲမသမာမှုများကို မီးမောင်းထိုးပြသွားမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀၂၁ ခုနှစ် ဇွန် ၈ ရက်အထိ UEC အသစ်ထုတ်ပြန်ထားတဲ့ အချက်အလက်တွေအရ စာရေးသူလေ့လာတွေ့ရှိရတဲ့ အချက်များကို အများနားလည် သိရှိစေချင်တဲ့ စေတနာနဲ့ ဒီဆောင်းပါးလေးကို ရေးသားလိုက်ရတာဖြစ်ပါတယ်။ စာရေးသူရဲ့ ရေးသားချက်တွေဟာ ပါတီတစ်ခုကို ဝေဖန်တိုက်ခိုက်လိုတဲ့ သဘောမဟုတ်ဘဲ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအကြိုကာလနဲ့ ရွေးကောက်ပွဲကာလတွေမှာ အမှန်တကယ်ဖြစ်ခဲ့တဲ့ အခြေအနေမှန်တွေကို UEC ရဲ့ စစ်ဆေးချက်နှင့် ချိန်ထိုးပြီး ပုဂ္ဂိုလ်ရေးအမြင်နဲ့ ရေးသားဖော်ပြခြင်းသာဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံလိုပါတယ်။

## ဘယ်လိုကြိုတင်ပြင်ဆင်ခဲ့ကြပါသလဲ

NLD အစိုးရအနေနဲ့ တကယ်ပဲ မဲလိမ်မဲခိုးဖို့ ကြိုတင်ပါဝင်ဆောင်ရွက်ခဲ့ပါသလားလို့ မေးလာရင် သုံးသပ်တွေ့ရှိချက်တွေအရ ဆောင်ရွက်ခဲ့ပါတယ်လို့ပဲ တိုတိုပြတ်ပြတ် အဖြေပေးရမှာပါ။ **အထင်ရှားဆုံးသက်သေကတော့ UEC ဟောင်းအဖွဲ့ဝင်တွေကိုယ်တိုင်သက်သေထွက်ဆိုချက်တွေအရ UEC အဟောင်းက လွတ်လပ်တဲ့ကော်မရှင် မဖြစ်ခဲ့ဘဲ အာဏာရအစိုးရရဲ့ ချုပ်ကိုင်မှုအောက်မှာ လုပ်ဆောင်ခဲ့ရတယ်ဆိုတာ ဘယ်လိုမှ ငြင်းမရနိုင်ပါဘူး။** ကြိုတင်ကြံစည် ဆောင်ရွက်ချက်တွေထဲက ဥပဒေချိုးဖောက်ပြီး လုပ်ဆောင်ခဲ့တဲ့လုပ်ရပ်တစ်ခုကတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လဝကအတွက် ဥပဒေပြုခွင့်ကို တိုင်းနှင့် ပြည်နယ်တွေမှာ ပေးမထားပေမယ့် **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးတွေကို တိုင်းနဲ့ပြည်နယ်တွေမှာ ခန့်အပ်ပြီး တိုးချဲ့ဖွဲ့စည်းခဲ့တာပါ။ နောက်ကွယ်က ရည်ရွယ်ချက်ကတော့ ရွေးကောက်ပွဲကော်မရှင်ရဲ့ မဲစာရင်းနဲ့ လဝကမှာရှိတဲ့ စာရင်းကို မကွာခြားရလေအောင် ထိန်းညှိဖို့ကြိုးစားခဲ့တာပါ။** သို့သော်လည်း တိုင်းနဲ့ပြည်နယ်လဝကမှာရှိတဲ့ စာရင်းဆိုတာ ပြည်ထောင်စုအဆင့်မှာလည်းရှိပြီးဖြစ်လို့ အလွယ်တကူပြင်ဆင်လို့ မရနိုင်ပါဘူး။ ဒါက NLD အစိုးရအတွက် အားနည်းချက်တစ်ခုဖြစ်ခဲ့တာပေါ့။

နောက်တစ်ချက်ကတော့ NLD အမာခံတွေကို ရပ်/ကျေး ဥက္ကဋ္ဌနဲ့ ရွေးကော်အဖွဲ့ဝင်တွေအဖြစ် ကြိုတင်အစားထိုးထားတဲ့ကိစ္စပါ။ ပြည်နယ်နဲ့ တိုင်းဝန်ကြီးချုပ်တွေက ဦးစီးပြီး ဆောင်ရွက်ကြတာကို ရုံးစာအထောက်အထားတွေနဲ့တွေ့ရပါတယ်။ ပဲခူးတိုင်းဝန်ကြီးချုပ် ဦးဝင်းသိန်းက သူ့ရဲ့တူမ NLD အမာခံ ဒေါ်စန်းစန်းမြတ်ကို ရွေးကော်အဖွဲ့ဝင်အဖြစ် ထည့်ဖွဲ့ထားသလိုမျိုးတွေပေါ့။ ရပ်/ကျေး ဥက္ကဋ္ဌနဲ့ ရွေးကော်အဖွဲ့ဝင်တွေက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်တွေကို လက်တွေ့မြေပြင်မှာ ဆောင်ရွက်ရတဲ့နေရာနဲ့ အဆုံးအဖြတ်ပေးတဲ့နေရာမှာ အဓိကကျတဲ့သူတွေဖြစ်ပါတယ်။

ဒါကြောင့်လည်း ကြိုတင်မဲတွေကောက်ခံတဲ့နေရာမှာ NLD ပါတီ အောင်နိုင်ရေး လှုပ်ရှားတဲ့အဖွဲ့တွေကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့ပြီး ပါတီအလံတွေ၊ အမှတ်တံဆိပ်တွေသုံးပြီး ကြိုတင်မဲကောက်ခံခဲ့တဲ့ ကိစ္စရပ်မျိုးတွေဖြစ်ခဲ့တာပါ။ မဲစာရင်းပြုစုဖို့ မည်သူမည်ဝါဆိုတာကို အတည်မပြုနိုင်တဲ့ ကွန်ပျူတာကျွမ်းကျင်နှစ်ဦးစီကို မြို့နယ်ရွေးကော်တွေမှာ တစ်လ သီးသန့်ခန့်အပ်ခဲ့တဲ့ကိစ္စတွေ၊ ဒီကွန်ပျူတာတွေနဲ့ ဆက်စပ်ပစ္စည်းတွေကို International Foundation of Electoral System (IFES) က လှူဒါန်းခဲ့တာတွေကိုတော့ အများသိပြီးဖြစ်လို့ အကျယ်တဝင့် မပြောလိုတော့ပါဘူး။ ဒီမဲစာရင်းတွေကို တပ်မတော်က စစ်ဆေးတော့ မဲမသမာမှုဖြစ်နိုင်ခြေစာရင်း ၁၀ သန်းကျော် တွေ့ရှိရတာပါ။ လက်ရှိမြေပြင် စစ်ဆေးတွေ့ရှိချက်တွေအရလည်း စစ်ဆေးပြီးသမျှ ၃၀၉ မြို့နယ်မှာ မြို့နယ်ရွေးကော် စာရင်းအရ ဆန္ဒမဲပေးသူ ၃၈၀၄၄၃၇၈ (၃၈ သန်းကျော်) ဖြစ်ပြီး လဝကရဲ့စာရင်းအရ မဲပေးနိုင်သူ ၃၁၇၅၁၇၅၉ (၃၁သန်းကျော်) ဖြစ်နေလို့ မဲပေးနိုင်သူဦးရေ ၆ ဒသမ ၂ သန်း ပိုမိုများပြီး ဖောင်းပွနေတာ တွေ့ရှိရပါတယ်။ မှတ်ပုံတင်တစ်ခုတည်းနဲ့ နှစ်ကြိမ်ပါနေတဲ့ မဲစာရင်းက ၃၅၇၃၆၇၂ (၃၅ သိန်းကျော်)၊ သုံးကြိမ် မဲစာရင်းထဲပါနေတာက ၂၉၃၉၆၀ (၃ သိန်းနီးပါး) တွေ့ရှိခဲ့ကြောင်း UEC အသစ်က ဌာနဆိုင်ရာပေါင်းစုံနဲ့ UEC အဟောင်း အဖွဲ့ဝင်တွေပါဝင်တဲ့ စစ်ဆေးရေးအဖွဲ့ဖွဲ့ပြီး စစ်ဆေးဖော်ထုတ်ထားပါတယ်။

ဒါတွေက မဲစာရင်းတွေကို သာမန်ထက် ပိုပြီးဖောင်းပွအောင်လုပ်ဖို့၊ လက်တွေ့ဆောင်ရွက်ရာမှာ ကိုယ့်လူတွေနဲ့ စိတ်ချလက်ချဆောင်ရွက်နိုင်ဖို့ကို ကြိုတင်ကြံစည် ပြင်ဆင်ထားခဲ့ကြတယ်ဆိုတာ အထင်အရှားမြင်တွေ့ရမှာဖြစ်ပါတယ်။

## ဘာကြောင့် မဲစာရင်းတွေဖောင်းပွအောင် လုပ်ထားရသလဲ

**မဲစာရင်းတွေဖောင်းပွအောင်လုပ်ရတဲ့ အဓိက အကြောင်းရင်းကတော့ မဲလက်မှတ်တွေ အပိုရိုက်ထုတ်ဖို့ ဖြစ်ပါတယ်။ မဲလက်မှတ်များ ရိုက်ထုတ်ခြင်းသည် မဲပေးပိုင်ခွင့်ရှိသူ အရေအတွက်ပေါ်မှာ မူတည်ပြီး ရိုက်ထုတ်ရတာဖြစ်လို့ မဲပေးပိုင်ခွင့်ရှိသူစာရင်း ဖောင်းပွနေခြင်းသည် မဲလက်မှတ်များ ဖောင်းပွခြင်းကိုဖြစ်စေပြီး မဲလက်မှတ်အပိုများ ထွက်ပေါ်လာပါတယ်။ ဒီမဲလက်မှတ်အပိုတွေကို အသုံးပြုပြီး ကြိုတင်မဲတွေ၊ အခြားသော နည်းလမ်းတွေနဲ့ လိုအပ်တဲ့နေရာတွေကို NLD ထောက်ခံမဲလက်မှတ်များ ဖြည့်တင်းနိုင်အောင်နဲ့ လိုအပ်သလို လှည့်နိုင်အောင် ဆောင်ရွက်ခဲ့ပါတော့တယ်။** မကွေးမှာ NLD တံဆိပ်တွေနဲ့ ချိပ်ပိတ်ထားတဲ့ မဲလက်မှတ် ဆာလာအိတ်တွေ NLD ရုံးတွေကနေတစ်ဆင့် ပို့ထားတာ တွေ့နေရတာမျိုးတွေပေါ့။ ဒါကြောင့် ယခုမြေပြင်စစ်ဆေးတွေ့ရှိချက်တွေမှာ မှတ်ပုံတင်မရှိဘဲ မဲစာရင်းတွင် ပါဝင်သူက ၄၉၀၁၀၄၃ (၄၉ သိန်းကျော်)၊ ပျောက်ဆုံးနေတဲ့ မဲလက်မှတ်က ၁၄၂၀၇၄၇ (၁၄ သိန်းကျော်)နဲ့ ပိုနေတဲ့မဲလက်မှတ်က ၄၃၅၆၆၉ (၄ သိန်းကျော်) တွေ့ရှိနေရပါတယ်။

*စာမျက်နှာ ၇ သို့*





ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၃၃ / ၂၀၁၇)
၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

တိုင်းဒေသကြီး နှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာ ကြီးကြပ်ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တိုင်းဒေသကြီး နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (၇) ဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

| | | |
|---|---|---|
| (၁) ဦးသန်းစိုး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) ဒေါ်ချိုချိုသန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၃) ဒေါ်နွဲ့နွဲ့ခင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၄) ဦးတင်စိုး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၅) ဒေါ်ဗီလိုမီနာ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၆) ဦးအုန်းမောင်(ခ) အုန်းမြင့် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၇) ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အဖွဲ့ဝင် |

(င) ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

| | | |
|---|---|---|
| (၁) ဦးမိုးဆွေ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) ဦးအောင်မြင့် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၃) ဒေါ်ခင်လှဆွေ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၄) ဒေါက်တာကြည်စိုး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၅) ဒေါ်စန်းစန်းမြတ် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၆) ဒေါက်တာရဲညွန့်နိုင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၇) ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၈) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၉) တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၁၀) တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၁၁) တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံး | | အဖွဲ့ဝင် |





ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည့်ပုံများ။

*စာမျက်နှာ ၆ မှ*

**ပျောက်နေတဲ့ မဲလက်မှတ်တွေက အခြားပါတီတွေကို မဲပေးထားတဲ့ မဲလက်မှတ်တွေဖြစ်ဖို့ သေချာသလို ပိုနေတဲ့ မဲလက်မှတ်တွေကလည်း စာရင်းမရှိအင်းမရှိ NLD ထောက်ခံမဲတွေ ဖြစ်နေတော့တာပါပဲ။**


နောက်ထပ် အရေးအကြီးဆုံးတစ်ချက်က မဲပုံးထဲက ဆန္ဒပြုမဲလက်မှတ်အရေအတွက်သည် လက်ခံဖြတ်ပိုင်းအရေအတွက်နဲ့ ကိုက်ညီနေရပါမယ်။ စစ်ဆေးတွေ့ရှိချက်တွေအရ မြို့နယ်တိုင်း၊ မဲရုံတိုင်းမှာ ထုတ်ယူမဲလက်မှတ်၊ အသုံးပြုမဲလက်မှတ်နှင့် မြေပြင်လက်ကျန်မဲလက်မှတ်များ ကိုက်ညီမှုမရှိဘဲ စစ်ဆေးပြီးတဲ့ ၃၀၉ မြို့နယ်မှာ ထုတ်ယူမဲလက်မှတ် ၄၂၇၄၂၇၈၃ (၄၂ သန်းကျော်)၊ အသုံးပြုမဲလက်မှတ် ၂၆၉၆၁၈၀၁ (၂၆ သန်းကျော်)ဖြစ်လို့ လက်ခံဖြတ်ပိုင်းတွေအရ ကျန်ရှိရမယ့် မဲလက်မှတ်အရေအတွက်က ၁၅၇၈၀၉၈၂ (၁၅ သန်းကျော်) ကျန်ရှိရမှာဖြစ်ပေမယ့် မြေပြင်လက်ကျန် ဆန္ဒမဲလက်မှတ်အရေအတွက်က ၁၄၇၉၅၉၀၄ (၁၄ သန်းကျော်) ဖြစ်နေပါတယ်။ **ဒါကြောင့် ထုတ်ယူတဲ့ မဲအရေအတွက်နဲ့ အသုံးပြုတဲ့ မဲအရေအတွက် ခြားနားလိုက်ရင် မြေပြင်ကျန်ရှိရမယ့် မဲအရေအတွက်များ မကိုက်ညီသလို လက်ခံဖြတ်ပိုင်းနဲ့ မဲပုံးထဲက မဲလက်မှတ်အရေအတွက်တွေ မကိုက်ညီဘဲ ပျောက်ဆုံးတာတွေ၊ အပိုဖြစ်နေတာတွေဟာ မဲမသမာမှုလုပ်ထားတဲ့ ခိုင်မာတဲ့စစ်ဆေးတွေ့ရှိချက်များ ဖြစ်ပါတယ်။** မဲရုံတွေအားလုံး စစ်ဆေးပြီးရင်တော့ တပ်မတော်က စစ်ဆေးတွေ့ရှိထားတဲ့ မဲမသမာမှု ဖြစ်နိုင်ခြေ ၁၀ ဒသမ ၄ သန်းကျော်တောင်မကဘဲ မဲလိမ်မဲခိုးထားတဲ့ စာရင်းထွက်ပေါ်လာမှာ သေချာပါတယ်။

**အခြားသောလုပ်ဆောင်ချက်များ**

အထက်မှာဖော်ပြထားသလို ရပ်/ကျေး ဥက္ကဋ္ဌတွေနဲ့ ရွေးကော်အဖွဲ့ခွဲ အဖွဲ့ဝင်တွေက NLD အမာခံတွေဖြစ်နေလေတော့ ကြိုတင်မဲကောက်ယူရာမှာ နည်းလမ်းမျိုးစုံနဲ့ ညစ်ခဲ့ကြပါတော့တယ်။ ကြိုတင်မဲပေးရတဲ့ သက်ကြီးရွယ်အိုတွေအားလုံးနီးပါးသည် အမြင်အာရုံချို့တဲ့နေကြပြီဖြစ်ပါတယ်။ ဒါကို အခွင့်ကောင်းယူပြီး NLD ကိုယ်စားလှယ်နေရာမှာ အမှန်ခြစ်ဖို့၊ တံဆိပ်တုံးထုစေဖို့ နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်တဲ့ကိစ္စတွေဖြစ်ခဲ့ကြတော့တာပေါ့။ ပါတီအလံတွေ၊ တံဆိပ်တွေနဲ့ ကြိုတင်မဲ လာကောက်ကြတဲ့နေရာတွေမှာ ပြည်သူအများစုက NLD ပါတီအတွက် မဲတွေလာကောက်တယ်လို့ပဲ ထင်မြင်ယူဆနေကြပါတော့တယ်။




NLD တံဆိပ်များဖြင့် ချိပ်ပိတ်ထားသည့်မဲလက်မှတ်အိတ် မှတ်တမ်းဓာတ်ပုံ။



ကြို့ပင်ကောက်မှ NLD အမတ် နော်ပွယ်စေး၏မဲများတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ မဲလက်မှတ်များထည့်သွင်းရေတွက်ထားမှု မှတ်တမ်းဓာတ်ပုံ။

**ဒီလိုဥပဒေချိုးဖောက်မှုနဲ့ ရလာတဲ့ မဲလက်မှတ်တွေအားလုံးကို ဘောင်ဝင်အောင် ဆောင်ရွက်ဖို့ UEC တံဆိပ်မပါသည့် အမှန်ခြစ်၊ ဘောပင်ဖြင့်ခြစ်ထားသည့်အမှန်ခြစ် စတဲ့မဲလက်မှတ်တွေကို ခိုင်လုံမဲတွေဖြစ်လာဖို့ ညွှန်ကြားချက်တွေ ထုတ်ပြန်ထားခဲ့ပါတယ်။** အကြောင်းပြချက်ကတော့ တံဆိပ်တုံးအတုထွက်တယ်လို့ ဆိုခဲ့တာပေါ့။ COVID-19 ကြောင့် ရောက်ရာအရပ်ကနေ ကြိုတင်မဲပေးထားတဲ့သူတွေကို ရွေးကောက်ပွဲနေ့မှာ မဲထပ်ပေးလို့ရအောင်လုပ်ထားတဲ့ ညွှန်ကြားချက်မျိုးတွေလည်း ရှိပါသေးတယ်။ ဒါကြောင့် နှစ်ကြိမ်၊ သုံးကြိမ် မဲလာပေးတဲ့ ကိစ္စတချို့ တွေ့ရှိနေရတာဖြစ်ပါတယ်။

မဲပေးဖို့အတွက် အချက်အလက်မခိုင်လုံဘဲ၊ မစုံလင်ဘဲ မဲပေးခွင့်ပြုခဲ့တဲ့ အထောက်အထား များစွာကိုလည်း တွေ့ရပါတယ်။ ဥပမာ လက်ဗွေ/လက်မှတ်မပါဘဲ မဲလက်မှတ်တွေ ထုတ်ပေးထားတဲ့ကိစ္စမျိုးတွေပေါ့။ အမှန်တော့ မဲလက်မှတ်အပိုတွေကို ဘောင်ဝင်အောင် အဲဒီလို နည်းမျိုးစုံဆောင်ရွက်ခဲ့ပေမယ့် လက်တွေ့မှာ ပမာဏများပြားလှခြင်း၊ **အောက်ခြေက လက်လွန်ခြေလွန်ဆောင်ရွက်ကြတဲ့ ကိစ္စတွေများလွန်းတော့ မဖုံးနိုင်မဖိနိုင်ဖြစ်ခဲ့ရတဲ့ ကိစ္စရပ်တွေပါ။ ကြို့ပင်ကောက်က NLD အမတ် နော်ပွယ်စေးရဲ့ မဲတွေမှာ ၂၀၁၅ က မဲလက်မှတ်တွေပါ ထည့်သွင်းရေတွက်ထားတဲ့ကိစ္စ၊ ရေစကြိုမှာ မဲပေးရမယ့် အမတ်စာရင်းက မကွေးက အမတ်တွေရဲ့စာရင်းနဲ့မှားနေတဲ့ ကိစ္စလိုမျိုးတွေ၊ နိုင်ငံကျော်ဟစ်ဟော့ပ်အဆိုတော် NLD အမတ်က social media ပေါ်မှာ ဝမ်းသာအားရတင်လိုက်တဲ့ မဲရလဒ်တွေက ထုတ်ပြန်ထားတဲ့ မဲပေးပိုင်ခွင့်ရှိသူအရေအတွက်ထက်များနေလို့ ပြန်ဖျက်ရတဲ့ ကိစ္စမျိုးတွေ၊ သဲကုန်းမှာ စာအုပ်နံပါတ်မတပ်ထားတဲ့ မဲစာအုပ်အသစ် ကိုးအုပ်တွေ့ရတာမျိုးတွေ ဖြစ်ခဲ့ရတာပေါ့။**

ငါန်းဇွန်၊ တောင်သာမြို့နယ်မှာ မဲလက်ခံဖြတ်ပိုင်းတွေနဲ့ မဲလက်မှတ်တွေ ပြန်မအပ်တဲ့ ကိစ္စတွေ၊ ရမည်းသင်းမှာ နောက်တိုးမဲပေးသူ ၁၁ ယောက်ကို ရပ်/ကျေး UEC က လက်ရေးနဲ့ဖြည့်ပြီး ခွင့်ပြုပေးခဲ့တာတွေ၊ သပိတ်ကျင်း၊ ညောင်ဦး၊ မတ္တရာနဲ့ မိုးကုတ်ကကျေးရွာအုပ်စုတချို့မှာ မဲလက်မှတ်လက်ခံဖြတ်ပိုင်းပြန်မအပ်တဲ့ကိစ္စရပ်တွေ စသည်ဖြင့်ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ခဲ့ရတာပေါ့။ ဒါတောင် မဲဆွယ်စည်းရုံးခွင့်ကာလမှာ COVID-19 အကြောင်းပြချက်မျိုးစုံနဲ့ အခြားပါတီတွေကို ပိတ်ပင်ထားပြီး NLD ပါတီအနေနဲ့ ကိုဗစ်ကြောင့် မွန်းကျပ်နေတဲ့ လူထုရဲ့ စိတ်ထွက်ပေါက်ကိုတစ်နေရာတည်းမှာ ဖွင့်ပေးပြီး တရားဝင်လို မဲဆွယ်ပွဲတွေ၊ လှည့်လည်ပွဲတွေ ခြိမ့်ခြိမ့်သဲဆင်နွှဲခဲ့တဲ့ကိစ္စတွေ၊ အခြားပါတီတွေရဲ့ ရုပ်သံထုတ်လွှင့်ချက်တွေကို ဆင်ဆာဖြတ်တောက်ခဲ့တဲ့ အချက်တွေအပြင် NLD ပါတီ နိုင်ခြေမရှိတဲ့ ရခိုင်နှင့် ရှမ်းပြည်နယ်မြို့နယ်အချို့ကို လုံခြုံရေးအကြောင်းပြချက်နှင့် ရွေးကောက်ပွဲ မလုပ်ပေးခဲ့လို့ နိုင်ငံသား ၁ ဒသမ ၂ သန်းကျော်က နိုင်ငံသားအခွင့်အရေးဆုံးရှုံးပြီး မဲပေးခွင့်မရခဲ့တာ အားလုံးအသိဖြစ်ပါတယ်။

NLD ပါတီကနေ ထွက်ပေါ်လာတဲ့ အတွင်းသတင်းတွေအရ NLD အစိုးရနဲ့ NLD ပါတီအနေနဲ့ ညွန့်ပေါင်းလို အစိုးရမျိုး ပေါ်လာမှာကို လက်မခံနိုင်ဘဲ တစ်ပါတီတည်း သောင်ပြိုကမ်းပြိုနိုင်ပြီး မြန်မာ့နိုင်ငံရေးကို အုပ်စီးထားချင်တာကြောင့် မလုပ်သင့် မလုပ်အပ်တဲ့ ကိစ္စရပ်တွေကို ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ သို့သော်လည်း အထက်မှာ စာရေးသူထောက်ပြထားတဲ့ **ကြိုတင်ကြံစည်မှုနဲ့ မဲလိမ်မဲခိုးဖို့ ဆောင်ရွက်ခဲ့ကြတဲ့ကိစ္စတွေဟာ မည်သည့်နိုင်ငံရေး စနစ်ကျင့်သုံးတဲ့နိုင်ငံမှာဖြစ်စေ၊ မည်သည့်ရွေးကောက်ပွဲစနစ်ကျင့်သုံးတဲ့ နိုင်ငံမှာဖြစ်စေ ဘယ်လိုမှ လက်ခံလို့မရတဲ့ ကိစ္စရပ်မျိုးတွေဖြစ်ပါတယ်။ နိုင်ငံတကာကို အသာထားလို့ ဒေသတွင်းအာဆီယံနိုင်ငံများထဲမှာတောင် ဒီလိုစည်းလွတ်ဘောင်လွတ်နဲ့ ဖြစ်ချင်တိုင်းဖြစ်နေတဲ့ မဲမသမာမှုမျိုး ဘယ်နိုင်ငံမှာမှမရှိပါဘူး။ စာရေးသူတို့နိုင်ငံရဲ့ ရွေးကောက်ပွဲသမိုင်းမှာလည်း မရှိခဲ့ဖူးပါဘူး။**

စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ဖို့အတွက် ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲရလဒ်ဟာ အသက်တမျှအရေးကြီးလို့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဟာ ပါတီတစ်ခုရဲ့ နိုင်ငံရေးအာဏာရမွက်ကြောင့် အကျည်းတန်ခဲ့ရပြီလို့ပဲ စိတ်မကောင်းစွာနဲ့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ အကြံပြုလိုတာက ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ ဖြစ်ခဲ့တဲ့ ဥပဒေချိုးဖောက်မှုတွေနဲ့ မဲလိမ်မဲခိုးမှုတွေသည် အသေအချာ စနစ်တကျနဲ့ တစ်ဆင့်ချင်း မှတ်တမ်းရုပ်ရှင်တွေရိုက်ပြီး ပြည်သူကို ချပြရမယ့်ကိစ္စရပ်တွေဖြစ်ပါတယ်။ ဒီလိုဖော်ပြတဲ့နေရာမှာလည်း သာမန်ပြည်သူလူထုကြီး နားလည်သဘောပေါက်နိုင်တဲ့ပုံစံနဲ့ အဆင့်ဆင့်ချိတ်ဆက်သုံးသပ်တင်ပြဖို့က အင်မတန်မှအရေးကြီးလှပါတယ်၊ ၎င်းအချက်အလက်များနဲ့ မှတ်တမ်းရုပ်ရှင်များသည် မြန်မာ့သမိုင်းမှာ မှတ်ကျောက်ဖြစ်လာမည့် သင်ခန်းစာယူစရာများဖြင့် ပြည့်နှက်နေမည့် အချက်အလက်အထောက်အထားများ ဖြစ်လာလိမ့်မည်ဟု တင်ပြရင်း စာရေးသူရဲ့ ဆောင်းပါးကို နိဂုံးချုပ်လိုက် ရပါတယ်။ ရွှင်လန်းချမ်းမြေ့ကြပါစေ။ ။





ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည့်ပုံများ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သံရုံးဒုတိယအကြီးအကဲ သင်တန်းအမှတ်စဉ် (၂/၂၀၂၁) ဖွင့်ပွဲ တက်ရောက်

**နေပြည်တော် ဇွန် ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သော သံရုံးဒုတိယအကြီးအကဲ သင်တန်းအမှတ်စဉ် (၂/၂၀၂၁) ဖွင့်ပွဲအခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်ရှိ ရောဝတီအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကို ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၆ ရက်အထိ Covid-19 စည်းကမ်းများနှင့်အညီ ရက်သတ္တ (၄) ပတ်ကြာ နေ့စဉ် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲထိ လုပ်ငန်းခွင်မပျက် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတို့မှ လက်ထောက်ညွှန်ကြားရေးမှူးမှ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း စုစုပေါင်း ၂၇ ဦး တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေးသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၁**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများအတွက် အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေး သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည်။ **(အောက်ပုံ)**

**နားလည်ကျွမ်းကျင်စေရန်ရည်ရွယ်**

ရှေးဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေက ယခုဖွင့်လှစ်သည့်သင်တန်းသည် နိုင်ငံတစ်ဝန်းရှိ ဒေသဆိုင်ရာအုပ်ချုပ်ရေးအတွက် ကျောရိုးဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ ပိုမိုကောင်းမွန်လာစေရန်၊ ဝန်ထမ်းများအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ကျွမ်းကျင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း။





အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ခေတ်အဆက်ဆက် နိုင်ငံ့အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ထမ်းဆောင်ခဲ့ကြပြီး ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတာဝန်နှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးကို အဓိကတာဝန်ယူဆောင်ရွက်ကြရပြီး ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှာလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုအောက်တွင် ရှိပါကြောင်း။

**အဂတိကင်းစွာ ဆောင်ရွက်ကြရမည်**

မြေယာစီမံခန့်ခွဲရေး၊ ယစ်မျိုးစီမံခန့်ခွဲရေး၊ အခွန်လေးမျိုးကောက်ခံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေဆိုင်ရာလုပ်ငန်း၊ အသင်းအဖွဲ့မှတ်ပုံတင်ရေးဆိုင်ရာလုပ်ငန်း စသည်တို့ကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းတိုင်းသည် ပြည်သူလူထုနှင့် အနီးကပ်ထိတွေ့ဆက်ဆံရသဖြင့် နိုင်ငံတော်၏ မူဝါဒ၊ အခြေခံသဘောတရားများနှင့်ကိုက်ညီရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရေးအတွက် ဌာန၏ ဆောင်ပုဒ်နှင့်အညီ ဂရုပြုဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင်လည်း မှန်ကန်သည့် စိတ်ဓာတ်၊ မြင့်မားသည့် ခံယူချက်များနှင့် အဂတိကင်းစွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည်**

အဆိုပါသင်တန်းကို ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးအတွက် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ခြင်းဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သင်တန်းသား ၁၄၉ ဦး၊ သင်တန်းသူ ၁၀၀ စုစုပေါင်း ၂၄၉ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၂၁ ရက်မှ ဩဂုတ် ၂၇ ရက်အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ/ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဆ) အဆိုပါမြို့နယ်မှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၂-၆-၂၀၂၁ ရက်၊ ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ဘူတာကြီးပုရိဝုဏ် အတွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်ပင်၊ သီဟိုဠ်ပင်၊ ရတနာတန်းဝင် ကျွန်းပင်များ၊ မာဂျန်ရှားနှင့် မဲဇလီပင်များ စိုက်ပျိုးခဲ့ကြပြီး ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ပြည်ထောင်စုဝန်ကြီးက လိုက်လံကြည့်ရှုအားပေးသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ၂၀၁၁ ခုနှစ် မှ ၂၀၂၀ ပြည့်နှစ်အထိ သီးပင်စားပင်များအပြင် ကျွန်းပင်ပေါင်း ၂၄၀၀ ကျော်၊ သရက်ပင် ၈၅၀ ကျော်နှင့် အရိပ်ရ လေကာပင် ၆၂၂၅ ပင်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂၉) အနီးရှိ လျှိုပိတ်ဆည်တွင် ကျင်းပသည့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ဆည်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၂၀၀၀၀ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း သစ်ပင်စိုက်ပျိုးပေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)မှ တာဝန်ယူတည်ဆောက်နေသော အရှည် ပေ ၃၀၀ ပန်းဆေးချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အရည်အသွေးပြည့်မီရေး အထူးအလေးထား ဆောင်ရွက်ရန်၊ ယခင်တံတားဟောင်းကို စနစ်တကျ ဖြုတ်သိမ်းပြီး တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်လမ်းပေါ်ရှိ တံတားအဖြစ် အကျိုးရှိစွာ ပြန်လည်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ရန်တို့ကို မှာကြားကာ Over Lay Slab လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကျန်ရှိသည့် Girder လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က B.O.T စနစ်ဖြင့် ဆောင်ရွက်သော လမ်းအပိုင်းများ၊ မိတ္ထီလာ-မန္တလေးလမ်းအပိုင်းရှိ မြို့ရှောင်လမ်းများ၊ ယခုဖောက်လုပ်လျက်ရှိသည့် အရှည် ၇ မိုင်ကျော်ရှိ ကျောက်ဆည်မြို့ရှောင်လမ်း အကျယ် ၇၂ ပေ ၆ လမ်းသွား ဖောက်လုပ်ထားရှိမှုကိုလည်းကောင်း ကျောက်ဆည်မြို့တွင်း လမ်းပေါ်ရှိ ဇော်ဂျီတံတား ကြံ့ခိုင်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် အရှေ့သာဂရ - ဆည်ကုန်းရွာလမ်းပေါ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့မှ တာဝန်ယူတည်ဆောက်နေသော အရှည် ပေ ၂၂၀ ဇော်ဂျီမြစ်ကူးတံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ဆည် - မြစ်သား - မြင်းခြံလမ်း ပြင်ဆင်ထိန်းသိမ်းထားရှိသည့် အခြေအနေကိုလည်းကောင်း၊ ရန်ကုန် - မန္တလေး အမြန်လမ်း (မန္တလေး - နေပြည်တော်အပိုင်း) လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ပန်းဆေးချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းငါးသောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇွန် ၂၁**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၅၂၈၀၅ ဦးနှင့် အတွင်းလူနာပေါင်း ၇၄၂၆၀ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ဥင်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၁၁၇၅၃ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၆၁၀၇ ဦး စုစုပေါင်း ၁၇၈၆၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၅၉၅၄ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၅၈၈ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၄၅၄၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြင်ဦးလွင်တပ်မတော်ဆေးရုံ၌ ပြည်သူများအား ကုသပေးစဉ်။

❐ *ကျောဖုံးမှ*

တက်ရောက်ရန် အခွင့်အရေးကောင်းတစ်ခု ပိုင်ဆိုင်ခဲ့သည်။ ဝေးလ်အသင်းသည် ယနေ့ပွဲစဉ်တွင် အီတလီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဆွစ်ဇာလန်အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အုပ်စုဒုတိယရရှိကာ ယူရိုပြိုင်ပွဲ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ အုပ်စုတွင် အီတလီအသင်းက သုံးပွဲကစား သုံးပွဲနိုင် ရမှတ်ကိုးမှတ်နှင့်အတူ အုပ်စု ပထမဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ တူရကီအသင်းသည် သုံးပွဲကစားထားပြီး သုံးပွဲစလုံးရှုံးနိမ့်ခဲ့သည့်အတွက် ယူရို ၂၀၂၀ ပြိုင်ပွဲကို အုပ်စုအဆင့်နှင့်သာ ကျေနပ်ခဲ့ရသည်။ တူရကီအသင်းသည် အဆိုပါ သုံးပွဲတွင် ပေးဂိုး ရှစ်ဂိုးအထိရှိပြီး ရဂိုးက တစ်ဂိုးသာရှိခဲ့သည်။ ထို့ကြောင့် တူရကီအသင်းသည် ယူရိုပြိုင်ပွဲတွင် အဆိုးရွားဆုံးအသင်းအဖြစ် မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အီတလီအသင်းနှင့် ဝေးလ်အသင်းတို့ပွဲစဉ်တွင် ပွဲချိန် ၅၅ မိနစ်၌ ဝေးလ်အသင်းမှ အမ်ပါဒူကို အနီကတ်ပြထုတ်ပယ်ခံရမှုသည် ၂၀၀၄ ခုနှစ်တွင် နယ်သာလန်အသင်းနှင့် ချက်အသင်းတို့ပွဲစဉ်မှ နယ်သာလန် ကစားသမား ဟီတင်ဂါ (၂၀ နှစ်၊ ၂၁၇ ရက်) ပြီးနောက် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲတွင် ၂၀ နှစ်၊ ၂၇၉ ရက်ဖြင့် ဒုတိယမြောက် အသက်ငယ်ဆုံး အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် အီတလီအသင်းသည် ၂၀၁၈ ခုနှစ် စက်တင်ဘာတွင် ပေါ်တူဂီအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ယခုအခါ ပြိုင်ပွဲစုံ ပွဲ ၃၀ မရှုံးနိမ့်အောင် ကစားထားနိုင်သည့်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ အီတလီအသင်းသည် အဆိုပါ ပွဲ ၃၀ တွင် ၂၅ ပွဲနိုင်ပြီး ငါးပွဲသာ သရေကျထားသည်။ ထို့ကြောင့် အီတလီအသင်းသည် ၁၉၃၅ ခုနှစ်မှ ၁၉၃၉ ခုနှစ်အတွင်း ၎င်းတို့၏ သမိုင်းတစ်လျှောက် တင်ထားခဲ့သော အရှည်ကြာဆုံး ရှုံးပွဲမရှိမှုစံချိန်ကို လိုက်မီခဲ့သည်။

ဝေးလ်အသင်းသည် အီတလီအသင်းနှင့် တွေ့ဆုံခဲ့သည့် ခုနစ်ကြိမ်တွင် ခြောက်ပွဲအထိ ရှုံးနိမ့်မှုနှင့်ကြုံတွေ့ခဲ့ရသည်။ ထို့အပြင် အီတလီအသင်းသည် ပြီးခဲ့သည့်ပြိုင်ပွဲအရပ်ရပ် ၁၁ ပွဲတွင် ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သည်။ **အောင်ဇော်**

# စိတ်ကြွရူးသွပ် မူးယစ်ဆေးပြားအန္တရာယ် လူတိုင်း အသိ သတိဖြင့် ပူးပေါင်းကာကွယ်

မေယု - မျိုးအောင်(MANA)

ရာဘ ခေါ် မူးယစ်ဆေးပြားကို ၁၈၈၇ ခုနှစ်က ဂျာမနီနိုင်ငံ၌ စတင်တွေ့ရှိခဲ့သည်။ တီထွင်သောပညာရှင်မှာ ရိုမေးနီးယားလူမျိုး ဆေးပညာရှင် Lazar Edeleanu ဖြစ်ပြီး ဂျာမနီတပ်မတော်မှာ အသုံးပြုရန် Temmler ဆေးကုမ္ပဏီက Pervitin နာမည်ဖြင့် စတင်ထုတ်လုပ်ခဲ့သည်။

ဂျာမနီလေတပ်မတော်မှ လေသူရဲများ ညဘက် တာဝန်ထမ်းဆောင်စဉ် အိပ်ငိုက်မှုမရှိအောင် အချိန်ပြည့် နိုးကြားတက်ကြွနေစေရန် ဆေးပြားများတိုက်ခဲ့ကြကာ ခြေလျင်တပ်သို့လည်း ဖြန့်ဝေခဲ့ပြီး ထိုစဉ်က ဂျာမနီတပ်မတော်သားများက Tank Medicin ဟု ခေါ်ကြသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသောအခါ ဆေးပြားများကို အဝလွန်ရောဂါကုသရန် သုံးခဲ့သည်။ ဒိန်းမတ်မှထုတ်သော Desoxyn ဆေးပြားကို ဆေးပညာလောကမှာ ယနေ့အထိ အသုံးပြုလျက်ရှိသည်။

**မြန်မာ– ထိုင်းနယ်စပ်မှ ရာဘဈေးကွက်**

အရှေ့တောင်အာရှတွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နယ်နှင့် မြန်မာနိုင်ငံ တာချီလိတ်မြို့တို့သည် ကမ္ဘာမှာ နာမည်ဆိုးဖြင့် ကျော်ကြားသော ရွှေတြိဂံနယ်မြေအစပ်မှာ တည်ရှိသည်။ ရာဘ ခေါ် မူးယစ်ဆေးပြားများသည် ဘိန်းမဟုတ်သကဲ့သို့ ဘိန်းကို အခြေခံထုတ်လုပ်ထားသော ဆေးပြားလည်းမဟုတ်ပေ။ ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်ထားသော ဆေးပြားကို အင်္ဂလိပ်လို metham phetamine ဟု ခေါ်ကြသည်။ ယနေ့ အရှေ့တောင်အာရှနိုင်ငံများမှာ ပေါများစွာ သုံးစွဲနေခြင်းသည် ဈေးပေါပေါနှင့် ရရှိသောကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးရာဒေသရှိ ဘိန်းခင်းများကို တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ပြည်သူလူထုက စဉ်ဆက်မပြတ် ဖျက်ဆီးနေ၍ ဘိန်းဖြူ၊ ဘိန်းမည်း ရှားပါးကာ ဈေးပေါပေါဖြင့် ဝယ်ယူရရှိနိုင်သော ဆေးပြားများကို အသုံးပြုနေခြင်းဖြစ်သည်။ ကုလသမဂ္ဂ အကူအညီဖြင့် ထိုင်း–မြန်မာ နယ်စပ်ရှိ ဘိန်းမှောင်ခိုဂိုဏ်းများကိုလည်း စဉ်ဆက်မပြတ် နှိမ်နင်းလျက်ရှိရာ ဘိန်းကို စိုက်ပျိုးရန်သော်လည်းကောင်း၊ ထုတ်လုပ်ရောင်းဝယ်ရန်သော်လည်းကောင်း အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရသဖြင့် ဘိန်းလောကမှ ရာဘ မူးယစ်ဆေးပြားဘက် ဦးတည်လာကြသည်။ ထိုင်းနိုင်ငံ အခေါ်အဝေါ် ရာဘ(Yaba)လို့ ခေါ်ကြသည်။ ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင်'လား'များကို တိုက်ကျွေးသော ဆေးပြားဖြစ်သည်။

**ဆေးပြား၏ ဆိုးကျိုးများ**

မူးယစ်ဆေးပြားများမှာ အမျိုးအစားအလိုက် ဈေးနှုန်းကွာခြားမှုရှိပြီး လူငယ်များအကြား စိတ်ကြွဆေးပြားများသုံးစွဲမှု များပြားလာသည်နှင့်အမျှ ခိုက်ရန်ဖြစ်ပွားမှုများ၊ လူမှုရေးပိုင်းဆိုင်ရာပြဿနာများ ဖြစ်ပွားမှုလည်း များပြားလာကြောင်း သိရသည်။

ထိုင်းနိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်နေသော မြန်မာအပါအဝင် နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများကို အလုပ်ရှင်များက ဆေးပြားများကျွေးပြီး အလုပ်စေခိုင်းကြကြောင်း သိရသည်။ ထိုင်းနိုင်ငံ ဈေးကွက်များစွာ၌ အချိုအုပ်ထားသော Sweet Coated ဆိုသည့် ဆေးပြားကိုပါ အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ အနုပညာရှင်များ စင်ပေါ်မှာဖျော်ဖြေနေချိန် မမောမပန်း ဖျော်ဖြေနိုင်၍ သုံးစွဲမှု တွင်ကျယ်လာကာ ပြည့်တန်ဆာ လောကတွင်လည်း လိင်ဆက်ဆံရာ၌ စွမ်းဆောင်နိုင်စွမ်း ပိုစေသည် ဟုဆိုသည်။ ဆေးပြား၏ဆိုးကျိုးသည် အများအပြားရှိပြီး ဆေးပြားကို အသုံးပြုနေသူတစ်ယောက်သည် ဆေးပြားမသုံးပါက နေ့စဉ် လုပ်ငန်းတာဝန်များကို လုပ်ကိုင်နိုင်စွမ်းမရှိတော့ပေ။

ကျေးကျွန်စနစ်၏ လက်နက်သဖွယ်ဖြစ်နေသဖြင့် တံငါလှေ ငါးဖမ်းသင်္ဘောများမှ ရောင်းစားခံရသော လူများကိုလည်း ပိုင်ရှင်များက ဆေးပြားကျွေးပြီး ခိုင်းစေသည်။ **လူများကို တိရစ္ဆာန်ဘဝရောက်အောင် လုပ်လိုက်သကဲ့သို့ဖြစ်နေသည်။** ကုလသမဂ္ဂ မူးယစ်ဆေးတိုက်ဖျက်ရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ်ထုတ်လုပ်သော ရာဘ မူးယစ်ဆေးပြား အရေအတွက်မှာ သန်းပေါင်း ၁၄၀၀ ကျော်ရှိကြောင်း သိရသည်။

**လူငယ်များက ပိုသုံးကြ**

**ရာဘ ခေါ် မူးယစ်ဆေးပြားကို အမှုန့်အဖြစ် အလွယ်တကူ ပြုလုပ်နိုင်သဖြင့် အချိုရည်နှင့်ရော၍ သောက်ကြသည်။ အမှုန့်ကို ရှူရှိုက်နိုင်သည့်အပြင် ဆေးလိပ်ထဲသို့ ထည့်ကြသလို အမှုန့်ကို အရည်ဖျော်ပြီး သွေးကြောထဲသို့လည်း ထိုးသွင်းကြသည်။ ဘိန်းသုံးစွဲလျှင် မှိန်းသွားတတ်ပြီး ဆေးပြားသုံးစွဲလျှင် စိတ်ကြွတတ်ရာ လူငယ်များက စိတ်ကြွခြင်းကို ပိုမိုနှစ်သက်ကြ၍ ဆေးပြားကို သုံးစွဲခြင်းဖြစ်ကြောင်း စိတ်ကျန်းမာရေးဌာနမှ စိတ်ကျန်းမာရေးပညာရှင် ဆရာဝန်ကြီးတစ်ဦးက ပြောသည်။**

ဆေးပြားသည် စွဲလမ်းစေသောသတ္တိရှိသောကြောင့် တဖြည်းဖြည်းတိုးပြီးသောက်နိုင်မှ ရသည်။ အစပိုင်းမှာ တစ်ပြားသောက်သော်လည်း နောက်ပိုင်းမှာ တိုး၍သောက်ရသည်။ အိပ်သောအခါ အချိန်ကြာမြင့်စွာ အိပ်လေ့ရှိသည်။ နိုးလာလျှင်လည်း စိတ်ဓာတ်ကျဆင်းသော ဝေဒနာ ခံစားရသည်။ **ကြာရှည်သုံးစွဲပါက အသက်ဆုံးရှုံးနိုင်သည်။ အသက်ရှူရခက်သော ရောဂါ၊ လေဖြတ်ရောဂါ၊ နှလုံးရောဂါနှင့် စိတ်ရောဂါဝေဒနာများကို ခံစားရလေ့ရှိသည်။**

**ကိုဗစ်ကာလနှင့် မူးယစ်ဆေးဈေးကွက်**

ကိုဗစ်–၁၉ ရောဂါ ကာလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ ပိုမိုများပြားလာသည်ကို သတင်းစာများတွင် မကြာခဏ တွေ့မြင်နေရသည်။ ၂၄–၁၁–၂၀၂၀ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်ခဲ့သည့် (၂၂)ကြိမ်မြောက် မြန်မာ–ထိုင်း မူးယစ်ဆေးဝါး ပူးပေါင်း ထိန်းချုပ်ရေး အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ထိုစဉ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက ကိုဗစ်–၁၉ ရောဂါကာလတွင် ခရီးသွားလာမှုကန့်သတ်ခြင်းကို နိုင်ငံအသီးသီးက ဆောင်ရွက်နေချိန်တွင် အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများကို ပိုမိုလုပ်ဆောင်လာကြကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မူးယစ်ဆေးဝါးဈေးကွက် ကျယ်ပြန့်လာခြင်းနှင့်အတူ နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့ ပြစ်မှုကျူးလွန်သူများ ပါဝင်ပတ်သက်မှုကြောင့် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ICE မက်အက်ဖက်တမင်း ပြဿနာ ပိုမိုဆိုးရွားလာကြောင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ပြောကြားသည်။ ဒီဇင်ဘာ ၁၀ ရက်က အွန်လိုင်းစနစ်ဖြင့် ပြုလုပ်သည့် (၅)ကြိမ်မြောက် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး ညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်သည့် ပရီကာဆာနှင့် ဓာတုပစ္စည်းများကို ထိန်းချုပ်နိုင်မှသာ စိတ်ကြွဆေးပြားနှင့် ICE မက်အက်ဖက်တမင်း ထုတ်လုပ်မှုများကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း၊ ပရီကာဆာများ တရားမဝင် ဝင်ရောက်မှုများသည် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ဆက်လက်တည်ရှိနေပြီး နယ်စပ်ဝင်ပေါက်များမှ နည်းမျိုးစုံဖြင့် ဝင်ရောက်နေမှုများကို ပိုမို ပူးပေါင်းထိန်းချုပ်ပေးစေလိုကြောင်းလည်း ရဲမှူးချုပ်က ပြောသည်။

**WY စိတ်ကြွဆေးပြား စံချိန်တင်ဖမ်းမိမှု**

၂၀၁၅ ခုနှစ်က မင်္ဂလာဒုံမြို့နယ်၌ ရပ်ထားသော ကွန်တိန်နာယာဉ်ပေါ်မှ ကျပ် ၁၃၃ ဘီလီယံကျော် တန်ဖိုးရှိ WY စိတ်ကြွဆေးပြား ၂၆၇ သိန်းကို စံချိန်တင် ဖမ်းဆီးရမိခဲ့သည်။ ထိုနှစ် ဩဂုတ်လတွင် မြောက်ဒဂုံမြို့နယ်၌ စိတ်ကြွဆေးပြား ၁၅ သိန်း ဖမ်းဆီးရမိခဲ့သည်။ ထိုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ဒဂုံမြို့သစ်အရှေ့ပိုင်း တက္ကသိုလ်ရိပ်မွန်အိမ်ရာအတွင်း နေအိမ်တစ်အိမ်မှ စိတ်ကြွဆေးပြား နှစ်သန်း ဖမ်းဆီးရမိသလို စက်တင်ဘာ ၂၆ ရက်တွင် ယင်းအိမ်ရာ၌ပင် ကျပ် ၁၉ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွမူးယစ်ဆေးပြားများ ထပ်မံဖမ်းဆီးရမိခဲ့သည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့၏ ဆောင်ရွက်မှုကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ၂၀၁၉ ခုနှစ်ကထက် သုံးဆခန့် ပိုမိုဖော်ထုတ် ဖမ်းဆီးရမိ ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

> **❍ ထိုင်းနိုင်ငံ ဈေးကွက်များစွာ၌ အချိုအုပ်ထားသော Sweet Coated ဆိုသည့် ဆေးပြားကိုပါ အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ အနုပညာရှင်များ စင်ပေါ်မှာ ဖျော်ဖြေနေချိန် မမောမပန်း ဖျော်ဖြေနိုင်၍ သုံးစွဲမှုတွင်ကျယ်လာကာ ပြည့်တန်ဆာလောကတွင်လည်း လိင်ဆက်ဆံရာ၌ စွမ်းဆောင်နိုင်စွမ်းပိုစေသည်ဟု ဆိုသည်။ ဆေးပြား၏ဆိုးကျိုးသည် အများအပြားရှိပြီး ဆေးပြားကို အသုံးပြုနေသူတစ်ယောက်သည် ဆေးပြားမသုံးပါက နေ့စဉ်လုပ်ငန်းတာဝန်များကို လုပ်ကိုင်နိုင်စွမ်းမရှိတော့ပေ**

**မူးယစ်ဆေးဝါးထုတ်လုပ်သည့် ဓာတုဆေးဝါးများ**

စိတ်ပြောင်းဆေးဝါးနှင့် မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သည့် ပရီကာဆာ ဓာတုဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှုမှာလည်း အလွန်မြင့်မားလာကြောင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ပြောကြားသည်။ ယခုနှစ် ဇန်နဝါရီ ၁၃ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်သည့် ပထမအကြိမ် မြန်မာ–တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေ**

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ကမ္ဘာ့မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ထိုင်းနိုင်ငံ ONCB နှင့် မယ့်ဖာလုံဖောင်ဒေးရှင်းတို့က အစားထိုး ဖွံ့ဖြိုးရေးနှင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင်၊ မိုင်းဆတ်ခရိုင်၊ တောင်ပိုင်း ပင်လောင်းမြို့နယ် နောင်တရားဒေသနှင့် ဟိုပုံးမြို့နယ်တို့ရှိ ကျေးရွာများတွင် ရေရရှိရေးအတွက် ဆည်များ၊ ရေလှောင်ကန်များ၊ တစ်ဖက်ပိတ်ရေတားတမံများ တည်ဆောက်ပေးခြင်း၊ လမ်းတံတား ဖောက်လုပ်ပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အသေးစား စက်မှုလက်မှု သင်တန်းများပေးခြင်း၊ ပညာရေးအဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ ကျေးလက်ကျန်းမာရေး အဆောက်အအုံများ ပြုပြင်မွမ်းမံပေးခြင်း စသော လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

**မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများ**

မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂၆ ရက်အတွင်း ကွတ်ခိုင်မြို့နယ်တွင် တပ်မတော်က စံချိန်တင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။ တစ်လနီးပါး ပြုလုပ်ခဲ့သည့် မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းတွင် ကွတ်ခိုင်မြို့နယ်ထဲရှိ လွယ်ခမ်းကျေးရွာနှင့် ပတ်ဝန်းကျင်နေရာများကို ပူးပေါင်းအဖွဲ့များက ပိုက်စိပ်တိုက်ရှာဖွေရာ ကျပ်ဘီလီယံ ၃၉၀ နီးပါး တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့် ပစ္စည်းများကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများမှာ စိတ်ကြွဆေးမျိုးစုံ၊ ဘိန်းဖြူ၊ ICE၊ ဘိန်းဆီခဲ၊ ဘိန်းဖြူခဲ၊ ဘိန်းညို စသည့် မူးယစ်ဆေးဝါးများအပြင် ဆေးပြားရိုက်စက်၊ ဓာတုဗေဒပစ္စည်းများ၊ ဆေးပြားမွှေစက် စသည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကိုလည်း ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ မူးယစ်ဆေးဝါးဖမ်းဆီးရေး စီမံချက်တွင် ရဲတပ်ဖွဲ့က အင်အား ၃၀၀ ခန့်ကို ယင်းဒေသသို့ အမြန်ပို့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု ၄၄ ကြိမ် ရှိခဲ့ပြီး မူးယစ်ဆေးဝါးများသာမက လက်နက်မျိုးစုံ ၇၃ လက်နှင့် ယာဉ်မျိုးစုံ ၂၂ စီးကို သိမ်းဆည်းရမိခဲ့သည်။

၂၀၂၀ ပြည့်နှစ် မေ ၃၀ ရက်တွင် မောင်တောမြို့နယ် မြို့မကညင်တန်း (အလယ်) ကျေးရွာ၌ ကျပ်သိန်းပေါင်းများစွာ တန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၉၀၇၀၀ ကို ဖမ်းမိခဲ့သည်။ ၂၀၁၉ ခုနှစ် မတ် ၂ ရက်ကလည်း မောင်တောမြို့နယ် ဝေသာလီကျေးရွာ၌

*စာမျက်နှာ ၁၁ သို့*

# အာဆီယံ စွမ်းအင်ဆိုင်ရာဝန်ကြီးများနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးတို့ စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စများ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၁**

အာဆီယံစွမ်းအင်ဆိုင်ရာဝန်ကြီးများနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးတို့အကြား စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် ပတ်သက်သည့် အထူးအစည်းအဝေး (The Special Meeting of ASEAN Ministers on Energy and Minister of Economy, Trade and Industry of Japan – SPECIAL AMEM–METI) ကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများ နေပြည်တော်မှ ပါဝင်တက်ရောက်သည်။ (ယာပုံ)



**အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာဝန်ကြီးများ၊ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြပြီး ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

**မူဝါဒချမှတ်ဆောင်ရွက်**

အစည်းအဝေးတွင် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ မိမိတို့ နိုင်ငံအလိုက် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒချမှတ်ဆောင်ရွက်နေမှု၊ လက်ရှိစွမ်းအင်ထုတ်လုပ်သုံးစွဲမှုနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးဆောင်ရွက်နေမှု အစီအမံများကို ဆွေးနွေးကြသည်။

**အပြန်အလှန်ညှိနှိုင်း**

ထို့ပြင် အာဆီယံဒေသတွင်း စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၂၀၂၁–၂၀၂၅ (ASEAN Plan of Actions for Energy Cooperation–APAEC Phase II, 2021–2025) အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ဂျပန်နိုင်ငံနှင့် အာဆီယံတို့အကြား ပူးပေါင်းဆောင်ရွက်မည့် သန့်စင်သောကျောက်မီးသွေးနည်းပညာ (Clean Coal Techno–logy –CCT)၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး အတွက် Carbon Capture, Utilization and Storage (CCUS) နည်းပညာကူညီပံ့ပိုးရေး၊ ဟိုက်ဒရိုဂျင် စွမ်းအင်ထုတ်လုပ်သုံးစွဲရေး၊ စွမ်းအင်ခြိုးခြံချွေတာရေးနှင့် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေး၊ ပြန်ပြည့်မြဲစွမ်းအင်တိုးမြှင့်သုံးစွဲမှု အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေး၊ Green Energy ကဏ္ဍအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း စားသုံးသူများထိရောက်စွာ အကာအကွယ်ပေးနိုင်ရေးနှင့် ကုန်ထုတ်စွမ်းအား အရည်အသွေးမြင့်မားရေး ရည်ရွယ်၍ စစ်ဆေးရေးမှူးများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်



**နေပြည်တော် ဇွန် ၂၁**

စားသုံးသူများ ထိရောက်စွာ အကာအကွယ် ပေးနိုင်ရေးနှင့် ကုန်ထုတ်စွမ်းအား အရည်အသွေး မြင့်မားရေး ရည်ရွယ်၍ စစ်ဆေးရေးမှူးများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၁/၂၀၂၁) ကို ယနေ့နံနက် ၉ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက အလုပ်ရုံဆွေးနွေးပွဲကို စားသုံးသူရေးရာဦးစီးဌာနနှင့် ဆက်စပ်သည့် ဘာသာရပ်များကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်အပြင် အခြားဝန်ကြီးဌာန ခြောက်ခု၏ လုပ်ငန်းသဘောတရားများ၊ စားသုံးသူရေးရာ ဦးစီးဌာနက ဥပဒေအရ ခန့်အပ်ထားသည့် စစ်ဆေးရေးအရာရှိများသည် ဈေးကွက်စောင့်ကြည့် စစ်ဆေးသောအခါ လုံခြုံစိတ်ချရမှုမရှိသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို မည်ကဲ့သို့ စီမံခန့်ခွဲရမည်ဆိုသည့်အကြောင်းအရာများ၊ အန္တရာယ်မကင်းသော ကုန်စည်များကို မှန်ကန်စွာဆုံးဖြတ်နိုင်ရန်နှင့် အန္တရာယ်ရှိသော ကုန်စည်များကို သတိပေးခြင်း၊ သိမ်းဆည်းခြင်းနှင့် တားမြစ်ခြင်းလုပ်ငန်းစဉ်များ စနစ်တကျ ဆောင်ရွက်နိုင်ရန်တို့အတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် စစ်ဆေးရေးမှူးများအနေဖြင့် လက်တွေ့နယ်ပယ်တွင် တွေ့လာရသည့် အတွေ့အကြုံများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ ဆွေးနွေးချက်များ ပေါင်းစပ်ပြီး နောက်ဆုံးတွင် စံလုပ်ထုံးလုပ်နည်းတစ်ခု ရလာသည်အထိ ဆွေးနွေးဆောင်ရွက်ကြရန် လိုကြောင်း မှာကြားခဲ့သည်။

**ထပ်မံဖြည့်စွက်ပြောကြား**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးညွန့်အောင်နှင့် အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းတို့က ထပ်မံဖြည့်စွက်ပြောကြားသည်။

**တက်ရောက်**

အလုပ်ရုံ ဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ နည်းပြအရာရှိများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စစ်ဆေးရေးမှူး ၄၉ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ယာဉ်တစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၇၅၀၀၀ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုနှစ် ဇွန် ၁၄ ရက်ကလည်း မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာ၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့်အတူ ယာဉ်ပေါ်မှ WY/R စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၆၇၄၅၀၀(ခန့်မှန်းတန်ဖိုး ကျပ် ၁ ဘီလီယံကျော်)ကို ဖမ်းမိခဲ့သည်။ အဆိုပါ ဖမ်းမိမှုများမှာ ပိုင်ရှင်များနှင့်အတူ ဖမ်းမိခဲ့ခြင်းဖြစ်သည်။

ထို့အတူ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၄ ရက်ကလည်း တာချီလိတ်မြို့နယ်အတွင်း လိုင်စင်မဲ့ယာဉ်နှစ်စီးပေါ်မှ WY စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀၂၀၀၀ ခန့်(ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၉၇၅၀၀ ကျော်)ကို လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်က ဖမ်းမိခဲ့ပြီး ဆေးပြားများနှင့်အတူ ဖမ်းမိသူများကို တာချီလိတ်ရဲစခန်းသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

**မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းစဉ်များ**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကိုလည်း ခေတ်နှင့်အညီ လိုက်လျောညီထွေရှိစေရန် ဗဟိုအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ အဆင့်အထိ အဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေး လုပ်ငန်းစဉ်နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထုတ်လုပ်မှုပပျောက်ရေး လုပ်ငန်းစဉ်အောက်တွင် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး၊ မွေးမြူရေး၊ သီးနှံအစားထိုးစိုက်ပျိုးရေးနှင့် အစပျိုးဓာတုပစ္စည်းများ ထိန်းချုပ်ကြီးကြပ်ရေး စသည်တို့ကို ဆောင်ရွက်နေပြီး သုံးစွဲမှုပပျောက်ရေး လုပ်ငန်းစဉ်အောက်တွင် ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသားလူငယ်များအား အသိပညာပေးလှုံ့ဆော်ရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၊ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ရေး စသည့် လုပ်ငန်းစဉ်များ ပါဝင်သည်။

**လူ့ပတ်ဝန်းကျင်ထဲသို့ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်နေပြီး လွှမ်းမိုးကြီးစိုးနေသော မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေးခံယူချက်ဖြင့် တိုက်ထုတ်ရမည်ဖြစ်သည်။** မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)ကလည်း ဟောပြောပွဲများပြုလုပ်ခြင်း၊ ဆေးစွဲလူနာများအား ဆေးဝါးကုသရေးတွင် ပါဝင်ကူညီခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် တက်လှမ်းနိုင်ရန်နှင့် တိုင်းပြည်၏အနာဂတ် မျိုးဆက်သစ်လူငယ်များ မူးယစ်ဆေးဝါး၏ကျေးကျွန် မဖြစ်စေရန် လူငယ်ထုအပါအဝင် ပြည်သူတစ်ရပ်လုံးက ကာကွယ်တားဆီးရမည်ဖြစ်သည်။

**ကမ္ဘာ့နိုင်ငံအားလုံး ပူးပေါင်းဖြေရှင်းရမည်**

ရာဘ ခေါ် စိတ်ကြွရူးသွပ်ဆေးပြား အပါအဝင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးမှာ နိုင်ငံတစ်နိုင်ငံတည်း၏ ပြဿနာမဟုတ်သဖြင့် ကမ္ဘာ့နိုင်ငံအားလုံး ပူးပေါင်း၍ ဖြေရှင်းသွားရမည်ဖြစ်ကြောင်း ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရေးသားလိုက်ရပါသည်။ ။

# ဂျပန်နိုင်ငံရှိ ခရိုင်ကိုးခုတွင် ကိုဗစ် - ၁၉ အရေးပေါ်အခြေအနေထုတ်ပြန်ထားမှုကို ရုပ်သိမ်း

**တိုကျို ဇွန် ၂၁**

တိုကျိုတွင်ကိုဗစ်–၁၉ အရေးပေါ်အခြေအနေကြေညာမှုကို ဇွန်၂၀ ရက်တွင် ရုပ်သိမ်းခဲ့ပြီး အခြားသော ခရိုင်ရှစ်ခုတွင်လည်း အလားတူ ရုပ်သိမ်းပေးခဲ့သည်ဟု သိရသည်။

အိုကီနာဝါတွင်မူ ဇူလိုင် ၁၁ ရက်အထိ အရေးပေါ်အခြေအနေကြေညာမှုကို ဆက်လက်ထားရှိဦးမည်ဖြစ်သည်။ ည၇ နာရီနောက်ပိုင်းတွင် စားသောက်ဆိုင်များနှင့် ဘားများတွင်အရက်ရောင်းချခွင့်ရရှိဦးမည်မဟုတ်ပေ။ တိုကျိုတွင် စားသောက်သူများ အနေဖြင့်တစ်ဦးချင်း သို့မဟုတ် လူနှစ်ဦးသာ ဆိုင်ထိုင် သောက်ခွင့်ရှိသည်။ သို့သော်လည်း မိနစ် ၉၀ သာ ဆိုင်ထိုင်ခွင့်ရှိသည်။ တိုကျိုတွင် ဇွန် ၂၀ ရက်တွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၃၇၆ ဦး ရှိသည်။

မကြာမီကျင်းပတော့မည့် တိုကျို အားကစားပြိုင်ပွဲအတွက် ဂရုတစိုက် စောင့်ကြည့်လျက်ရှိသည်ဟု ကိုဗစ် – ၁၉ ကြီးကြပ်ရေးဝန်ကြီးက ပြောသည်။ လိုအပ်ပါက အစိုးရအနေဖြင့် နောက်ထပ် အရေးပေါ်အခြေအနေကြေညာမှုပြုလုပ်ရန် အဆင်သင့် ရှိသည်ဟုလည်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံတစ်လွှား ဇွန် ၂၀ ရက်တွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၁၃၀၀ ကျော်ရှိခဲ့ပြီး ၂၀ သေဆုံးခဲ့ရသည်။ လုပ်ငန်းခွင်အတွင်း ကိုဗစ် –၁၉ ကာကွယ်ဆေး ထိုးပေးခြင်းများကို ဇွန်၂၁ ရက်မှ စတင်ကာ လုပ်ဆောင်နေပြီဖြစ်သည်။ အလုပ်သမားများကို စိတ်ချလက်ချ အလုပ်ခွင်အတွင်းတာဝန်ထမ်းဆောင်စေလိုပြီး ဝယ်သူများတွက်လည်း လုံခြုံစိတ်ချရမှုရှိစေလိုသည်ဟု စားသောက်ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အဆိုပါကုမ္ပဏီသည် တစ်နေ့လျှင် လူပေါင်း ၁၂၀၀ ကို ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးရန် ရည်ရွယ်ထားပြီး အလုပ်သမားနှင့် ၎င်းတို့၏မိသားစုဝင်များ စုစုပေါင်း ၁၇၀၀၀ ရှိသည်။ ကိုဗစ် –၁၉ ကြီးကြပ်ရေးဝန်ကြီး ကိုနိုတာရိုကလည်း ကျောင်းနေအရွယ်ကလေးများကို ၎င်းတို့၏ နွေရာသီကျောင်းပိတ်ရက်တွင် ကာကွယ်ဆေးထိုးပေးနိုင်ရန် မျှော်လင့်ထားသည်ဟု ပြောသည်။

အင်န်အိတ်ချ်ကေ



တိုကျိုမြို့တွင် သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။

# အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေး ဆက်လက်ရှင်သန်စေရေးအတွက် အီဂျစ် တောင်းဆို

**ကိုင်ရို ဇွန် ၂၁**

ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဆက်လက်ရှင်သန်ရန် ချက်ချင်းလိုအပ်သည်ဟုဇွန် ၂၀ ရက်တွင် အီဂျစ်နိုင်ငံခြားရေး ဝန်ကြီး ဆမက်ရှုရှိခရီက ပြောသည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆိုင်ရာ ဥရောပသမဂ္ဂ အထူးကိုယ်စားလှယ် ဆဗန်ခုပ်မန်းနှင့် အီဂျစ်နိုင်ငံခြားရေး ဝန်ကြီးတို့ ကိုင်ရိုမြို့တွင် တွေ့ဆုံစဉ်အတွင်း ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။



အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆမက်ရှု ရှိုခရီ နှင့်အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆိုင်ရာ ဥရောပသမဂ္ဂ အထူးကိုယ်စားလှယ် ဆဗန်ခုပ်မန်းတို့ ဇွန်၂၀ ရက်က တွေ့ဆုံကြစဉ်။

၁၉၆၇ခုနှစ် နယ်စပ်သတ်မှတ်ချက်အတိုင်း လွတ်လပ်သော ပါလက်စတိုင်းအဖြစ် တည်ထောင်နိုင်ရေး စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရေး အီဂျစ်ထိပ်တန်းသံတမန်က တောင်းဆိုခဲ့ခြင်းဖြစ်သည်။ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဖြစ်စဉ် ဆက်လက် ရှေ့ဆက်နိုင်ရေးအတွက် ဥရောပသမဂ္ဂနှင့်အတူ ဆွေးနွေးရာတွင် အီဂျစ်နိုင်ငံလည်း ပူးပေါင်းပါဝင်ရန် စိတ်အားထက်သန်လျက်ရှိသည်ဟု ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသ ပြန်လည်ထူထောင်ရေးနှင့် အစ္စရေး–ပါလက်စတိုင်း ငြိမ်းချမ်းရေး ဆက်လက် တည်တံ့ရေးအတွက် အီဂျစ်နိုင်ငံက ဆက်လက် အားထုတ်သွားမည်ဟု လည်း နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ဥရောပသမဂ္ဂ အထူးကိုယ်စားလှယ်ကလည်း ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ရှေ့ဆက် အားထုတ်ရာတွင် အီဂျစ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုနှင့် အတူလက်တွဲ လုပ်ဆောင်သွားလိုသည်ဟု ပြောကြားခဲ့သည်။

ဆင်ဟွာ

# ပြန်ပေးဆွဲခံရသည့် ကျောင်းသား လေးဦးကို နိုင်ဂျီးရီးယားတပ်ဖွဲ့မှ ကယ်တင်

**လာဂို့စ် ဇွန် ၂၁**

ပြီးခဲ့သည့်သီတင်းပတ်အတွင်း နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ခက်ဘီပြည်နယ်တွင် အလယ်တန်းကျောင်းတစ်ကျောင်းကို သေနတ်သမားများ ဝင်ရောက်စီးနင်းခဲ့ပြီး ကျောင်းသားများကို ပြန်ပေးဆွဲခဲ့ကာ ၎င်းတို့ထဲမှ ကျောင်းသားလေးဦးကို နိုင်ဂျီးရီးယားတပ်ဖွဲ့က ကယ်တင်နိုင်ခဲ့သည်ဟု ဇွန် ၂၀ ရက်တွင် နိုင်ဂျီးရီးယားတပ်ဖွဲ့က ပြောသည်။

မာကူကူဒေသတွင် ရှာဖွေကယ်ဆယ်ရေးပြုလုပ်စဉ်အတွင်း သေနတ်သမားတစ်ဦးကို အသေပစ်ခတ်နိုင်ခဲ့ပြီး ပြန်ပေးဆွဲခံရသူများကိုကယ်တင်နိုင်ခဲ့သည်ဟု နိုင်ဂျီးရီးယားတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အွန်ရီမာ နဝါချူကူက ပြောသည်။

ဇွန် ၁၉ ရက်အတွင်း ကျောင်းဆရာတစ်ဦးနှင့်ကျောင်းသားသုံးဦးကို ကယ်တင်နိုင်ခဲ့သည်ဟု ၎င်းက ပြော သည်။ ပြန်ပေးဆွဲခံရသူ ၁၁ ဦးကို နိုင်ဂျီးရီးယားတပ်ဖွဲ့မှ ကယ်တင်နိုင်ခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းတွင် မကြာခဏဆိုသလို ပစ်ခတ်မှုများဖြစ်ပွားလေ့ရှိပြီး ကျောင်းများကိုပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းနှင့် ကျောင်းသားများ ပြန်ပေးဆွဲခံရမှုလည်း မကြာခဏ ဖြစ်ပွားလေ့ရှိသည်။

ဆင်ဟွာ

# ကနေဒါနိုင်ငံတွင် ပစ်ခတ်မှုကြောင့် လူလေးဦးဒဏ်ရာရ

**တိုရွန်တို ဇွန် ၂၁**

ကနေဒါနိုင်ငံတွင် ဇွန် ၁၉ ရက်က ပြုလုပ်သည့် မွေးနေ့ပါတီပွဲအတွင်း ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ ကလေးသုံးဦးနှင့် အရွယ်ရောက်ပြီးသူတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

တိုရွန်တိုမြို့တွင် အခင်းဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အသက်တစ်နှစ်အရွယ် ကလေးအတွက် မွေးနေ့ပွဲ ကျင်းပပေးနေစဉ် ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများထဲတွင် အသက်ငါးနှစ် အရွယ်ကလေးနှင့် ၁၁ နှစ်အရွယ်ကလေးတို့ပါဝင်သည်ဟု အရေးပေါ်လုပ်သား၏ ပြောကြားချက်ကို ဒေသတွင်းမီဒီယာများ တွင်ဖော်ပြကြသည်။

ဒဏ်ရာ ရရှိသူများထဲမှ ကလေးတစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိသည်။ နောက်တစ်ဦးမှာလည်း ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့သည်ဟု သိရသည်။ ၂၃ နှစ်အရွယ် အမျိုးသား တစ်ဦးလည်း ဒဏ်ရာရခဲ့သည်။

အဆိုပါတိုက်ခိုက်မှုမှာ မဆင်မခြင်ပြုလုပ်သည့် အခင်းဖြစ်ပွားမှုဖြစ်ပြီး ကလေးများကို ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်း မဟုတ်ဟုရဲများက ပြောသည်။

ကနေဒါနိုင်ငံသည် လက်နက်ထိန်းချုပ်မှုနှင့် ပတ်သက်၍ တင်းကျပ်သည့် နိုင်ငံလည်းဖြစ်သည်။ ဒေသတွင်း မီဒီယာများက အဆိုပါသတင်းနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သတင်းယူလျက်ရှိသည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ




ပစ်ခတ်မှုဖြစ်ပွားရာနေရာတွင် စုံစမ်းစစ်ဆေးမှုပြုလုပ်နေကြသည့်ရဲများကို တွေ့ရစဉ်။

# အရှေ့တောင်အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ အတည်ပြုလူနာ နှစ်သန်းကျော်ရှိ

ဂျကာတာ ဇွန် ၂၁

**လွန်ခဲ့သည့်နှစ် မတ်လက ပထမဆုံး ကိုဗစ်-၁၉ တွေ့ရှိခဲ့ချိန်မှစကာ ယခုအချိန်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း နှစ်သန်းကျော်လွန်ခဲ့သည်။**

လွန်ခဲ့သော ၂၄ နာရီက နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၄၅၃၆ ဦးတိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၂၀၀၄၄၄၅ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် လူပေါင်း ၅၅၀၀၀ နီးပါးသေဆုံးခဲ့ပြီး လူဦးရေ ၁ ဒသမ ၈ သန်းကျော် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပြန်လည်ကောင်းမွန်လာခဲ့ကာ ဆေးရုံမှ ဆင်းလာနိုင်ခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်သည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် နိုင်ငံ၏ ပြည်နယ်ပေါင်း ၃၄ ပြည်နယ်သို့ ကူးစက်ပျံ့နှံ့လျက်ရှိပြီး မြို့တော်ဂျကာတာနှင့် အရှေ့ဂျာဗားပြည်နယ်များသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုတွင် အမြင့်ဆုံးဖြစ်သည်။


လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက်သည် တိုးလာခဲ့သည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံတွင် တွေ့ရှိခဲ့သည့် ဒယ်လ်တာကိုဗစ်-၁၉ အသွင်ပြောင်းမျိုးစိတ်ကြောင့် အခုလို ကူးစက်ဖြစ်ပွားမှု တိုးလာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် စတုတ္ထမြောက်လူဦးရေအများဆုံးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီလလယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု စတင်ခဲ့သည်။ **ဆင်ဟွာ**



ရောဂါလက္ခဏာမပြသည့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများကို လူနာတင်ယာဉ်ဖြင့် ဆေးရုံသို့ ရွှေ့ပြောင်းရန် ဆေးဘက်ဆိုင်ရာ အလုပ်သမားများ ပြင်ဆင်နေစဉ်။

# မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ခုနစ်သိန်းကျော်ရှိပြီး ၆၉ ဦး ထပ်မံသေဆုံး




ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခံပြီးနောက် နာရီဝက်ခန့် အခြေအနေစောင့်ကြည့်နေသူများကို တွေ့ရစဉ်။

**ကွာလာလမ်ပူ ဇွန် ၂၁**

မလေးရှားနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၆၁၁ ဦးရှိကြောင်း သတင်းဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၇၀၁၀၁၉ ဦးရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဖော်ပြသည်။

နောက်ထပ် ကိုဗစ်-၁၉ ကြောင့် ၆၉ ဦးသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၄၇၇ ဦးရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ နော်ဟီရှန် အဗ္ဗဒူလာက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများကို မကြာခဏတွေ့ရှိမှုများနှင့် ရောဂါလက္ခဏာ မပြသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများကို ကလန်တောင်ကြားဒေသတွင်တွေ့ရှိခဲ့ပြီး အဆိုပါတောင်ကြားဒေသ၌ ကွာလာလမ်ပူမြို့နှင့် ဆီလန်ဂေါပြည်နယ်များ ပါဝင်သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအထိကြာမည့် မလေးရှားနိုင်ငံ၏ ကာကွယ်ဆေးထိုးခြင်း အစီအစဉ်ကို အဆင့်သုံးဆင့်ဖြင့်လုပ်ကိုင်သွားမည်ဖြစ်ကာ ပထမဆုံးအဆင့်တွင် လူဦးရေသန်း ထက်ဝက်ခန့်ရှိ ရှေ့တန်း ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ အသက်အန္တရာယ်စိုးရိမ်ရသူများသည် ဒုတိယအဆင့်တွင် ပါဝင်ကာ တတိယအဆင့်တွင် အသက် ၁၈ နှင့် အထက် အသက် အရွယ်ရှိသူများ ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၂၇၂ ဦးထပ်တိုး

**ဟန္နိုင်း ဇွန် ၂၁**

ဗီယက်နမ်နိုင်ငံတွင် ဇွန် ၂၁ ရက်က ကိုဗစ်-၁၉ အတည်ပြုလူနာ ၂၇၂ ဦးတိုးလာခဲ့သည်။ ၎င်းတို့အနက် ၂၆၇ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကာ ငါးဦးမှာ ပြည်ပကူးစက်မှုဖြစ်သည်။ ထပ်မံတိုးလာသော ကိုဗစ်-၁၉ လူနာအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ လူနာ ၁၃၄၈၃ ဦးရှိလာခဲ့သည်။

ဗီယက်နမ် ကျန်းမာရေးဝန်ကြီးက အစုလိုက်ကူးစက်မှုများအနက် ၁၆၆ ခုကို ဟိုချီမင်းမြို့တောင်ပိုင်း၌လည်းကောင်း၊ ၅၁ ခုကို ဘတ်ဂင်ပြည်နယ်မြောက်ပိုင်း၌လည်းကောင်း၊ ၂၁ ခုကို ဘင်ဒန်းပြည်နယ်တောင်ပိုင်း၌ လည်းကောင်း တွေ့ရှိခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

၎င်းတို့ထဲမှ အများစုမှာ ယခင်ကိုဗစ်-၁၉ လူနာသို့မဟုတ် အစုလိုက်ကူးစက်မှု ဖြစ်စဉ်များနှင့် ထိတွေ့ဆက်နွယ်မှုရှိသူများဖြစ်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၆၉ ဦးသေဆုံးခဲ့ပြီဖြစ်သည်။ **ဆင်ဟွာ**

## ထိုင်းနိုင်ငံတွင် ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဦးစားပေးအုပ်စုအလိုက် ခွဲတမ်းချ

**ဘန်ကောက် ဇွန် ၂၁**

ထိုင်းနိုင်ငံ ချူလာဘွန်တော်ဝင်အကယ်ဒမီက ပထမဆုံးရောက်ရှိလာသော ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးစားပေးအုပ်စုအလိုက် ခွဲတမ်းချပေးခဲ့ကြောင်း အကယ်ဒမီအတွင်းရေးမှူးချုပ် နီသီမဟာနွန်ဒါက ဇွန် ၂၁ ရက်က ပြောကြားလိုက်သည်။

ထိုင်းနိုင်ငံသို့ ဇွန် ၂၀ ရက်က ရောက်ရှိလာသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဆေးဘက်ဆိုင်ရာ၊ ပညာရေးနှင့် တခြားစေတနာရှင်အဖွဲ့များသို့ ခွဲဝေချပေးခဲ့သည်။

ထိုင်းနိုင်ငံတွင် လူဦးရေ ၄ ဒသမ ၈၇ သန်းကျော်ကို ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် အဖွဲ့အစည်းနှင့်ကုမ္ပဏီပေါင်း ၁၇၀၇၀ က မှတ်ပုံတင်ခဲ့ကြသည်။ **ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၇၈ ဦး ထပ်တိုးလာ

**ဒါကာ ဇွန် ၂၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇွန် ၂၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၆၃၆ ဦးနှင့် သေဆုံးသူ ၇၈ ဦး တိုးလာခဲ့သောကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၅၆၃၀၄ ဦးနှင့် သေဆုံးသူ ၁၃၆၂၆ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ဆောင်မှုညွှန်ကြားရေးမှူးချုပ်ရုံးက သတင်းထုတ်ပြန်လိုက်သည်။

လွန်ခဲ့သော ၂၄ နာရီက ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း နမူနာပေါင်း ၂၄၀၅၇ ခုကို စမ်းသပ်ခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၇၈၅၄၈၂ ဦးအထိ ရောက်ရှိလာခဲ့သည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာရှိ မက်ဒါဆေးဘက်ဆိုင်ရာ ကောလိပ်နှင့် ဆေးရုံ၌ ကိုဗစ်-၁၉ စမ်းသပ်မှုမပြုခင် သက်ဆိုင်သူများက ဆရာဝန်နှင့်တိုင်ပင်နေသည်ကို တွေ့ရစဉ်။

တရားဝင် သတင်းအချက်အလက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ သေဆုံးနှုန်းသည် ၁ ဒသမ ၅၉ ရာခိုင်နှုန်းရှိပြီး လတ်တလောတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာနှုန်း ၉၁ ဒသမ ၇၃ ရာခိုင်နှုန်းရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဧပြီ ၇ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ခဲ့ကာ ၇၆၂၆ ဦးအထိ ကူးစက်ပျံ့နှံ့ခဲ့သည်။ ထို့အတူ ဧပြီ ၁၉ ရက်က သေဆုံးသူ ၁၁၂ ဦးရှိပြီး သေဆုံးမှု အမြင့်ဆုံး ဖြစ်ခဲ့သည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံရဲ့ ကိုဗစ်-၁၉ အခြေအနေနဲ့ အိုလံပစ်ဂိမ်းတို့ရဲ့ အားပြိုင်မှု

**လင်းဟန်သစ်**

**ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ဖြစ်ပွားနေတဲ့အချိန်မှာ ပြည်သူတွေရဲ့ လုံခြုံရေးကို ထည့်သွင်းစဉ်းစားရမယ်လို့ ကျန်းမာရေးကျွမ်းကျင်သူတွေက ဆိုထားတဲ့အတွက် အိုလံပစ်အားကစားပွဲစီစဉ်ကျင်းပသူတွေဟာ ပြည်တွင်းပွဲကြည့်ပရိသတ်တွေ ဘယ်လောက်များများ အားကစားကျင်းပရာနေရာတွေကို ဘယ်လို ဝင်ရောက်ခွင့်ပြုမလဲဆိုတာနဲ့ ပတ်သက်ပြီး ဇွန် ၂၁ ရက်နောက်ပိုင်းမှာ ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။**

### အားကစားပြိုင်ပွဲတွေကို ပြန်လည်ပြုလုပ်ဖို့ ကြိုးစား

ပြည်သူတွေရဲ့ စိုးရိမ်ကန့်ကွက်မှုတွေနဲ့ ကိုဗစ်-၁၉ လှိုင်းဂယက် ပြန်လည်ရိုက်ခတ်လာမယ့်အပေါ် စိုးရိမ်ပူပန်မှုများ ရှိနေသည့်တိုင်အောင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် နှောင့်နှေးခဲ့ရတဲ့ ဂျပန်နိုင်ငံဟာ ဒေါ်လာဘီလီယံပေါင်းများစွာတန်တဲ့ အားကစားပွဲတွေကို ပြန်လည်ပြုလုပ်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။

တိုကျို ၂၀၂၀ ဥက္ကဋ္ဌ ဆီကိုဟာရှီမိုတိုက အဆောက်အအုံတစ်ခုမှာ လူ ၁၀၀၀၀ လောက်ပဲ ခွင့်ပြုချင်တာပါ။ ပင်လယ်ရပ်ခြား တိုင်းပြည်တွေက နိုင်ငံခြားသား ပွဲကြည့်ပရိသတ်တွေကို တိုကျိုအားကစားပြိုင်ပွဲတွေကို လာရောက်ကြည့်ရှုဖို့ အရင်ကတည်းက တားမြစ်ထားပါတယ်။

### ပရိသတ်အင်အားကို ကန့်သတ်

အိုလံပစ်အားကစားပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူတွေကတော့ အိုလံပစ်အားကစားပြိုင်ပွဲဖွင့်ပွဲနေ့မှာ ပရိသတ် ၂၀၀၀၀ လောက်ခွင့်ပြုဖို့ ဆုံးဖြတ်ထားကြပါတယ်။ ခန့်မှန်းထားတဲ့ လူအရေအတွက်ထက် ပိုခဲ့မယ်ဆိုရင်တော့ သူတို့အနေနဲ့ ကွင်းထဲဝင်ခွင့်ရမှာမဟုတ်ဘဲ အပြင်ကပဲ အားပေးရမှာဖြစ်ပါတယ်လို့ ဒေသမီဒီယာတွေမှာ ဖော်ပြထားပါတယ်။

ပြည်တွင်းပွဲကြည့်ပရိသတ်တွေဘယ်လောက်များများ ဝင်ခွင့်ပြုမယ်ဆိုတဲ့ တိကျတဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ကို ဇွန် ၂၁ ရက်မှာ ကျင်းပခဲ့တဲ့ တိုကျို ၂၀၂၀ စီစဉ်ကျင်းပသူများ၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းကော်မတီ၊ ဂျပန်အစိုးရနဲ့ တိုကျိုအာဏာပိုင်တွေရဲ့အစည်းအဝေးမှာ ဆုံးဖြတ်ခဲ့ပါတယ်။

### အားကစားပြိုင်ပွဲကို ကျင်းပဖို့ ဆန့်ကျင်ကန့်ကွက်

ဟာရှီမီတိုနဲ့ တိုကျို ၂၀၂၀ အမှုဆောင်အရာရှိချုပ် တိုရှီရို မူတိုက အဲဒီငါးဖွဲ့ အစည်းအဝေးလုပ်ပြီးတဲ့နောက်မှာ သတင်းစာရှင်းလင်းပွဲကျင်းပသွားမှာဖြစ်ပါတယ်။

ဂျပန်နိုင်ငံရဲ့ ထိပ်တန်းကျန်းမာရေးကျွမ်းကျင်သူတွေက ပွဲကြည့်ပရိသတ်အင်အားကို ကန့်သတ်လိုက်တာဟာ အားကစားပြိုင်ပွဲကျင်းပတဲ့အခါမှာ အန္တရာယ်အနည်းဆုံး ရွေးချယ်မှုတစ်ခုဖြစ်တယ်လို့ ပြောကြားလိုက်ပါတယ်။

ဂျပန်ပြည်သူတွေကတော့ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေတဲ့အတွက် ဒီအားကစားပြိုင်ပွဲကို ဒီနှစ်နွေရာသီမှာ ကျင်းပဖို့ ဆန့်ကျင်ကန့်ကွက်ထားကြပါတယ်။

### ဘေးကင်းလုံခြုံစွာမကျင်းပနိုင်ဘူး

အဆာဟီသတင်းရဲ့ ဇွန် ၁၉ ရက်နဲ့ ၂၀ ရက် စစ်တမ်းတစ်ခုမှာတော့ ၆၅ ရာခိုင်နှုန်းလောက်သော ပါဝင်ဖြေကြားသူတွေက ဒီအားကစားပြိုင်ပွဲကို ရွှေ့ဆိုင်းဖို့ သို့မဟုတ် ဖျက်သိမ်းဖို့ ဆန္ဒရှိနေတယ်လို့ ဖြေဆိုထားကြပါတယ်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲနဲ့ အိုလံပစ်ပွဲစီစဉ်သူတွေက ထောက်ခံပြောနေသော်လည်း ၇၀ ရာခိုင်နှုန်းလောက်သော ပါဝင်ဖြေဆိုသူတွေကတော့ ဒီအားကစားပွဲတော်ကြီးကို ဘေးကင်းလုံခြုံစိတ်ချစွာ ကျင်းပနိုင်မှာ မဟုတ်ဘူးလို့ ဖြေကြားခဲ့ပါတယ်။



တိုကျိုအိုလံပစ် အားကစားရုံသစ်ကြီးကို တွေ့ရစဉ်။

### အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်တွေကို ဆက်လက်ပြဋ္ဌာန်းမယ်

ဂျပန်ဝန်ကြီးချုပ် ဆူဂါက ကိုဗစ်-၁၉ ကူးစက်မှုတိုးလာခဲ့တဲ့ တိုကျိုနဲ့ တခြားခရိုင်ရှစ်ခုမှာ ကိုရိုနာဗိုင်းရပ်စ်အရေးပေါ်အခြေအနေကြေညာချက်ကို ဖယ်ရှားဖို့ လွန်ခဲ့တဲ့ သီတင်းပတ်က ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

သို့သော်လည်း အစိုးရကတော့ တိုကျိုအပါအဝင် တချို့ခရိုင်တွေမှာတော့ တစ်စိတ်တစ်ပိုင်းအရေးပေါ်အခြေအနေပြဋ္ဌာန်းချက်တွေကို ဆက်လက်ပြဋ္ဌာန်းသွားဦးမှာ ဖြစ်ပါတယ်။ အဲဒီပြဋ္ဌာန်းချက်ကတော့ ဇူလိုင် ၁၁ ရက်အထိ ကြာမြင့်မှာဖြစ်ပါတယ်။

### စိတ်မကောင်းစရာဖြစ်ရပ်

ဂျပန်နိုင်ငံရဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ တခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ နည်းတယ်လို့ ပြောရမှာပါ။ ကမ္ဘာမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှုအများဆုံးနိုင်ငံကတော့ အမေရိကန်ပြည်ထောင်စုဖြစ်ပါတယ်။ ဒုတိယကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံကတော့ အိန္ဒိယနိုင်ငံဖြစ်ပါတယ်။ ကိုဗစ်-၁၉ ဖြင့် သေဆုံးမှုမှာတော့ ဘရာဇီးနိုင်ငံက ဒုတိယအများဆုံးလို့ ပြောရမှာဖြစ်ပါတယ်။ မကြာသေးမီကမှ အိန္ဒိယမှာ ထပ်မံဖြစ်ပွားလာတဲ့ ကိုဗစ်ကြောင့် ကမ္ဘာကို မျက်ဖြူဆိုက်စေခဲ့ပါတယ်။ ဒါကြောင့်မို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသာမက တခြားကမ္ဘာ့နိုင်ငံတွေ အဖွဲ့အစည်းတွေက အိန္ဒိယကို ကူညီထောက်ပံ့နေကြပါတယ်။

ဂျပန်နိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းဟာ ၁၄၀၀၀ ထက် ကျော်လွန်ခဲ့ပါပြီ။ ဒါဟာ တခြားကမ္ဘာ့ကူးစက်ဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ ဘာမှမဟုတ်သလို ထင်ရပေမယ့် နိုင်ငံအတွင်းမှာတော့ တကယ့်ကို စိတ်မကောင်းစရာဖြစ်ရပ်တစ်ခုဖြစ်ပါတယ်။

### အရင်းအမြစ်ဖြစ်နိုင်

ဒါကြောင့် ဂျပန်အစိုးရဟာ ဒီအခြေအနေကို အကောင်းဆုံးကျော်လွှားချင်တာကြောင့် နိုင်ငံတွင်းမှာ ကိုဗစ်-၁၉ ကာကွယ်ရေးတွေ၊ ထိန်းချုပ်ရေးတွေ၊ တားဆီးနှိမ်နင်းရေးတွေကို အပူတပြင်းလုပ်ဆောင်နေတာဖြစ်ပါတယ်။ မလုပ်ဆောင်ဘဲ နေနိုင်ရိုးလား။ ဒီ ကိုဗစ်-၁၉ ကပ်ဆိုးကြီးဟာ တစ်မျိုးလုံး ပြုတ်ပြုတ်ပြုန်းမယ့်အရေးပဲလေ။ ဒီအရေးကိုတော့ ဘယ်သူ၊ ဘယ်အစိုးရမင်းတွေကမှ အဖြစ်ခံနိုင်မယ် မထင်ပါဘူး။ ဒီအခြေအနေမှာ ဂျပန်နိုင်ငံသာမက တခြားနိုင်ငံတွေလည်း ဒီလိုမျိုးပဲ၊ တစ်ခါတစ်ရံမှာ ဒီထက်ပိုပြီးတော့ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးတွေကို လုပ်ဆောင်မှာဖြစ်ပါတယ်။

ဂျပန်နိုင်ငံရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိဖြန့်ဝေမှုအပိုင်းမှာ အတော်လေးနှေးပါတယ်။ ဒါကြောင့် တချို့ဒေသတွေမှာ လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်ဖို့ အနိုင်နိုင်ကြိုးစားနေရတဲ့ကြားက အသွင်ပြောင်းကိုဗစ်-၁၉ မျိုးစိတ်သစ်ရဲ့ ထပ်မံနှိပ်စက်ကလူပြုခြင်းကို လည်စင်းပြီးခံနေရပါတယ်။ ဒါဟာလည်း ကိုဗစ်-၁၉ လျင်မြန်စွာ ကူးစက်ပျံ့နှံ့စေတဲ့အကြောင်းရင်းတစ်ခုဖြစ်သလို ကိုဗစ်-၁၉ လှိုင်းဂယက်ကို ထပ်မံဖြစ်ပွားစေနိုင်တဲ့ အရင်းအမြစ်လည်း ဖြစ်နိုင်ပါတယ်။

### ကာကွယ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့်ထိုးပေးနေကြပြီ

အခုတော့ ဂျပန်နိုင်ငံမှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို ထိန်းချုပ်ကာကွယ်သွားဖို့ တက္ကသိုလ်တွေ၊ အလုပ်တွေမှာလည်း ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကို ထိုးပေးနေကြပြီဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ဂျပန်နိုင်ငံမှာ အရင်ကလောက် မဆိုးတော့ဘူးလို့ ပြောရမလိုဖြစ်သော်လည်း ဒီထက်ပိုပြီး ပေါ့ဆလို့မရဘူးဆိုတာကိုတော့ သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ သိထားကြပါတယ်။

ဒါကြောင့်လည်း ကိုဗစ်-၁၉ ဖြစ်ပွားနေတဲ့ တိုင်းပြည်ရဲ့ ရှုပ်ထွေးနေတဲ့ ကပ်ရောဂါအခြေအနေမှာ အိုလံပစ်ပြိုင်ပွဲကြီးကို ကျင်းပနိုင်ရေး ဘက်ပေါင်းစုံက ပြင်ဆင်ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ပွဲကြည့်သူတွေ ကန့်သတ်တာကလည်း ဒီလိုအခြေအနေမှာ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုကို အကောင်းဆုံးကာကွယ်မှုတစ်ခုဖြစ်သလို နိုင်ငံအနှံ့ ကာကွယ်ဆေးထိုးလှုပ်ရှားမှုတွေကလည်း မကြာမီမှာ ကိုဗစ်-၁၉ ကပ်ရောဂါကို အဆုံးသတ်နိုင်မယ့် ဆောင်ရွက်မှုတွေပဲဖြစ်ပါတယ်။

**ကိုးကား - အေအက်ဖ်ပီ၊ စီအင်န်အေ**

**ဂျပန်နိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းဟာ ၁၄၀၀၀ ထက် ကျော်လွန်ခဲ့ပါပြီ။ ဒါဟာ တခြားကမ္ဘာ့ကူးစက်ဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ ဘာမှမဟုတ်သလို ထင်ရပေမယ့် နိုင်ငံအတွင်းမှာတော့ တကယ့်ကို စိတ်မကောင်းစရာဖြစ်ရပ်တစ်ခုဖြစ်**

# COVID – 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၅၉၅ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ သုံးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၃,၂၆၅ ဦးရှိ

### (၂၁–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၀–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၉၆၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၅၉၅)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၇၉,၆၆၆) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၈,၆၁၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၄၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၃,၇၅၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၆၅) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၁–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၇၀) ခု | (၄၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ | (၃၄) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၇၄) ခု | (၂၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅) ခု | – |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၇၃) ခု | (၁) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၈၃) ခု | (၂၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၈၈) ခု | (၂၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၁၀) ခု | (၁၀၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၄၇၇) ခု | (၃၆၉) ဦး |
| စုစုပေါင်း | (၄,၉၆၄) ခု | (၅၉၅) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့်သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင် ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၂၁-၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၄၀၆၀၁၉ | ၂၈၇၁၁၃၁၅ | ၆၁၇၁၆၆ |
| ၂။ | အိန္ဒိယ | ၂၉၉၃၅၂၂၁ | ၂၈၈၄၄၁၉၉ | ၃၈၈၁၆၄ |
| ၃။ | ဘရာဇီး | ၁၇၉၂၇၉၂၈ | ၁၆၂၂၀၂၃၈ | ၅၀၁၉၁၈ |
| ၄။ | ပြင်သစ် | ၅၇၅၇၃၁၁ | ၅၅၅၆၅၈၆ | ၁၁၀၇၃၈ |
| ၅။ | တူရကီ | ၅၃၇၀၂၉၉ | ၅၂၃၂၆၃၈ | ၄၉၁၈၅ |
| ၆။ | ရုရှား | ၅၃၃၄၂၀၄ | ၄၈၇၈၃၃၃ | ၁၂၉၈၀၁ |
| ၇။ | ဗြိတိန် | ၄၆၃၀၀၄၀ | ၄၃၀၁၉၈၅ | ၁၂၇၉၇၆ |
| ၈။ | အာဂျင်တီးနား | ၄၂၆၈၇၈၉ | ၃၈၉၀၂၁၃ | ၈၉၀၄၃ |
| ၉။ | အီတလီ | ၄၂၅၂၉၇၆ | ၄၀၃၇၉၉၆ | ၁၂၇၂၇၀ |
| ၁၀။ | ကိုလံဘီယာ | ၃၉၄၅၁၆၆ | ၃၆၆၇၁၆၁ | ၉၉၉၃၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၁ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၀၀၄၄၄၅ | ၁၈၀၁၇၆၁ | ၅၄၉၅၆ |
| ဖိလစ်ပိုင် | ၁၃၆၄၂၃၉ | ၁၂၈၄၆၄၃ | ၂၃၇၄၉ |
| မလေးရှား | ၇၀၁၀၁၉ | ၆၃၃၆၂၄ | ၄၄၇၇ |
| ထိုင်း | ၂၂၁၃၀၆ | ၁၈၅၇၈၉ | ၁၆၅၈ |
| မြန်မာ | ၁၄၈၆၁၇ | ၁၃၃၇၅၃ | ၃၂၆၅ |
| စင်ကာပူ | ၆၂၄၃၀ | ၆၂၀၄၂ | ၃၄ |
| ကမ္ဘောဒီးယား | ၄၃၄၄၆ | ၃၈၀၀၃ | ၄၄၁ |
| ဗီယက်နမ် | ၁၃၄၈၃ | ၅၄၅၃ | ၆၇ |
| လာအို | ၂၀၅၄ | ၁၉၄၈ | ၃ |
| ဘရူနိုင်း | ၂၅၅ | ၂၄၄ | ၃ |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၂၁

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ စစ်တွေမြို့နယ်တွင် ၄ ဒသမ ၂၅ လက်မ၊ အမ်းမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၃၀ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၀၈ လက်မ၊ ရွှေဂွန်း(လှိုင်းဘွဲ့မြို့နယ်)တွင် ၁ ဒသမ ၉၀ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၇၈ လက်မ၊ လပွတ္တာမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ သိမ်ဇရပ်မြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၃၇ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံမြို့နယ်)တွင် ၁ ဒသမ ၃၀ လက်မနှင့် မတူပီမြို့နှင့် တောင်ကုတ်မြို့တို့တွင် ၁ ဒသမ ၂၆ လက်မစီတို့ ဖြစ်ကြသည်။

မိုး/ဇလ

## ဒုတိယဝန်ကြီး ဦးမင်းထိန် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အရိုးရောဂါအထူးကု ဆေးရုံကြီးတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန အဆောက်အဦ အထူးအဖွဲ့(၁)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ဆေးရုံ တိုးချဲ့(၅)ထပ်ဆောင် ဆောက်လုပ်ခြင်း လုပ်ငန်းခွင်ကို လည်းကောင်း၊ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် New World Co., Ltd ၊ Red- Roof Co.,Ltdတို့ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပြည့်စုံကောင်းမွန်သော လူနေအိမ်၊ ရုံးခန်းနှင့် ဈေးဆိုင်ခန်းများ ပါဝင်သည့် စီမံကိန်းနေရာကို လည်းကောင်း၊ မင်္ဂလာဒုံ စက်မှုဇုန်အတွင်းရှိ စက်ရုံများ လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးတို့သည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) တွင် ဆောင်ရွက်နေသည့် ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေး စီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မက်(စ်)ဟိုင်းဝေးကုမ္ပဏီ လီမိတက်မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်-ပဲခူးလမ်းပိုင်းကို လည်းကောင်း၊ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ လမ်းလုပ်ငန်းဆောင်ရွက်နေသည့် ပဲခူးမြို့ရှောင်လမ်းကို လည်းကောင်း၊ Oriental High-way Company Limited မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရေတာရှည်-ပျဉ်းမနား- ရမည်းသင်းလမ်းပိုင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ တင်ပြမှုအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင် ဦးဆောင်သော အဖွဲ့သည် ဇွန် ၃ ရက်တွင် မင်းကုန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကို လည်းကောင်း၊ ဇွန် ၁၁ ရက်တွင် ရွှေမြဲယာနှင့် လေ့လော့်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများကိုလည်းကောင်း၊ ဇွန် ၂၁ ရက်တွင် တောကြီးတန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသားများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော ထောင်ဝင်စာ တွေ့ဆုံရာတွင် အခက်အခဲ ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင် စခန်းများအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိနှင့် နေထိုင်စားသောက်မှုများကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် တစ်ဦးချင်း တွေ့ဆုံလိုသူ အကျဉ်းသားများနှင့် တွေ့ဆုံကာ ၎င်းတို့၏ တင်ပြချက်များကို မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးပေးခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာစတို၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ လတ်တလောဖြစ်ပွားလျက်ရှိသော ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ပြည်သူများသိစေရန် အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝင်ရောက်လာမည့် ကုန်တင်ယာဉ်များနှင့် ခရီးသည်ယာဉ်များ သိရှိလိုက်နာဆောင်ရွက်ရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ ခရီးသွားပြည်သူများ လာရောက်ပါက အများပြည်သူအကျိုးကို ရှေးရှု၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကိုယ်အပူချိန်တိုင်းတာခြင်းလုပ်ငန်း လမ်းညွှန်အတိုင်း ဆောင်ရွက်ပြီး အပူချိန်မြင့်တက်ပါက လည်းကောင်း၊ သံသယလက္ခဏာများ တွေ့ရှိရပါကလည်းကောင်း၊ လက်ချောင်းထိပ်တွင် Pulse Oximeters ဖြင့် သွေးတွင်းအောက်ဆီဂျင် (Sp 02) တိုင်းတာခြင်းအား ဆောင်ရွက်ပြီး Sp 02 (၉၂%) အောက်ရှိသော ခရီးသွားများအား ခေတ္တနားနေစေ၍ ပြန်လည်တိုင်းတာရန်နှင့် ပြန်လည်တိုင်းတာရာတွင် သွေးတွင်းအောက်ဆီဂျင် (၉၂%) နှင့် အောက်ရှိပါက လည်းကောင်း၊ RDT ဖြင့် စစ်ဆေးဆောင်ရွက်မည်ဖြစ်ပြီး ဆေးစစ်ကုန်ကျစရိတ် သတ်မှတ်နှုန်းထားကို ကာယကံရှင်မှ ပေးဆောင်ရပါမည်။

(ခ) အထက်ပါကျန်းမာရေးစစ်ဆေးခြင်းအား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့အဝင်/ အထွက် ဂိတ်များတွင် စစ်ဆေးသွားမည်ဖြစ်ပါသည်။

(ဂ) ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လာသော ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များဖြင့် လိုက်ပါလာသော ခရီးသွားပြည်သူများ၏ အမည်၊ နေရပ်လိပ်စာ၊ ခရီးသွားရာဇဝင်နှင့် တယ်လီဖုန်းနံပါတ်များအား မှတ်တမ်းရေးသွင်းရေးဆောင်ရွက်ပါမည်။

(ဃ) Stay at home သတ်မှတ်ထားသော မြို့နယ်များမှ ဝင်ရောက်လာသူများအား (၁၀)ရက် အသွားအလာ ကန့်သတ်ထားရှိပြီး (၃)ရက်မြောက်နေ့တွင် RDT Test kit ဖြင့် ပထမအကြိမ်၊ (၇) ရက်မြောက်နေ့တွင် RT-PCR ဖြင့်ဒုတိယအကြိမ်၊ စုစုပေါင်း(၂)ကြိမ် စစ်ဆေးပါမည်။

(င) ခရီးသည်များ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)များ စနစ်တကျတပ်ဆင်နိုင်ရေး ပညာပေးကြီးကြပ် ကြပ်မတ်ဆောင်ရွက်သွားပါမည်။

(စ) စစ်ဆေးရေးဂိတ်များတွင် Covid-19 Positive လူနာများ တွေ့ရှိပါက လှည်းကူးဆေးရုံနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကုသရေးစင်တာများသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေပါမည်။

(ဆ) Covid- 19 ရောဂါပိုးတွေ့ရှိသူနှင့် ထိတွေ့ခဲ့သော Contact Person များကို လှည်းကူးဆေးရုံ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကုသရေးစင်တာနှင့် အခြားသက်ဆိုင် သည့်မြို့နယ်များရှိ Community Based Facility Quarantine Center များသို့ ပို့ဆောင်၍သွားလာမှု ကန့်သတ်ဆောင်ရွက်ပါမည်။

(ဇ) စည်းကမ်းဖောက်ဖျက်သော ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်နှင့် ခရီးသည်တင်ယာဉ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ နောက်တစ်ကြိမ် လာရောက်ခွင့်ပိတ်ပင် ဆောင်ရွက်ပါမည်။

(ဈ) ရန်ကုန်တိုင်းဒေသကြီးအတွင်း Covid- 19 ရောဂါကူးစက်ပျံ့နှံ့မှုကိုကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများ အကျိုးကိုရှေးရှု၍ ပြည်သူများအကြားတွင် ရောဂါကူးစက်မှုအဆင့်ဆင့် ဆက်လက်မဖြစ်ပေါ်စေရေးအတွက် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရန်နှင့် လိုက်နာမှု မရှိပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Covid-19 ရောဂါ ပြန့်ပွားမှု ထိန်းချုပ်ခြင်းလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် မှတ်ယူပြီး လမ်းညွှန်ချက်များ၊ တားမြစ်ကန့်သတ်ချက်များကို ဤအသိပေးကြေညာချက် ထုတ်ပြန်သည့်နေ့မှစ၍ လိုက်နာဆောင်ရွက်ပေးသွားရန် အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**Coronavirus Disease 2019 (Covid-19)**
**ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

ရက်စွဲ၊ ၂၀၂၁ခုနှစ်၊ ဇွန်လ ရက်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့ရှိ “1 STOP SUPER MARKET” ဆိုင်သုံးဆိုင်ကို အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျောက်တံတားမြို့နယ်များတွင် ဖွင့်လှစ်ထားရှိသော “1 STOP SUPER MARKET” ဆိုင်များကို အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မီးလောင်ဆုံးရှုံး**

ထိုသို့ဖျက်ဆီးခဲ့ရာတွင် ဇွန် ၂၀ ရက် နံနက် ၃ နာရီခွဲတွင် ဗဟန်းမြို့နယ် ဗိုလ်ချို (၂) ရပ်ကွက် ဖိုးစိန်လမ်း အမှတ် (၁၉-က)တွင် ဖွင့်လှစ်ထားရှိသော “1 STOP SUPER MARKET”၌ မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၅၃ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါဆိုင်၏ မျက်နှာကြက်နှင့် ဆိုင်အတွင်းရှိ စာရေးကိရိယာများ၊ ကလေးအသုံးအဆောင်ပစ္စည်းများ (စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀ သိန်းခန့်) မီးလောင်ဆုံးရှုံးခဲ့သည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆိုင်အတွင်း ဆက်လက်စစ်ဆေးခဲ့ရာ ဆိုင်ခန်းအတွင်းရှိ ကုန်ခြောက်ပစ္စည်းများထားသည့်နေရာတွင် မသင်္ကာဖွယ် အထုပ်တစ်ထုပ် တွေ့ရှိ၍ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ Keypad ဖုန်းနှင့် တွဲလျက် လက်လုပ်မီးလောင်ဗုံးအား တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် ရှင်းလင်းခဲ့ကြောင်း သိရသည်။



မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ “1 STOP SUPER MARKET” ဆိုင်အား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

**ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့**

ထို့အတူ နံနက် ၃ နာရီခွဲတွင်ပင် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် အထက်ပုဇွန်တောင်လမ်း အမှတ် (၅၇၆/၆၁၂)တွင် ဖွင့်လှစ်ထားရှိသည့် “1 STOP SUPER MARKET” ၌လည်းကောင်း၊ နံနက် ၃ နာရီ ၄၅ မိနစ်တွင် ကျောက်တံတားမြို့နယ် အမှတ်(၇)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ၃၉ လမ်းထောင့်၊ အမှတ်(၂၅၉/၂၆၁)တွင် ဖွင့်လှစ်ထားသည့် “1 STOP SUPER MARKET”တွင် လည်းကောင်း မီးလောင်မှုများ ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်မှု ဖြစ်စဉ်များကြောင့် ပရိဘောဂပစ္စည်းအချို့နှင့် လူသုံးကုန်ပစ္စည်းအချို့ မီးလောင်ဆုံးရှုံးခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြို့နယ်အချို့၌ အပြစ်မဲ့ပြည်သူများကို အကြမ်းဖက်သူများက တူမီးသေနတ်၊ ဓားများဖြင့် ချောင်းမြောင်းပစ်ခတ်၊ ထိုးခုတ်တိုက်ခိုက်

**နေပြည်တော် ဇွန် ၂၁**

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့၌ လူမှုကူညီရေးယာဉ်နှင့် ယာဉ်မောင်းများ၊ အေးချမ်းစွာနေထိုင်သော ပြည်သူများကို အကြမ်းဖက်သူများက တူမီးသေနတ်၊ ဓားများဖြင့် ချောင်းမြောင်းပစ်ခတ်၊ ထိုးခုတ်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဇွန် ၁၉ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် သနပ်ကုန်း- ငါးပယ်ကျေးရွာချင်းဆက်လမ်း၌ “ရေစကြိုမြို့နယ် သာဂေါင်းကျေးရွာ စံပြလူမှုကူညီရေးအသင်း” စာတန်းပါယာဉ်တစ်စီးနှင့် အဆိုပါ ယာဉ်အနီးတွင် အမျိုးသားအချို့ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့ သွားရောက်စစ်ဆေးခဲ့ရာ သနပ်ကုန်း- ငါးပယ်ကျေးရွာချင်းဆက်လမ်းပေါ် သနပ်ကုန်းကျေးရွာနှင့် ၁ ဖာလုံခန့်အကွာရှိ သနပ်ကုန်းတံတားအနီး၌ စံပြလူမှုကူညီရေးအသင်းယာဉ်နှင့် ယာဉ်မောင်းထိုင်ခုံတွင် ရေစကြိုမြို့နယ် သာဂေါင်းကျေးရွာနေ လှိုင်လင်းထက် (၃၈ နှစ်)၊ (ဘ)ဦးမိုးဆန်းသည် မျက်လုံးထွက်၊ ဝမ်းဗိုက်ကျည်ထိမှန်ဒဏ်ရာ၊ နောက်ကျော ထိုးသွင်းဒဏ်ရာတို့ဖြင့်လည်းကောင်း၊ ယာဉ်၏အနီး မြေသားလမ်းပေါ်တွင် တစ်ရွာတည်းနေ မျိုးသန့်ထွန်း (၂၃နှစ်) (ဘ) ဦးမြင့်ဝင်းနှင့် ငြိမ်းချမ်းအောင်(၁၈ နှစ်)(ဘ)ဦးသန်းဇော် မင်းတို့နှစ်ဦးမှာ ဦးခေါင်းပေါက်ပြဲ၊ ယာနားထင်၊ ဝမ်းဗိုက်နှင့် ယာလက်မောင်းတို့တွင် သေနတ်ထိမှန်ဒဏ်ရာများ အသီးသီးရရှိ၍ သေဆုံးနေသည်ကို တွေ့ရှိရပြီး အခင်းဖြစ်နေရာအနီးမှ ကျည်ခွံတစ်ခု၊ အခင်းဖြစ်နေရာအနီးရှိ လမ်းပေါ်တွင် ကားဘီးပေါက်စေရန် ပြုလုပ်ထားသည့် ကြက်ခြေခတ်ပုံသဏ္ဌာန် နှစ်လက်မသံဆူးချောင်းကိုးချောင်းတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ရုပ်အလောင်းများကို ကျောက်ရစ်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် အေးချမ်းစွာနေထိုင်သော ပြည်သူများကို အကြမ်းဖက်သူများက ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ်အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ်အခြေခံကာ အကြောင်းမဲ့ ရက်စက်ယုတ်မာစွာ လုပ်ကြံခဲ့မှုများ ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြို့နယ်အချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များထံမှ လက်နက်လုယူရန် ကြိုးစားခဲ့သူ အကြမ်းဖက်သမားများကို ခြောက်လှန့်ပစ်ခတ်ဖမ်းဆီး

နေပြည်တော် ဇွန် ၂၁

**တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များထံမှ လက်နက်လုယူရန် ကြိုးစားခဲ့သူ အကြမ်းဖက်သမားများကို ခြောက်လှန့်ပစ်ခတ် ဖမ်းဆီးခဲ့ရကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဇွန်လ ၂၀ ရက်နေ့ ည ၈ နာရီ ၃၅ မိနစ်အချိန်တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်ရှိ ကျောက်မီးသွေးလမ်းဆုံမီးပွိုင့်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဈေးကြိုမီးပွိုင့်ဘက်မှ ကမ်းနားလမ်းဘက်သို့ အကြမ်းဖက်သူ အမျိုးသားနှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးကို ဝင်တိုက်ကာ အဆိုပါ လုံခြုံရေးတပ်ဖွဲ့ဝင် ကိုင်ဆောင်သော ၃၈ ဗို့သေနတ်အားလုယူ၍ ထွက်ပြေးရန်ပြုလုပ်စဉ် အခြား လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးက ခြောက်လှန့်ပစ်ခတ် ဖမ်းဆီးခဲ့ရာ အဆိုပါအကြမ်းဖက်သူနှစ်ဦး၏ ရင်ဘတ်နှင့် နောက်ကျောတို့ ထိမှန်ဒဏ်ရာများဖြင့် အသေဖမ်းဆီးရမိခဲ့ပြီး ဆိုင်ကယ်ဖြင့် အတိုက်ခံရသော လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးသည် ဒဏ်ရာအနည်းငယ် ရရှိခဲ့သဖြင့် မော်လမြိုင်ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိသည်။

အလားတူ ည ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာ မန္တလေး- မိုးကုတ်သွားကားလမ်း မပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် လုံခြုံရေး ဆောင်ရွက်နေစဉ် မိုးကုတ်ဘက်မှ မန္တလေးဘက်သို့ စဉ့်ကူးမြို့နယ် ပြည်စိုးအောင်ကျေးရွာနေ နိုင်မျိုးအောင် (၂၃ နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ ကျော်မျိုးတို့ စီးနင်းလာသည့် ဆိုင်ကယ်တစ်စီး ရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို မကြားဝံ့ မနာသာ ဆဲဆိုကြိမ်းမောင်း၍ မန္တလေးဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ ည ၁၀ နာရီ ၄၅ မိနစ် အချိန်တွင် အဆိုပါအမျိုးသား နှစ်ဦးမှာ ကျောင်းရှေ့သို့ ထပ်မံရောက်ရှိလာသဖြင့် လိုအပ်သော စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်စဉ် ဆိုင်ကယ်နောက်မှ လိုက်ပါလာသူက ဆိုင်ကယ်ပေါ်မှ ဆင်း၍ အနီးတွင် ရပ်နေသည့် အရာရှိအား ဝင်ရောက်လုံးထွေးကာ ပစ္စတိုသေနတ်အား လုယူရန် ကြိုးစားလာသဖြင့် တပ်ဖွဲ့ဝင် တစ်ဦးက ခြောက်လှန့်ပစ်ခတ်ခဲ့ရာ သေနတ်လုယူသူ ကျော်မျိုးသည် ထိမှန်ဒဏ်ရာရရှိ သေဆုံးခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ နိုင်မျိုးအောင်အား ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ စီးနင်းလာသော ဆိုင်ကယ်အား စစ်ဆေးခဲ့ရာ အဆိုပါ ဆိုင်ကယ်တူးဘောက်အတွင်းမှ SHARK အချိုရည်ဘူးခွံ ဖြင့်ပြုလုပ်ထားသည့် လက်လုပ်ဗုံး နှစ်လုံးနှင့်အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းတို့ကို သိမ်းဆည်းရရှိခဲ့ကြောင်းသိရသည်။



တရားခံ နိုင်မျိုးအောင်

အထက်ပါ ဖြစ်စဉ်များမှ သေဆုံးခဲ့သူများနှင့် ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်း ရေးဖွင့်ဆောင်ရွက်၍ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇွန် ၂၁**

၂၀၂၁–၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာန အောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများအား ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ် သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား ကျောင်းသူများက COVID–19 စည်းမျဉ်း စည်းကမ်းများနှင့်အညီ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။**(ယာပုံ)**

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများ လုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၃)မူလတန်းကျောင်းကို အကြမ်းဖက်သူနှစ်ဦးက မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်းကို အကြမ်းဖက်သူနှစ်ဦးက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၁ ရက် နံနက် ၂နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၁၉)ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်းကို အကြမ်းဖက်သူ အမျိုးသားနှစ်ဦးက မီးရှို့ထွက်ပြေးသွား၍ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ် တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ကျောင်းဝင်းအတွင်းရှိ အလျား ပေ ၃၀၊ အနံ ပေ ၂၀ရှိ စတိုခန်းတစ်လုံးနှင့် စတိုခန်းအတွင်းထားရှိသော စာရွက်စာတမ်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

အထက်ပါဖြစ်စဉ်မှ မီးရှို့ထွက်ပြေးခဲ့သည့် အကြမ်းဖက်သူနှစ်ဦးကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်

**ပြည် ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ဝက်ထီးကန်တိုက်နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ဝက်ထီးကန်)၌ ယနေ့ နံနက်ပိုင်းက မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဆိုင်ရာဆရာဖြစ် သင်တန်း (၁/၂၀၂၁)ဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် အမှတ်(၂) ရဲလေ့ကျင့်ရေး သင်တန်းကျောင်း (ဝက်ထီးကန်) ကျောင်းအုပ်ကြီး ရဲမှူးကြီးစန်းကိုက အမှာစကား ပြောကြားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ အမှတ်(၂) ရဲလေ့ကျင့်ရေး သင်တန်းကျောင်း (ဝက်ထီးကန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်နှင့် အရာထမ်း အမှုထမ်းများ၊ (MANA)မှ တိုင်းအတွင်းရေးမှူး ဦးရဲထွဋ်၊ စိတ်ရောဂါ အထူးကုဆရာဝန်ကြီး (ငြိမ်း) ဒေါက်တာကျော်ဝင်း၊ ဝက်ထီးကန်တိုက်နယ် ဆရာဝန် ဒေါက်တာတင်ဌေးဌေးအိ၊ ဝက်ထီးကန်တိုက်နယ်မှ အုပ်ချုပ်ရေးမှူး၊ မီးသတ်ဦးစီးမှူး၊ တပ်ဖွဲ့ဝင်များနှင့် သင်တန်းသား/ သူများ အပါအဝင် စုစုပေါင်း ၇၀ တက်ရောက်ပြီး ဇွန် ၂၁ ရက်မှ ဇူလိုင် ၂ ရက်အထိ ၁၂ ရက်ကြာ စာတွေ့ လက်တွေ့ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း အဆိုပါ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး စခန်းတာဝန်ခံအရာရှိထံမှ သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများ အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

**နေပြည်တော် ဇွန် ၂၁**

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့၌ အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုများက ၎င်းတို့၏ သဘောဆန္ဒအလျောက် လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများကို အုပ်ချုပ်ရေး တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ လက်လုပ်သေနတ် ၁၈ လက်၊ ဒူးလေး လေးလက်နှင့် အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ချင်းပြည်နယ် မတူပီမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တူမီးသေနတ် ငါးလက်နှင့် နှစ်လုံးပြူးသေနတ် တစ်လက်တို့ကို လည်းကောင်း ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ ပြည်သူလူထုက လာရောက်အပ်နှံသော လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျသိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၆-၂၀၂၂ အင်္ဂါနေ့

### MRTV

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** မြိတ်ဒေသ၏ရေထွက်ကုန် ဂဏန်းပျော့မွေးမြူရေး
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ပြတိုက်ငယ်မှသည် ဆင်တို့၏ဘဝများဆီသို့
**၁၁:၃၅** ပြည်သူ့နီတိ 'ပင်အို'
**၁၃:၀၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာများ (အပိုင်း-၇)
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**ဘောဂဗေဒဘာသာရပ်**'
**၁၆:၃၅** ၂၀၂၀ပြည့်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သော ကျောင်းသား/သူများ အတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်ထား ခြင်းနှင့် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မည့် စနစ်အတွက်ရှင်းလင်းတင်ပြခြင်း
**၁၇:၀၅** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး '**ဗိရိုးပလာကိုအခြေခံထား ပင်းလစ်းတောင်တား**'
**၁၇:၄၅** တစ်ပိုင်တစ်နိုင်စိုက်ခင်းများနှင့် ဘဝရှင်သန်ခြင်း
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** လေ့လာလှည့်ပါနော် မယ်နုအုတ်ကျောင်းတော်
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားငေါ်ဆောင်ရာ**' (အပိုင်း-၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**နတ်ဆိုးမလေးရဲ့ကိုယ်ရံတော်**' (အပိုင်း-၁၀)

### mitv

**07:01** News
**07:27** Parami Taw (Hnin Hnin Htoo)
**07:34** Aesthetic Chinlone
**08:01** ASEAN Women Entrepreneurship: Vietnam
**08:12** Ecotourism: The Famous Zalon Mountain
**08:27** An Aficionado of Alluring Antiques
**09:01** Products of Myanmar - Seashells Products
**09:20** Choral Dance (Duel)
**09:28** Myanmar Masterclass: Artist Hla Phone Aung
**09:41** Moyingyi Wildlife Sanctuary
**10:13** Robe Business in Ta Ma Ta Kaw
**11:01** A Tourist Destination Of Shan State
**11:13** Myanmar's Traditions and Culture: Caves of Myanmar

### MRTV NK

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ခသူးရိုးရာဝတ်စားဆင်ယင်မှု
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
သွားကိုက်ပျောက်စေတဲ့နည်း
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တရင်တိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာအိမ်ကလေး
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
အလှပြာဝေမြောင်းမြမြေ
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
တရင်းတိုင်းရင်းသားတို့ရဲ့ကန်ပေါင်ဟင်းလျာ
**ချင်း(လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
သင်မယ်၊ ရေးမယ် ဇိုချင်းစာ (အပိုင်း-၁၈)
**ချင်း(ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
သူတို့ရဲ့ဒုတိယရင်ခွင်
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်ယဉ်ကျေးမှုပြတိုက်
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ထိန်းသိမ်းစို့လေ ရိုးရာအမွေ (ရထားဆွဲပွဲ)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
မိုးနဲ့ဒေသလွယ်လျှန်းကျောင်းမှ သမိုင်းဝင်နေရာများ
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝါးကြက်သားမီးကင်ပြုလုပ်နည်း

### MRTV Sports

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel**
MRTV Farmers' Channel ကို
နေ့စဉ် နံနက် (၆:၀၀)နာရီမှ
ည (၁၀:၀၀)နာရီထိ၊
**Education Channel**
ကို
စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက် များမှအပ နံနက် (၁၀:၀၀)နာရီမှ
ညနေ(၆:၀၀)နာရီထိ
ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကြေညာချက် (၄/ ၂၀၂၂)ထုတ်ပြန်

**၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၁ ရက်၊ တနင်္လာနေ့**

၁။ ယနေ့အချိန်ကာလသည် မြန်မာနိုင်ငံတော်တွင် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး တို့အတွက် မဏ္ဍိုင်ကြီးလေးရပ်မှ အလေးထားဆောင်ရွက်နေသည့် ကာလ ဖြစ်သည့်အားလျော်စွာ ပြည်သူလူထုအတွင်း ပဋိပက္ခများ ပိုမိုကြီးထွားမှုမရှိစေရန် သတင်းမှားများကို ထုတ်ပြန်ခြင်းမပြုရေး အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ၁၀ - ၆ - ၂၀၂၂ ရက်နေ့တွင် သတင်းထုတ်ပြန် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့သော် ၁၅ - ၆ - ၂၀၂၂ ရက်နေ့က ဖြစ်ပွားခဲ့သော မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ကင်းမကျေးရွာ မီးလောင်မှုဖြစ်စဉ်အား သတင်းထုတ်ပြန်ခဲ့ကြရာတွင် လိုင်စင်ပိတ်သိမ်းခြင်း ခံထားရသည့် ပြည်တွင်းသတင်းမီဒီယာအချို့၊ နိုင်ငံတကာသတင်းဌာနအချို့နှင့် သံရုံးအချို့တို့သည် ဖြစ်စဉ်အမှန်နှင့်ဆန့်ကျင်သော သတင်းမှားများကို ထုတ်လွှင့်ဖော်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။

၃။ တရားဝင်သတင်းဌာနများက ပြည့်စုံသော သတင်းအချက်အလက်များ၊ ရုပ်သံမှတ်တမ်းများဖြင့် ဖော်ပြထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပြည်တွင်း/ ပြည်ပ သတင်းမီဒီယာများနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် နိုင်ငံတကာသတင်းမီဒီယာ ကျင့်ဝတ်များနှင့်လည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာဥပဒေပါ သတင်းသမားများလိုက်နာရမည့် ကျင့်ဝတ်များနှင့်လည်းကောင်း ညီညွတ်မှုမရှိဘဲ ယခုကဲ့သို့ သတင်းမှားကို ထုတ်ပြန်မှုသည် မြန်မာပြည်၏ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်တစ်ရပ်ကို ငြိမ်းချမ်းစွာရွေ့လျားနိုင်ရေး အထောက်အကူပြုမည် မဟုတ်ကြောင်း ထင်ရှားပေါ်လွင်လျက်ရှိပါသည်။

၄။ ထိုကဲ့သို့ သတင်းဌာနအချို့နှင့် သံရုံးအချို့တို့က ရည်ရွယ်ချက်ရှိရှိဖြင့် သတင်းမှားများ ထုတ်ပြန်ခြင်းသည် နိုင်ငံတကာပေါင်းစည်းညီညွတ်ရေးအတွက် ဦးစီးဦးဆောင်ပြုဆောင်ရွက်လျက်ရှိသော ကမ္ဘာ့အဖွဲ့အစည်းကြီးက မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဖိအားပေးနိုင်ရေးအတွက် အချိန်ကိုက်ဆောင်ရွက်ခြင်းဖြစ်သည်ဟု သုံးသပ်ရပါသည်။

၅။ အဆိုပါလုပ်ရပ်များသည်မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးစေလိုသော သဘောကို ဆောင်သည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးကိုပါ ထိခိုက်စေပါသဖြင့် ယင်းလုပ်ရပ်များကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၆ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၅၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၆၂၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၅၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၆၀၇၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၀၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၁၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉. ၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၀၀.၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၁ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၄၃၄ | ၃၉၀၆၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၈၀၈ | ၂၈၆၈၄၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၂ | ၁၆၂၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၂ | ၂၄၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၅၅ | ၁၅၄၀၀၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၈ | ၂၄၈၀၀ |
| AHP | ၄၈၀၀ | ၄၉၀၀ | ၂၃၇ | ၁၁၄၇၈၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# မူးယစ်ဆေးဝါးပြဿနာနှင့် ပရီကာဆာ ဓာတုပစ္စည်းများအန္တရာယ်

ကိုကိုချွန်(မော်လမြိုင်)

*ယမန်နေ့မှအဆက်*

မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်ပေါ်စေရန်နှင့် ဘေးအန္တရာယ် ကင်းရှင်းစေရန် ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များသည် နိုင်ငံတော်အစိုးရနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်။ မိမိတို့၏ အကျိုးစီးပွားတစ်ခုတည်းကိုသာ ကြည့်ရှုခြင်းထက် ရေရှည်အကျိုးစီးပွားနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ဟန်ချက်ညီ ဆောင်ရွက်သွားရန် လိုအပ်သည်။ ဓာတုပစ္စည်းများကို တရားဝင်တင်သွင်းမှုများမှ မူးယစ်ဆေးဝါးချက်လုပ်ရာနေရာများသို့ လမ်းလွှဲရောက်ရှိနိုင်မှုများလည်း မြင့်တက်လာလျက်ရှိရာ အတ္တလောဘကို အခြေခံခြင်းထက် အတ္တ-ပရ မျှတသည့် နည်းလမ်းကို မျှော်ကိုးကာ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်။

စက်မှုလုပ်ငန်းရှင်များ၊ ဓာတုပစ္စည်းတင်သွင်းဖြန့်ဖြူး ရောင်းချနေသူများ အနေဖြင့်လည်း ဓာတုပစ္စည်းများ၏ အန္တရာယ်ကို အမြဲစောင့်ကြည့်နေရန် လိုအပ်သည်။ ဓာတုပစ္စည်းအသုံးပြုသော စက်မှုလုပ်ငန်းများအတွင်း အသိပညာဗဟုသုတများ ဖြန့်ဝေပေးခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်၊ မူးယစ်ဆေးဝါးချက်လုပ်ရာ နေရာများသို့ လမ်းလွှဲရောက်မှုမရှိစေရန် အသိပညာပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်စေခြင်းများကို မဖြစ်မနေ ဆောင်ရွက်သွားရန် လိုအပ်နေသည်။

ဓာတုပစ္စည်းများ တင်သွင်းမှုကို ခွင့်ပြုပေးခြင်း၊ တင်သွင်းခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း၊ ထားသိုခြင်းနှင့် စာရင်းပြုစု ထိန်းသိမ်းခြင်းများကိုလည်း စောင့်ကြည့်ထိန်းချုပ်ထားရမည်ဖြစ်ရာ သက်ဆိုင်ရာအစိုးရဌာနများ အသုံးပြုနိုင်မည့် သတင်းအချက်အလက်စနစ်တစ်ခုကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းတည်ထောင်သွားရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာ ဓာတုပစ္စည်းများ မူးယစ်ဆေးဝါးချက်လုပ်ရာနေရာများသို့ လမ်းလွှဲရောက်ရှိမှုများကို တားဆီးနိုင်ပြီး မိမိလုပ်ငန်းများလည်း အဆင်ပြေ ချောမွေ့နိုင်မည်ဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို နိုင်ငံတကာက တိုးမြှင့်ထိန်းချုပ်နေသဖြင့် နိုင်ငံတကာ၊ ဒေသတွင်းနှင့် နိုင်ငံအလိုက် ထိန်းချုပ်ထားသော ဓာတုပစ္စည်းများ၏ နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်း အဆိုပါစနစ်တွင် ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။

## ပိုမိုခိုင်မာအောင် ဆောင်ရွက်

နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဓာတုပစ္စည်းများ တင်သွင်းလာပါက စစ်ဆေးကြပ်မတ်ရန် လုံလောက်သော အထောက်အကူပြုပစ္စည်းကိရိယာများမရှိသဖြင့် ဓာတုပစ္စည်းများတင်သွင်းမှုကို နိုင်ငံတကာ ကုန်သွယ်ရေးဝင်ပေါက်များမှသာ တင်သွင်းခွင့်ပြုထားခြင်းကို တင်းကျပ်စွာဆောင်ရွက်သွားရမည်ဖြစ်သည်။ လုပ်ငန်းရှင်များ ကုန်ပစ္စည်းတင်သွင်းခြင်း၊ အသုံးပြုခြင်းနှင့် တစ်ဆင့်ခံရောင်းချခြင်းများအတွက် လုပ်ငန်းစနစ်များ လွယ်ကူရှင်းလင်းစေခြင်းသည် လုပ်ငန်းရှင်များ ပိုမို ပူးပေါင်း ဆောင်ရွက်လာမှုကို အထောက်အကူပြုမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ပြင်းထန်ထိရောက်သော ပြစ်ဒဏ်ချမှတ်ခြင်းဖြင့် ဆုပေး ဒဏ်ပေးစနစ်ကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားရမည်ဖြစ်သည်။

ပြည်တွင်း ကုန်စည်စီးဆင်းမှုများကို ပိုမိုလွယ်ကူစေရန်အတွက် စည်းမျဉ်းများဖြေလျှော့ပေးခြင်းနှင့် စစ်ဆေးရေးဂိတ်များကို လျှော့ချပေးခြင်းများသည် ကုန်စည်စီးဆင်းမှုကို များစွာ အထောက်အကူဖြစ်စေသော်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ပြည်တွင်းသယ်ဆောင်ခြင်းတွင် နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများနှင့် ဝိသမလောဘသမားများအား ဆွဲဆောင်ရာနေရာတစ်ခု ဖြစ်နေသည်။ တရားမဝင်ကုန်များ သယ်ဆောင်ခြင်း၊ တရားမဝင် မှောင်ခိုလုပ်ငန်းများကြောင့် လူ့အသိုက်အဝန်းကို ထိခိုက်စေသော မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုနိုင်သည့် ဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့် ပစ္စည်းကိရိယာများ သို့ဝှက်သယ်ဆောင်ခြင်းများကို ဖြစ်ပေါ်စေသည်။ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဦးစားပေး ဆောင်ရွက်ပြီးမှသာ နယ်စပ်ကုန်သွယ်ရေးကို တိုးမြှင့်ဆောင်ရွက်စေသင့်ပါသည်။ ပြည်တွင်း ကုန်သွယ်ရေးလမ်းကြောင်းများတွင် လျင်မြန်မှုနှင့် လုံခြုံမှုကို နယ်မြေဒေသနှင့် အခြေအနေအလိုက် ဆောင်ရွက်သွားရန် စဉ်းစားသင့်ပါသည်။

## အရေးကြီးသောအပိုင်းမှ ပါဝင်

ပရီကာဆာ ဓာတုပစ္စည်းများ သယ်ဆောင်ရောင်းဝယ်မှုနှင့် လမ်းလွှဲရောက်ရှိမှုများ မြင့်တက်လာခြင်းမရှိလျှင် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၌ မူးယစ်ဆေးဝါးထုတ်လုပ်မှုများလည်း မြင့်တက်လာမည်မဟုတ်ပါ။ နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ၏ ဒေသတွင်းနိုင်ငံများတွင် ကွန်ရက်ချိတ်ဆက်မှုများ ပိုမိုကျယ်ပြန့်လာမှု၊ ခေတ်မီပစ္စည်းကိရိယာများ အသုံးချနိုင်မှု၊ ငွေကြေးနှင့် အရင်းအမြစ်များစွာ အသုံးချနိုင်မှုများသည် နိုင်ငံအလိုက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအပေါ် ကန့်သတ်ချက်များစွာ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် နိုင်ငံအလိုက် စွမ်းရည်မြှင့်တင်ခြင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးသောအပိုင်းမှ ပါဝင်လာလျက်ရှိသည်။

## အထိရောက်ဆုံးနည်းလမ်း

နိုင်ငံတကာနှင့်ပူးပေါင်းပြီး ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ အတွေ့အကြုံ ဗဟုသုတနှင့် အလေ့အထကောင်းများ မျှဝေခြင်း၊ ဖမ်းဆီးရမိမှု သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ နိုင်ငံအလိုက် တားဆီးထိန်းချုပ်ထားသော ပရီကာဆာ ဓာတုပစ္စည်းများ ဖြန့်ဝေခြင်း၊ နိုင်ငံအလိုက် ထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖြန့်ဝေပေးခြင်း၊ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများအပေါ် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ရလဒ်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိသည်။ ရရှိလာသော သတင်းအချက်အလက်များကို ပြည်သူများထံ အသိပေးခြင်းနှင့် အသိပညာ ဖြန့်ဝေပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန်လည်း လိုအပ်လျက်ရှိသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု၏ အခြေခံကျသောအချက်မှာ ပရီကာဆာ ဓာတုပစ္စည်းများ ဖြစ်သည်နှင့်အညီ ပရီကာဆာ ဓာတုပစ္စည်းများကို ထိန်းချုပ်နိုင်လျှင် မူးယစ်ဆေးဝါးထုတ်လုပ်မှုကို ဟန့်တားနိုင်မည်ဖြစ်သည်။ ဓာတုပစ္စည်းများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုနှင့် လမ်းလွှဲရောက်ရှိမှုများကို ထိန်းချုပ်နိုင်ရန်၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုများကို လျှော့ချနိုင်ရန်နှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို ဖမ်းဆီးနိုင်ရန်မှာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများသည် အရေးပါသောလုပ်ငန်းများဖြစ်သည်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်မှာ အစိုးရအေဂျင်စီများနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ်တွင် များစွာမူတည်သည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များသည်လည်း နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန် လိုအပ်သည်။ ဤနေရာတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအောင်မြင်ရန်နှင့် ဝိသမလောဘကို ဦးစားပေးနေသော လုပ်ငန်းရှင်များကို ထိန်းကျောင်းနိုင်ရန်မှာ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိန်းကျောင်းပေးခြင်းသည် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။

စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်ရာတွင် မြေနေရာ အကျယ်အဝန်းနှင့် ပစ္စည်းကိရိယာများ များစွာလိုအပ်မည်မဟုတ်ပါ။ သက်ဆိုင်ရာ အာဏာပိုင်များ၏ စောင့်ကြပ်စစ်ဆေးနိုင်မှုနှင့် တရားမဝင် လုပ်ငန်းများဆောင်ရွက်ရာ နေရာတိုင်းသို့ ရောက်ရှိရန်မှာ ကန့်သတ်ချက်များ ရှိမည်ဖြစ်သည်။ သို့သော် ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များသည် အစိုးရတာဝန်ရှိသူများ ရောက်ရှိနိုင်သည်ထက် ပိုမိုကျယ်ပြန့်စွာ သွားလာရောက်ရှိနိုင်သဖြင့် ရရှိလာသော သတင်းများ၊ သံသယဖြစ်ဖွယ် သတင်းများကို သက်ဆိုင်ရာသို့ အသိပေးအကြောင်းကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးသင့်ပါသည်။

မူးယစ်ဆေးဝါးပြဿနာသည် သုံးစွဲသူတစ်ဦးတည်းကိုသာ ထိခိုက်သည်မဟုတ်ဘဲ မိသားစု၊ လူမှုအသိုက်အဝန်း၊ နိုင်ငံအလိုက်နှင့် နောက်ဆုံးတွင် လူသားမျိုးနွယ်စုတစ်ခုလုံး၏ အသက်ရှင် ရပ်တည်နိုင်မှုများကိုပါ ခြိမ်းခြောက်လျက်ရှိသည်။ နိုင်ငံအလိုက် မည်သည့်နိုင်ငံရေးစနစ်များကို ကျင့်သုံးနေသည်ဖြစ်စေ မူးယစ်ဆေးဝါးပြဿနာသည် လူသားတိုင်းအပေါ် သက်ရောက်မှုရှိစေမည်ဖြစ်သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန်မှာ လူသားတိုင်းတွင် တာဝန်ရှိပါသည်။ မြန်မာနိုင်ငံကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် ကြားခံနိုင်ငံအဖြစ် အသုံးချခံနေရမှု ပြဿနာများကို ကြုံတွေ့ခံစားနေရသော နိုင်ငံများအနေဖြင့် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးဆုံးအပိုင်းမှ အသုံးတော်ခံလျက်ရှိသည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် လိုအပ်သော ပရီကာဆာ ဓာတုပစ္စည်းများကို ထုတ်လုပ်မှုမရှိသဖြင့် မူးယစ်ဆေးဝါးပြဿနာ၏ အရင်းခံအကြောင်းတရားဖြစ်သော ပရီကာဆာ ဓာတုပစ္စည်းများကို ထိန်းချုပ်နိုင်ရေး ပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**နိုင်ငံတကာမှထိန်းချုပ်ထားသော ဓာတုပစ္စည်းများ**

**ဇယား(၁)**

| | | | |
|---|---|---|---|
| 1. | Acetic anhydride | 12. | Methyl alpha-phenylaceto-acetate (MAPA) |
| 2. | N-Acetylanthranilic acid | 13. | Norephedrine |
| 3. | 4-Anilino-N-phenethyl-piperidine(ANPP) | 14. | N-Phenethyl-4-piperidone (NPP) |
| 4. | Ephedrine | 15. | Phenylacetic acid |
| 5. | Ergometrine | 16. | alpha-Phenylaceto-acetamide(APAA) |
| 6. | Ergotamine | 17. | alpha-Phenylacetoaceto-nitrile(APAAN) |
| 7. | Isosafrole | 18. | 1-Phenyl-2-propanone (P-2-P) |
| 8. | Lysergic acid | 19. | Piperonal |
| 9. | 3,4-MDP-2-P methyl glycidate(PMK glycidate) | 20. | Potassium permanganate |
| 10. | 3,4-MDP-2-P methyl glycidic acid("PMK glycidic acid") | 21. | Pseudoephedrine |
| 11. | 3,4-Methylenedioxy-phenyl-2-propanone (3,4-MDP-2-P) | 22. | Safrole |

*စာမျက်နှာ ၂၁ သို့*

❖ မူးယစ်ဆေးဝါးထုတ်လုပ်မှု၏ အခြေခံကျသောအချက်မှာ ပရီကာဆာ ဓာတုပစ္စည်းများဖြစ်သည်နှင့်အညီ ပရီကာဆာ ဓာတုပစ္စည်းများကို ထိန်းချုပ်နိုင်လျှင် မူးယစ်ဆေးဝါးထုတ်လုပ်မှုကို ဟန့်တားနိုင်မည်ဖြစ်သည်။ ဓာတုပစ္စည်းများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုနှင့် လမ်းလွှဲရောက်ရှိမှုများကို ထိန်းချုပ်နိုင်ရန်၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုများကို လျှော့ချနိုင်ရန်နှင့် မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်မှုများကို ဖမ်းဆီးနိုင်ရန်မှာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများသည် အရေးပါသောလုပ်ငန်းများဖြစ်

# ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း သင်တန်းဖွင့်ပွဲသို့ တက်ရောက်




**တောင်ကြီး ဇွန် ၂၁**
ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း သင်တန်းနှင့် ငါးမျိုးစိုက်ထည့်ခြင်း ဖွင့်ပွဲကို ဇွန် ၂၁ ရက်က ညောင်ရွှေမြို့ ငါးလုပ်ငန်းစခန်း၌ ကျင်းပရာ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းတက်ရောက်သည်။

ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက တရားမဝင် ငါးဖမ်းနည်းစနစ်ဖြင့် ငါးဖမ်းဆီးခြင်း (အဆိပ်ချ ၊ ဘက်ထရီရှော့တိုက်၊ ငါးမိုင်းခွဲ) ခြင်းများကို ရှမ်းပြည် နယ် ရေချိုငါးလုပ်ငန်း ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ် စောင့်ရှောက်လျက်ရှိရာ ဒေသခံပြည်သူများမှလည်း အတူပူးပေါင်းပါဝင် ထိန်းသိမ်းခြင်းဖြင့် ဒေသတွင်းတဖြည်းဖြည်း လျော့ကျလာသည့် ငါးသယံဇာတ အရင်းအမြစ်များ ပြန်လည်ဖြစ်တည်လာမည် ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် သင်တန်းမှ ပို့ချလိုက်သော စာတွေ့ လက်တွေ့ ဘာသာရပ်များကို အာရုံစူးစိုက်၊ လေ့လာမှတ်သားနာယူပြီး မိမိဝန်းကျင် လက်တွေ့နယ်ပယ်သို့ ယူဆောင်သွားပြီး လက်ဆင့်ကမ်း အသုံးချရန် မှာကြားလိုကြောင်း၊ ရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကို အခြေခံ၍ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ် ဦးစီးဌာနမှူး ဦးလွမ်းမိုးဇော်က အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများဆေးထိုး သားဖောက်ခြင်း သင်တန်းနှင့် ငါးမျိုးစိုက်ထည့် ခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ် စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့သည် ရေချိုငါးများ ဆေးထိုးသားဖောက် ခြင်းကို လှည့်လည်ကြည့်ရှုကြ၍ ညောင်ရွှေမြို့ နဒီကန်အတွင်းသို့ ငါးဖိန်း၊ ငါးခုံးမ၊ ငွေရောင်ငါးကြင်း၊ ကောင်ရေ တစ်သိန်း ငါးသောင်းတို့ ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိသည်။ **(အပေါ်ပုံ)**

အဆိုပါ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း သင်တန်းကို တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား ၁၉ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇွန် ၂၁ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ပို့ချမည် ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ဆင်ပေါင်ဝဲမြို့နယ်၌ ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇွန် ၂၁**
မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ဆင်ပေါင်ဝဲမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်ကိုင်ဆောင်ခွင့် ရရှိစေရန်အတွက် ယမန်နေ့က ဆင်ပေါင်ဝဲမြို့နယ် တောညောင်ပင်သာ ကျေးရွာ၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကျေးရွာအတွင်းရှိ အသက် ၁၀ နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ် အမျိုးသား ငါးဦး၊ အမျိုးသမီး ခုနစ်ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၈ ဦး၊ အိမ်ထောင်စု လူဦးရေစာရင်း ၆၆/၆ ပြုလုပ်သူ ၂၅ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပျောက်/ ပျက်စီးသူများအား အသစ်ပြုလုပ်ခြင်း တို့ကို အခမဲ့ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရုံးမှ ဦးစီးအရာရှိ ဦးသိန်းလွင်က ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ် ကွင်းဆင်း ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ရာတွင်ပါရှိရမည့် အထောက်အထားများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အသုံးဝင်မှုနှင့် ပျောက်ဆုံး/ ပျက်စီးမှုမရှိစေရေး စနစ်တကျကိုင်တွယ် အသုံးပြုရမည့် နည်းစနစ်များကို အသိပညာပေး ရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။

**ချိုချိုဝင်း**

# ကြံကြိတ်ရာသီ ပြီးဆုံးချိန်မှစ၍ သကြားဈေးများမြင့်တက်လာ

**ရန်ကုန် ဇွန် ၂၁**
ကြံကြိတ်ဝါးရာသီပြီးဆုံးချိန် ဧပြီလပထမပတ်မှစ၍ ယခင်နှစ်များထက် သကြားဈေး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀ ကျော်အထိမြင့်တက်လာပြီး ဆက်လက်မြင့်တက်ရန် အလားအလာရှိနေကြောင်း ရန်ကုန်မြို့ရှိ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

သကြားစက်များ မရပ်နားမီ ဧပြီလဆန်းပိုင်းတွင် တစ်ပိဿာငွေကျပ် ၁၁၀၀ ခန့်၊ လလယ်ပိုင်းတွင် ငွေကျပ် ၁၃၀၀ နှင့် လကုန်ပိုင်းတွင် ငွေကျပ် ၁၃၃၀ အထိ ဈေးမြင့်တက်လာခဲ့သည်။ ကြံကြိတ်ရာသီချိန်အတွင်း သကြားဈေးမြင့်တက်ပါက တောင်သူများအနေဖြင့် အကျိုးအမြတ်ရမည်ဖြစ်သော်လည်း ယခုအခါ ကြံကြိတ်ရာသီအတွင်းဈေးမတက်ဘဲ ရာသီကုန်ချိန်ရောက်မှ ဈေးတက်သဖြင့် အကျိုးအမြတ်မရရှိကြကြောင်း ကြံစိုက်တောင်သူများထံမှ သိရသည်။

“ပြည်တွင်းစိုက်ပျိုးမှုက မနှစ်က ကိုဗစ်ဖြစ်တာနဲ့ ဈေးကွက်ကလည်း မကောင်းတဲ့အတွက် ကြံကိုလျှော့စိုက်ကြတယ်။ အဲဒါကြောင့် ဒီနှစ်ကြံထွက်နှုန်းကလည်း နည်းတယ်။ နောက်ပြီးတော့ ရာသီကုန်မှဈေးက တက်တော့ တောင်သူတွေလည်း အကျိုးအမြတ်မရတော့ဘူး။ ဒီနှစ်ကြံရာသီ သကြားပျမ်းမျှဈေးနှုန်းတစ်ပိဿာကို ၁၀၀၅ ကျပ်ပဲ သတ်မှတ်တယ်။ ကြံရာသီအတွင်း သကြားဈေးမတက်တော့ ကြံဈေးလည်းမတက်နိုင်ဘူး”ဟု ကြံစိုက်တောင်သူ ဦးလှဝေက ပြောသည်။

လက်ရှိသကြားဈေးမြင့်တက်လာရခြင်းမှာ ဈေးများ၊ စားသောက်ကုန်လုပ်ငန်းများ ပုံမှန်လည်ပတ်သုံးစွဲလာခြင်းကြောင့် မဟုတ်ဘဲ ပြည်တွင်းသကြားစက်ရုံများမှ ဈေးနှုန်းထိန်းချုပ်ရောင်းချလာသည့်အတွက် ဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း သကြားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

“ပြည်ပက သကြားဈေးနှုန်းတွေမြင့်တော့ ပြည်တွင်းကိုသွင်းလည်း မကိုက်တော့တဲ့အတွက် မသွင်းကြတော့တဲ့သဘောပါ။ အခုအခြေအနေတွေကိုကြည့်ပြီး ပြည်တွင်းက သကြားစက်ရုံတွေကလည်း ဈေးနှုန်းကိုထိန်းပြီး ရောင်းကြတဲ့အတွက် အခုလိုဈေးတွေတက်လာတာ။ မနှစ်က ပြည်တွင်းသကြားတန်ချိန် ၄၅၀၀၀၀ ထုတ်လုပ်နိုင်ပေမယ့် အခုနှစ်ကတော့ တန်ချိန်လေးသိန်းသာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ပြည်တွင်းထုတ်လုပ်မှုလည်း လျော့ကျသွားတယ်။ ဈေးကဆက်တက်မယ့် အနေအထားရှိပေမယ့် ပြည်တွင်းစားသုံးဖို့ သကြားလုံလောက်စွာရှိနေတဲ့အတွက် အများကြီးတော့ တက်မယ့်အခြေအနေမရှိပါဘူး”ဟု ၎င်းက ပြောသည်။

ယခုနှစ် ကြံရာသီတွင် မြန်မာတစ်နိုင်ငံလုံးဒေသအလိုက် ကြံစိုက်ပျိုးမှုလျော့ခြင်း၊ ပြည်တွင်းသကြားထုတ်လုပ်မှု လျော့ကျခြင်း၊ ပြည်ပနိုင်ငံများမှ သကြားတင်သွင်းမှု ကန့်သတ်ချက်များရှိနေခြင်းကြောင့် ပြည်တွင်းသကြားဈေး ဆက်လက်မြင့်တက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**အေမင်းရည်စော**

*စာမျက်နှာ ၂၀ မှ*

ဇယား (၂)

| | | | |
|---|---|---|---|
| 1. | Acetone | 5. | Methyl ethyl ketone |
| 2. | Anthranilic acid | 6. | Piperidine |
| 3. | Ethyl ether | 7. | Sulphuric acid |
| 4. | Hydrochloric acid | 8. | Toluene |

မြန်မာနိုင်ငံ၏လိုအပ်ချက်အရ ထပ်တိုးထိန်းချုပ်ထားသော ဓာတုပစ္စည်းများ -

ဇယား(၃)

| | | | |
|---|---|---|---|
| 1. | Ammonium Chloride | 6. | Sodium Acetate |
| 2. | Ammonium Nitrate | 7. | Sodium Cyanide |
| 3. | Caffeine | 8. | Safrole rich oil |
| 4. | Lead Acetate | 9. | Tartaric Acid |
| 5. | Methylamine/Methylamine Hydrochloride | 10. | Thionyl Chlorid |

အထူးစောင့်ကြပ်ကြည့်ရှုရမည့် ဓာတုပစ္စည်းများ
(PRECURSOR SPECIAL SURVEILLANCE LIST)

| | | | |
|---|---|---|---|
| 1. | Acetonitrile | 27. | Thionyl chloride |
| 2. | Ammonia | 28. | o-Toluidine |
| 3. | Ammonium formate | 29. | Mercuric chloride |
| 4. | Benzaldehyde | 30. | Palladium (in all forms) |
| 5. | Benzyl chloride | 31. | Platinum oxide |
| 6. | Benzyl cyanide | 32. | Raney nickel |
| 7. | 1,4-Butandiol | 33. | Aniline |
| 8. | Butyrolactone | 34. | Propionic anhydride |
| 9. | Ethyl phenylacetate | 35. | Propionyl chloride |
| 10. | Formamide | 36. | Sodium borohydride |
| 11. | Formic acid | 37. | Acetic acid (glacial) |
| 12. | Hydriodic acid | 38. | Acetyl chloride |
| 13. | Hydrobromic acid | 39. | Ammonium chloride |
| 14. | Hypophosphorous acid | 40. | Calcium carbonate |

| | | | |
|---|---|---|---|
| 15. | Iodine | 41. | Calcium hydroxide |
| 16. | Lithium aluminium hydride | 42. | Calcium chloride |
| 17. | Methylamine (monomethylamine) | 43. | Calcium oxide |
| | | 44. | Manganese dioxide |
| 18. | N-Methylformamide | 45. | Sodium carbonate |
| 19. | Methyl 3-[3',4'-(methylenedioxy)phenyl]- | 46. | Sodium hydroxide |
| | | 47. | Sodium hypochlorite |
| 20. | Methyl phenylacetate | 48. | Sodium metabisulfite |
| 21. | Nitroethane [79-24-3] | 49. | Benzene |
| 22. | a-Phenylacetoacetonitrile | 50. | Ethyl acetate |
| 23. | l-Phenylacetylcarbinol | 51. | Methyl isobutyl ketone |
| 24. | Phosphorous (Red) | 52. | n-Propylacetate |
| 25. | Propiophenone(1-phenyl-1-propanone) | 53. | BMK glycidate/BMK methyl glycidate/P2P methyl glycidate |
| 26. | Tartaric acid | | |



# မြန်မာ့ပညာရေးစာပေ(၉)

**မောင်ခင်မင်(ဓနုဖြူ)**

"လောကနီတိအကြောင်း ပြောနေကြတာဆိုတော့ မေးရအုံးမယ်။ 'လောကနီတိ'ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို သိတယ်မဟုတ်လား သမီး"

"ဟုတ်ကဲ့၊ လောကထဲက လူသားတွေကို ဆုံးမလမ်းညွှန်တဲ့ လမ်းညွှန်ချက်လို့ အဓိပ္ပာယ်ရတယ်ထင်ပါတယ် ဘဘ"

"ဟုတ်ပါတယ်၊ တိုတိုပြောရင် 'လောကလမ်းညွှန်'ပေါ့ကွယ်။ ဘဘတို့အကြောင်းကိစ္စတွေကို ခွဲခြားပြောရင် လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်းလို့ ခွဲလေ့ရှိတယ် မဟုတ်လား။ လောကဓမ္မရာဇပေါ့ကွယ်"

"ဟုတ်ပါတယ် ဘဘ"

"အဲဒီ နီတိဆိုတဲ့ လမ်းညွှန်တွေမှာလဲ လောကနီတိ၊ ဓမ္မနီတိ၊ ရာဇနီတိဆိုပြီး ခွဲခြားနိုင်တယ်။ သမီးပြောတဲ့လူသားတွေ ဆောင်ရွက်အပ်တဲ့ လောကရေးရာတွေကို လမ်းညွှန်တာ၊ လောကနီတိ၊ တရားဓမ္မရေးလမ်းညွှန်တာ ဓမ္မနီတိ၊ အုပ်ချုပ်တဲ့ မင်းအစိုးရတွေကို လမ်းညွှန်တာက ရာဇနီတိပေါ့ကွယ်။ မြန်မာစာပေမှာ အဲဒီနီတိသုံးမျိုးလုံး စာပေတွေရှိတာပေါ့"

"ဟုတ်ကဲ့ပါ မှတ်ထားပါ့မယ် ဘဘ"

"လောကနီတိမှာ အဆုံးအမလမ်းညွှန်တွေကို နာယူချင်ဖွယ်ဖြစ်အောင် ဥပမာတွေ၊ တင်စားချက်တွေနဲ့ ရေးဖွဲ့ထားတာတွေ အင်မတန်မှတ်သားစရာကောင်းတယ်၊ သဘောကျစရာလဲကောင်းတယ်"

"ပြောပြပါ ဘဘ"

"နောက်တော့ သမီး အသေးစိတ်ဖတ်ကြည့်ပေါ့။ အခုတော့ အဲဒီလို အရေးအဖွဲ့ကောင်းပုံကလေးတွေကို နမူနာကြည့်ရတယ်"

"ဟုတ်ကဲ့ပါ"

"စစချင်း ဂါထာနံပါတ် ၁ ကိုပဲကြည့်။ အဲ... လောကနီတိမူရင်းက ပါဠိဂါထာတွေလေ၊ အခန်းပေါင်း ၇ ခန်း၊ ဂါထာပေါင်း ၁၆၇ ဂါထာရှိတယ်။ အဲဒီဂါထာနံပါတ် ၁ မှာ ဆိုလိုတဲ့ အချက်ရောက်အောင် အကျိုးအကြောင်း ချိတ်ဆက်ပြောသွားပုံကိုကြည့်။ ပျင်းတဲ့သူဟာ ပညာမတတ်ဘူး၊ ပညာမတတ်သူဟာ ဥစ္စာမရဘူး၊ ဥစ္စာမရှိတဲ့သူဟာ မိတ်ဆွေကောင်းမရှိဘူး၊ မိတ်ဆွေကောင်းမရှိတဲ့သူဟာ ချမ်းသာသုခမရဘူး၊ ချမ်းသာသုခမရတဲ့သူဟာ ကုသိုလ်ကောင်းမှုမပြုနိုင်ဘူး၊ ကုသိုလ်ကောင်းမှုမရှိတဲ့သူဟာ နိဗ္ဗာန်မရောက်နိုင်ဘူးဆိုပြီး ချိတ်ဆက်ပြထားတာလေ။ အလေးအနက် စဉ်းစားကြည့်ရင် ပညာကိုကြိုးကြိုးစားစားမသင်ဘဲ ပျင်းနေတဲ့သူဟာ လောကီချမ်းသာရော၊ လောကုတ္တရာ ချမ်းသာရော မရနိုင်ဘူးလို့ အကျိုးသင့် အကြောင်းသင့် သုံးသပ်နိုင်တာပေါ့ကွယ်"

"မှတ်သားထားပါ့မယ်ဘဘ"။ သေသေချာချာလည်း ဖတ်ပါ့မယ်။

" ဟုတ်ပါပြီ။ ခိုင်းနှိုင်း တင်စားပုံတစ်ခုလို ပြောရရင် တောင်တိုင်းမှာပတ္တမြားမရှိဘူး၊ ဆင်တိုင်းမှာ အမြုတေရတနာမရှိဘူး၊ တောတိုင်းမှာ စန္ဒကူးနံ့သာပင်မရှိဘူးလို့ ရှေ့ကပြောပြီးမှ အရပ်ဒေသတိုင်းမှာ ပညာရှိသုခမိန်မရှိဘူးဆိုပြီး ခိုင်းနှိုင်းတင်စားပြောပုံမျိုးပေါ့ကွယ်။ တူတဲ့အချက်တွေကို ခိုင်းနှိုင်းပြပြီး ဆိုလိုတဲ့အချက်ကို နောက်ဆုံးမှာ ပိတ်ပြီးအလေးပေးလိုက်တာပေါ့"

"ဟုတ်ကဲ့ပါ"

" နောက်တစ်ခုက ပေပုရပိုက်ထဲမှာ၊ စာအုပ်ထဲမှာ ရေးထားတဲ့ အတတ်ပညာဟာ ကိုယ်ပိုင်ဆိုင်တဲ့ အတတ်ပညာမဟုတ်ဘူးတဲ့။ အဲဒီလိုပဲ သူတစ်ပါး လက်ထဲမှာ ရှိနေတဲ့ ပစ္စည်းဥစ္စာဟာ ကိုယ်ပိုင်ဆိုင်တဲ့ပစ္စည်းဥစ္စာမဟုတ်ဘူးတဲ့။ အဓိကဆိုလိုချက်ကို သဘောပေါက်မှာပေါ့"

" သဘောပေါက်ပါတယ် ဘဘ။ ပညာဆိုတာ စာအုပ်ထဲမှာရှိနေရုံနဲ့ ကိုယ်တတ်ထားတာမဟုတ်ဘူး၊ ကိုယ်တိုင်တတ်အောင်ဖတ်ရှုလေ့လာမှ တတ်မယ်လို့ ဆိုလိုတာပါ ဘဘ"

" နောက် သမီးတို့ကြားဖူးနေတဲ့ 'ယောက်မ'နဲ့ 'လျှာ'နှိုင်းပြတဲ့ ဥပမာလဲ တော်တော်ပေါ်လွင်တယ်။ ယောက်မဟာ ဟင်းကိုအမြဲမွှေနေပေမဲ့ ဟင်းရဲ့အရသာကို မသိသလို သူမိုက်ဟာ ပညာရှိနားမှာ တစ်သက်လုံးနေပေမဲ့ ပညာတန်ဖိုးမသိဘူး။ လျှာကတော့ ဟင်းရဲ့အရသာကို ခဏကလေးစားရုံနဲ့ သိသလို လူလိမ္မာဟာ ပညာရှိနားမှာ ခဏပဲ ဆည်းကပ်ပေမဲ့ ပညာရဲ့တန်ဖိုးကို သိတယ်တဲ့။ အင်မတန်ပေါ်လွင်တဲ့ ဥပမာပေါ့ကွယ်"

" ဒါကြောင့် သမီးတို့ကို ဆရာ ဆရာမတွေက အားမရရင် ယောက်မတွေ၊ ယောက်မတွေဆိုပြီး ဆုံးမတာပေါ့နော် ဘဘ"

" ဟုတ်တာပေါ့ကွယ်။ နောက်ထင်ရှားတဲ့ ဥပမာတစ်ခုက ဆရာကို အိုးလုပ်တဲ့ အိုးထိန်းသည်နဲ့ ခိုင်းနှိုင်းတဲ့ ဥပမာပေါ့"

" ဟုတ်ကဲ့ပါ "

" အိုးလုပ်တဲ့ အိုးထိန်းသည်ဟာ ရွှံ့နဲ့အိုးလုပ်ပြီး မီးမဖုတ်ခင် အိုးကိုလိုချင်တဲ့ပုံရအောင် လက်ခတ်နဲ့ ရိုက်ပုတ်ရတယ်။ အဲဒီအိုးကို ကွဲစေချင်လို့မဟုတ်ဘူး။ အိုးကောင်းအောင် ပုံစံကျအောင် ရိုက်ရတာလေ။ အဲဒီလိုပဲ ဆရာက တပည့်ကိုစာသင်လို့ရိုက်တာဟာ နာကျင်စေချင်လို့မဟုတ်ဘဲ ပညာတတ်စေချင်လို့၊ လိမ္မာစေချင်လို့ ရိုက်ခြင်းဖြစ်တယ်ဆိုတဲ့ ဥပမာပေါ့"

" ဟုတ်ကဲ့ပါ။ သမီးတို့ငယ်ငယ်ကလဲ စာမရရင်၊ အိမ်စာမလုပ်ခဲ့ရင်၊ အချင်းချင်းရန်ဖြစ်ရင်၊ အပြစ်တစ်ခုခုလုပ်မိရင် ဆရာ ဆရာမတွေက လက်ဝါးဖြန့်ခိုင်းပြီး ပေတံနဲ့ရိုက်တာတို့၊ ကြိမ်လုံးသေးသေးကလေးနဲ့ စပ်စပ်ကလေးရိုက်တာတို့ လုပ်တာပါပဲ ဘဘ"

"ဟုတ်ပါတယ်။ ဒါဘဘတို့ လေးလေးစားစား ခံယူခဲ့ကြတဲ့ ဓလေ့တစ်ခုပေါ့ကွယ်။ မိဘတွေကလဲ ကျောင်းအပ်ကတည်းက သူ့သားသမီးမလိမ္မာရင် ရိုက်ပြီးဆုံးမပါဆိုပြီး အပ်ကြတာပါ။ အစဉ်အဆက် ကျောင်းသားဘဝမှာ ဆရာ ဆရာမရဲ့ အရိုက်မခံရဖူးတဲ့ ကျောင်းသားဆိုတာ မရှိပါဘူးကွယ်"

"ဟုတ်ပါတယ် ဘဘ၊ ဆရာ ဆရာမတွေက တပည့်တွေကို လိမ္မာစေချင်လို့ ရိုက်တာဆိုတာ သမီးတို့သဘောပေါက်ပါတယ်"

" နောက် အပေါင်းအသင်းနဲ့ ပတ်သက်တဲ့ ဥပမာကလေးတစ်ခု တော်တော်ကောင်းပါတယ်။ တောင်ဇလပ်ပန်းကို ပေါက်ဖက်နဲ့ ၊ ပေါက်ဖက်ဆိုတာ ပေါက်ပင်က ပေါက်ရွက်ပေါ့။ အဲဒီပေါက်ဖက်က ဘာအနံ့မှ မမွှေးဘူး၊ တောင်ဇလပ်ပန်းက မွှေးတယ်၊ အဲဒီပေါက်ဖက်နဲ့ တောင်ဇလပ်ပန်းကို ထုပ်ထားရင် ပေါက်ဖက်ကို ပန်းနံ့ကူးပြီး မွှေးသွားသလိုပဲတဲ့။ ပညာရှိနဲ့ ပေါင်းသင်းတဲ့သူဟာလဲ ပညာနဲ့ထိတွေ့ပြီး ပညာတိုးပွားလာတယ်တဲ့"

"ဟုတ်ကဲ့၊ ပုပ်နေတဲ့သားငါးကို စက္ကူနဲ့ထုပ်ရင် စက္ကူမှာ အသားပုပ်၊ ငါးပုပ်နံ့စွဲသွားသလို လူမိုက်နဲ့ ပေါင်းရင် လူမိုက်ဖြစ်သွားမယ် ဆိုပြီး လူကြီးတွေက ဆုံးမတာလဲ ကြားဖူးပါတယ် ဘဘ "

"အဲဒီ ဥပမာသဘောပဲပေါ့ကွယ်။ ပုလင်းတစ်လုံးမှာ အရက်အမြဲထည့်ရင် ပုလင်းမှာ အရက်နံ့စွဲသလို ရေမွှေးအမြဲထည့်ရင်လဲ ရေမွှေးနံ့စွဲနေတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ခုပြောတာက လောကနီတိရဲ့ ပထမဆုံးကဏ္ဍဖြစ်တဲ့ ပဏ္ဍိတကဏ္ဍထဲက အဆိုအမိန့်တွေ၊ လမ်းညွှန်တွေကို ထုတ်ပြောတာလေ။ တခြားကဏ္ဍတွေမှာလဲ အဲဒီလိုမှတ်သားစရာတွေ အများကြီးပါတာပေါ့ "

"သမီးဖေဖေ တစ်ခါကပြောပြတဲ့ ဥပမာကလေးတစ်ခုလဲ မှတ်မိနေပါတယ် ဘဘ။ လောကနီတိထဲကပဲလို့ ပြောပါတယ်။ ဆေးမြစ်တို့၊ ဆေးပင်တို့၊ ဆေးရွက်တို့ဟာ တောထဲမှာရှိတာမို့ ကိုယ်နဲ့အဝေးကြီးပဲ၊ ဒါပေမဲ့ ကိုယ့်ကိုအကျိုးပြုတယ်...တဲ့၊ ရောဂါကတော့ ကိုယ်မှာကပ်နေတာမို့ အနီးဆုံးဖြစ်ပေမယ့် ကိုယ့်ကိုအကျိုးမပြုဘူး၊ ဒုက္ခပေးတယ်...တဲ့"

" ဒါလဲ သိပ်ကောင်းတဲ့ ဥပမာပေါ့ကွယ်။ ရိုးရိုးကလေးနဲ့ ပေါ်လွင်တဲ့ဥပမာပေါ့။ ကဲ... ကျန်တဲ့ကဏ္ဍတွေကိုတော့ သမီးအေးအေးဆေးဆေး ဆက်ပြီးလေ့လာကြည့်ပေတော့။ ဒီလောက်ဆိုရင် လောကနီတိဟာ ကျောင်းသားလူငယ်တွေအတွက် တန်ဖိုးရှိတဲ့ ပညာရေးစာပေတစ်ခုဆိုတာ သဘောပေါက်နိုင်ပါတယ်။ ပြောရအုံးမယ်။ လောကနီတိကို ပြည့်ပြည့်စုံစုံလေ့လာနိုင်အောင်ဆိုပြီး စတုရင်္ဂဗလ အမတ်ကြီးရဲ့ ပါဠိဂါထာရယ်၊ ရှေးကဆရာတော်ကြီးတွေ ပြန်ဆိုတဲ့ နိဿယဘာသာပြန်ရယ်၊ မြန်မာလိုသက်သက်ဘာသာပြန်ရယ်၊ ကိုလိုနီခေတ်ဦးမှာ Mr James Grey ဆိုတဲ့ ပညာရှင်ဘာသာပြန်တဲ့ အင်္ဂလိပ်ဘာသာပြန်ရယ်၊ နေမျိုးမင်းထင်ကျော်ခေါင် ရေးဖွဲ့ထားတဲ့ လောကနီတိပျို့ရယ်၊ အဲဒီစာတွေကို တစ်ဂါထာချင်းစုစည်းပြီး စီစဉ်ထားတဲ့ စာအုပ်မျိုးတွေလဲ ရှိတယ်။ ခုခေတ်မှာလဲ ပြန်ထုတ်နေတယ်။ သမီးစိတ်ဝင်စားရင် အကျယ်လေ့လာနိုင်ဖို့ အညွှန်းပေးတာဆိုပါတော့ကွယ်"

" ကျေးဇူးတင်ပါတယ် ဘဘ"

"ပညာကိုကြိုးကြိုးစားစားမသင်ဘဲ ပျင်းနေတဲ့ သူဟာ လောကီရေးမှာလဲ မချမ်းသာနိုင်ဘူး၊ လောကုတ္တရာရေးမှာလဲ မချမ်းသာနိုင်ဘူးလို့ နားလည်သဘောပေါက်နိုင်တာပေါ့ကွယ်"။ ။

> **ယောက်မဟာ ဟင်းကိုအမြဲမွှေနေပေမဲ့ ဟင်းရဲ့အရသာကို မသိသလို သူမိုက်ဟာ ပညာရှိနားမှာ တစ်သက်လုံးနေပေမဲ့ ပညာတန်ဖိုးမသိဘူး။ လျှာကတော့ ဟင်းရဲ့အရသာကို ခဏကလေး စားရုံနဲ့ သိသလို လူလိမ္မာဟာ ပညာရှိနားမှာ ခဏပဲဆည်းကပ်ပေမဲ့ ပညာရဲ့တန်ဖိုးကို သိတယ်**

## သထုံမြို့ ငါးလုပ်ငန်းစခန်း၌ ရေချိုငါးမွေးမြူရေးနှင့် အခြေခံငါးဆေးထိုးသားဖောက်သင်တန်းဖွင့်

**သထုံ ဇွန် ၂၁**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပထမ အကြိမ်အဖြစ် ရေချိုငါးများမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်းသင်တန်း အမှတ်စဉ်(၁/၂၀၂၁)ကို ငါးလုပ်ငန်းစခန်း သင်တန်းကျောင်း(သထုံ)တွင် ဇွန် ၂၁ ရက်က ပြုလုပ်သည်။

မွန်ပြည်နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ငါးမွေးမြူရေးဆိုင်ရာ အသိပညာများ တိုးတက်လာစေရန် ယခုကဲ့သို့ အခြေခံငါးဆေးထိုးသားဖောက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးပြီး ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်တည်တံ့နိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ ရေလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာပြီး ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်နှင့်အညီ၊ သားငါးများ မွေးမြူထုတ်လုပ်နိုင်ရန်အတွက် သင်တန်းဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးက ပြောသည်။

အခမ်းအနားသို့ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်နိုင်ဝင်း၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၃၀ အား ဇွန် ၂၃ ရက်အထိ နေထိုင်စားသောက်စရိတ်ငြိမ်းအဖြစ် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည် ။

**ခွန်(ဝင်းပ)**

# သွေးလွန်တုပ်ကွေးအန္တရာယ် အထူးသတိရှိကြစေချင်

## တင်ထက်ထက်ဇော်

**သွေးလွန်တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားတတ်ပြီး မိုးဦးကျကာလမှစတင်၍ မိုးရာသီတွင် အဖြစ်အများဆုံးရောဂါ ဖြစ်သည်။ ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနေပြီး တစ်နှစ်လျှင် ရောဂါကူးစက်ခံရသူ သန်း ၄၀၀ နီးပါး ရှိကြောင်း၊ ၎င်းတို့အနက် လူကြီး ၁၀ ရာခိုင်နှုန်းနှင့် ကလေး ၃၀ ရာခိုင်နှုန်း ပါဝင်ကြောင်း သိရသည်။ မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် သွေးလွန်တုပ်ကွေးရောဂါကို ကပ်ရောဂါအဖြစ် ၁၆၃၅ ခုနှစ်တွင် ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်တွင် ကပ်ရောဂါအဖြစ် ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ မေလ ၁၆ ရက်နေ့အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၂၀၀ ကျော်ရှိကာ ရှစ်ဦးသေဆုံးခဲ့ကြောင်း၊ ရောဂါဖြစ်ပွားမှုအများဆုံး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ လူဦးရေထူထပ်သော ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် မွန်ပြည်နယ်တို့ဖြစ်သည်။ ယင်းပြည်နယ်ငါးခုအနက် ရန်ကုန်တိုင်းဒေသကြီးက ဖြစ်ပွားမှုနှင့် သေဆုံးမှုအများဆုံး ဖြစ်ခဲ့သည်။ ယခုနှစ် ၂၀၂၁ ခုနှစ်တွင်လည်း မြန်မာပြည်တွင် ကိုဗစ်-၁၉ ရောဂါသည် တတိယလှိုင်းအသွင် ကူးစက်ပျံ့နှံ့နေ၍ ပြည်သူပြည်သားများ အတတ်နိုင်ဆုံး လူစုလူဝေးရှောင်ကာ အိမ်ထဲတွင် အနေများရခြင်းက အိမ်တွင်းခြင်ကိုက်ခံရမှု ပိုများနိုင်သည့်အတွက် သွေးလွန်တုပ်ကွေးကူးစက်မှု ပိုများနိုင်ဖွယ်ရှိသည်။ ထို့ကြောင့် သွေးလွန်တုပ်ကွေးဖြစ်ပွားစေသည့် ခြင်ကျားနှင့် ပိုးလောက်လမ်းများ နှိမ်နင်းရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းစဉ်များကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် အစဉ်သတိပြု လုပ်ဆောင်သင့်ပေသည်။

### ကြိုတင်ကာကွယ်

သွေးလွန်တုပ်ကွေးရောဂါ၏ အဓိကတရားခံက အေးဒီးစ်ခြင်ကျားများဖြစ်ပြီး ရေကြည်ရေသန့်မှာ ပေါက်ပွားလေ့ရှိသည်။ မိုးရွာပြီးနောက် ရေအိုင်များ၊ အိုးခြမ်းပဲ့များ၊ ဘက်ထရီအိုးဟောင်းများတွင် မိုးရေတင်ကျန်ခဲ့ပြီးနောက် နေထွက်လာသောအခါ ပိုးလောက်လမ်းများ ပေါက်ပွားလာကာ ၎င်းမှတစ်ဆင့် ခြင်ကျား(ခေါ်) ခြင်ပုန်းများဖြစ်လာသည်။ ခြင်ပုန်းများက ပေါက်ပွားမှု မြန်ဆန်ပြီး ကိုက် ၁၀၀ အထိ ပျံသန်းနိုင်ကြသည်။ နေ့ဘက်အချိန်များမှာ ခြင်ကိုက်လေ့ရှိသည်။ မိုးဦးစကျောင်းဖွင့်ချိန် လူဦးရေထူထပ်သော စာသင်ကျောင်းများတွင် သွေးစုပ်ရန် ကျက်စားလာကြသည်။ ခြင်ဆိုးများသည် လူတစ်ဦးဆီမှ နောက်တစ်ဦးဆီသို့ မတူညီသောသွေးများကို သယ်ဆောင်သွေးစုပ်ခံခြင်းဖြင့် သွေးလွန်တုပ်ကွေး အစပျိုးဖြစ်ပေါ်လာရသည်။ ရှေးကာလများမှာ အသက်သုံးနှစ်နှင့် ၁၅ နှစ်အရွယ်ကလေးများ အဖြစ်များကြပြီး ယခုနောက်ပိုင်းတွင် တစ်နှစ်အောက်ကလေးများသာမက အသက် ၁၅ နှစ်အထက် (၂၅ နှစ် မှ ၃၀ နှစ်)အရွယ်များလည်း သွေးလွန်တုပ်ကွေးဖြစ်လာကြသည်။ ယခုလို မိုးဦး ဇွန်လမှစ၍ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလတို့တွင် အဖြစ်များ၍ သတိနှင့် ကြိုတင်ကာကွယ်တတ်ကြရန် အရေးကြီးပါသည်။

ရောဂါလက္ခဏာများမှာ အပူချိန် ၁၀၀ နှင့်အထက် အဖျားကြီးခြင်း၊ ကိုယ်အပူချိန် ၁၀၅ ဒီဂရီဖာရင်ဟိုက်ခန့်အထိ ရုတ်တရက် ဆောင့်တက်လာခြင်း၊ ခေါင်းလွန်စွာကိုက်ခဲခြင်း၊ နားထင်များနာကျင်ကိုက်ခဲခြင်း၊ အရိုး၊ ကြွက်သား၊ အရိုးဆစ် စသည့်ကိုယ်လက်ကိုက်ခဲခြင်း၊ ဗိုက်နာဗိုက်အောင့်ပြီး ဗိုက်ကိုအထိမခံနိုင်ခြင်း၊ ခိုက်ခိုက်တုန်၍ ခြေဖျားလက်ဖျားအေးစက်ခြင်း၊ အရေပြားပေါ် အနီရောင်အစင်းကြောင်းများပေါ်လာခြင်း၊ မျက်နှာနီအမ်းခြင်း၊ ပင်ပန်းနွမ်းနယ်ကာ အချိန်ပြည့်မှိန်းနေတတ်ပြီး အစာစားချင်စိတ်မရှိခြင်း၊ အစားအသောက်အရည်ဝင်ပြီးသည်နှင့်တစ်ပြိုင်နက် အန်ထွက်ခြင်း၊ လည်ချောင်းနာခြင်း၊ လက်မောင်းကို သွေးပေါင်ချိန်တိုင်းကိရိယာနှင့် တိုင်းကြည့်ပါက Hess Test Positive ဖြစ်နေခြင်း စသည်တို့ဖြစ်သည်။ အချို့သူများမှာ ချောင်းဆိုး၊ နှာစေး၊ ဝမ်းပျက်၊ ဝမ်းလျှော ဖြစ်တတ်သည်။

### ထိရောက်စွာ ကုသမှုခံယူ

အထက်ပါလက္ခဏာများသည် သာမန်သွေးလွန်တုပ်ကွေးရောဂါဖြစ်ပြီး ဆေးဝါးကုသမှုခံယူပါက ပျမ်းမျှ ရက်သတ္တပတ်အတွင်း နေကောင်းသွားပါလိမ့်မည်။ သို့သော် သုံးရက်မှ ငါးရက်အတွင်း အဖျားတက်ရာမှ ရုတ်တရက် အဖျားကျလာပြီး တော်တော်နှင့် မလန်းဆန်းဘဲ လေးလံထိုင်းမှိုင်းပြီး မှိန်းနေခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ ခြေလက်များ အေးစက်ခြင်း စသည်တို့သည်သွေးလန့်ခြင်း လက္ခဏာများဖြစ်ကြသည်။ အထူးသဖြင့် ကလေးများတွင် သွေးလန့်လေ့ရှိကြသည်။ "သွေးလန့်ခြင်း" ဆိုသည်မှာ ခန္ဓာကိုယ်အနှံ့အပြားကို သွေးသွားလာမှုလျော့သွားခြင်းကို ဆိုလိုပါသည်။ သွေးရည်ကြည်များ ပြင်ပကို ခဏထွက်သွားသည်ဟု ဆေးသိပ္ပံပညာအရ ပြောလေ့ရှိပြီး အသက်အန္တရာယ်စိုးရိမ်ရသဖြင့် **"အဖျားကျစဉ် မလန်းလျှင် အစဉ် သတိချပ်"**ဟု ပြောစမှတ်ပြုကြသည်။ သွေးလန့်သောအခြား လက္ခဏာများမှာ မတ်တတ်ရပ်စဉ် မူးယိုင်ခြင်း၊ မကြာခဏ အဖျားတက်လိုက် ကျလိုက်ဖြစ်ခြင်း၊ မောပန်းခြင်း၊ သွေးခုန်နှုန်း သိသိသာသာကျဆင်းသွားခြင်း၊ အာခံတွင်းခြောက်သွေ့ခြင်း၊ အသက်ရှူနှုန်းမြန်ဆန်လာခြင်း၊ အသည်းရောင်ကိုင်းခြင်း၊ ကော်ဖီရောင်ပျို့အန်ခြင်း၊ သွားဖုံးသွေးထွက်ခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ သွေးဖြူဥနည်းသွားခြင်း၊ ဆီးနည်းလာပြီး ဆီးထဲသွေးပါခြင်း၊ ကတ္တရာစေးအရောင် ဝမ်းအမည်းများသွားခြင်း စသည်တို့ဖြစ်ကြသည်။ ထိုအခြေအနေမျိုးတွင် ဆရာဝန်၏ လက်ဦးမှုကို အရယူနိုင်ဖို့ လွန်စွာအရေးကြီးပါသည်။ ထိုအခါ လူနာ၏ရောဂါအခြေအနေနှင့် ကိုယ်ခံစွမ်းအားပေါ်မူတည်ပြီး တစ်နာရီခြားတစ်ခါ စောင့်ကြည့်ကာ ဆရာဝန်က လိုအပ်သလို ရိုးရိုးဆားရည်သွင်းခြင်း (သို့မဟုတ်) သွေးရည်ကြည်သွင်းခြင်း (သို့မဟုတ်) ဆေးကော်ရည်သွင်းခြင်းတို့ကို သွေးခုန်နှုန်းပမာဏ၊ ဆီးပမာဏနှင့် သွေးပျစ်ကျဲနှုန်း စသည်တို့ပေါ်မူတည်၍ ထိရောက်စွာ ကုသမှုခံယူရပါမည်။



**မိုးဦးစ ကျောင်းဖွင့်ချိန် လူဦးရေထူထပ်သော စာသင်ကျောင်းများတွင် သွေးစုပ်ရန် ကျက်စားလာကြသည်။ ခြင်ဆိုးများသည် လူတစ်ဦးဆီမှ နောက်တစ်ဦးဆီသို့ မတူညီသောသွေးများကို သယ်ဆောင်သွေးစုပ်ခံခြင်းဖြင့် သွေးလွန်တုပ်ကွေး အစပျိုးဖြစ်ပေါ်လာ**

မြန်မာအခေါ်အဝေါ် ဒေါင်းငါး၊ အင်္ဂလိပ်ဘာသာဖြင့် သိပ္ပံအမည်မှာ Poecila reticulate ဖြစ်ပြီး မူရင်းဒေသမှာ ဘရာဇီး၊ ဗင်နီဇွဲလား၊ နယ်သာလန်နှင့် ဂျမေကာတို့ဖြစ်သည်။ ခြင်သားလောင်း (ပိုးလောက်လမ်း)များကို စားသုံးသည့် အလေ့အထကြောင့် ခြင်နှိမ်နင်းရန်၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် ဆင်ခြေထောက်ရောဂါတို့ကို ကာကွယ်ရန်အတွက် အရပ်ရပ်သို့သယ်ယူကြရာမှ ကမ္ဘာအနှံ့အပြားသို့ ဒေါင်းငါးများ ရောက်ရှိပျံ့နှံ့သွားခြင်း ဖြစ်သည်။ မြန်မာနိုင်ငံသို့လည်း ကိုလိုနီခေတ်အတွင်းကပင် ငှက်ဖျားရောဂါကာကွယ်ရေးအတွက် အင်္ဂလိပ်တို့က သယ်ဆောင်လာရာမှတစ်ဆင့် ဒေါင်းငါးများ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းမျိုးစိတ်တွင် ငါးအထီး၏အမြီးသည် ဒေါင်းမြီးသဖွယ် အရောင်စုံ၍ လှပသည့်အတွက် ဒေါင်းငါးဟူ၍ မြန်မာအမည်ပေးခြင်း ဖြစ်ပေသည်။ ၎င်းအလှမွေးငါးများသည် ရေချိုငါးမျိုးစိတ်ဖြစ်သော်လည်း ဆားငန်နှုန်းကို အတော်အတန်ခံနိုင်ရည်ရှိ၍ ရေငန်အတက်၊ အကျရှိသော မြစ်ဝကျွန်းပေါ်ဒေသတို့၌လည်း ရှင်သန်နိုင်သည်။

ဒေါင်းငါးများ၏ အစာစားသည့်အလေ့အထသည် အစုံစားငါးမျိုးဖြစ်ရာ သဘာဝတွင် ရေပိုးမွှားများ၊ ရေပင်ပေါက်လေးများကို စားသည်။ အထူးသဖြင့် ခြင်သားလောင်း၊ ပိုးလောက်လမ်းတို့ကို အဓိကထားစားကြသောကြောင့် ခြင်နှိမ်နင်းရေးငါးမျိုးအဖြစ် ကျော်ကြားသည်။ ခြင်များဥချသော ခြင်ဥများမှတစ်ဆင့် ပိုးလောက်လမ်းများဖြစ်နေသော ရေပြင်ထဲသို့ ဒေါင်းငါးမျိုးများကို တစ်ကြိမ်ထည့်ပေးထားရုံဖြင့် ၎င်းငါးလေးများက ခြင်နှိမ်နင်းရေးကို သားစဉ်မြေးဆက်အလိုက် စဉ်ဆက်မပြတ်ပြုလုပ်ပေးသွားကြမည် ဖြစ်သည်။ ဤနည်းလမ်းသည် သက်ရှိကို သက်ရှိဖြင့် ပြန်လည်ထိန်းချုပ်သည့် ဇီဝနည်း (Biological Control) ဖြစ်သည်။

စမ်းသပ်ချက်များအရ တစ်လက်မခွဲအရွယ် ဒေါင်းငါးအထီးတစ်ကောင်သည် တစ်ရက်လျှင် ခြင်လောက်လမ်းကောင်ရေ ၃၀ ခန့်ကိုစားနိုင်ပြီး နှစ်လက်မခွဲအရွယ် ဒေါင်းငါးအမတစ်ကောင်လျှင် ခြင်လောက်လမ်းကောင်ရေ ၆၀ ခန့်ကို စားသည်။ ထို့ကြောင့် မိမိတို့ရပ်ရွာရှိ နေအိမ်များနှင့် စာသင်ခန်း၊ စာသင်ကျောင်းများအနီးတစ်ဝိုက်ရှိသောက်သုံးရေကန်များ၊ ရေနုတ်မြောင်းများ၊ ရေသိုလှောင်ရာတိုင်ကီ၊ အိုးခွက်များ၊ အုတ်ကန်ကြီးများအတွင်း ဒေါင်းငါးလေးများကို ထည့်သွင်းထားသင့်သည်။ ရေကန်များအတွင်း ဒေါင်းငါး မျိုးထည့်သွင်းမွေးမြူခြင်းဖြင့် ခြင်အန္တရာယ်ကာကွယ်သည့်လုပ်ငန်းစဉ်တွင် Mosquito Control အနေဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အကြံပြု တိုက်တွန်းလိုပါသည်။

### ရောဂါကျဆင်းလာမည်

သွေးလွန်တုပ်ကွေးရောဂါကို ပျောက်ကင်းအောင်ကုသနိုင်သောဆေးဝါး ယနေ့အထိမပေါ်သေးပါ။ ရောဂါဖြစ်လာမှ ကုသခြင်းထက်မဖြစ်အောင် ကြိုတင်ကာကွယ်ထားတတ်ဖို့လိုပါသည်။ ထို့ကြောင့် "ကာကွယ်ခြင်းက ကုသခြင်းထက် ပိုမိုထိရောက်တယ် @ Precaution is better than Cure"ဟု ဆိုကြခြင်း ဖြစ်သည်။ အရေးအကြီးဆုံးမှာ ခြင်ကိုက်မခံရစေရန် ဖြစ်ပါသည်။ နေ့လယ်နေ့ခင်းတွင်လည်း အင်္ကျီလက်ရှည်၊ ပုဆိုးရှည်ရှည်ဝတ်ဆင်ခြင်း၊ ခြင်ထောင်ဖြင့် အိပ်စက်ခြင်း၊ ရေစီးရေလာကောင်းပြီး ခြင်မပေါက်ပွားစေရန် ရေဆိုးမြောင်းများ ရှင်းလင်းခြင်း၊ လေဝင်လေထွက်ကောင်းပြီး ခြင်မခိုအောင်းနိုင်အောင် အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ခြံတွင်း ခြံပြင် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ကိုယ်ထူကိုယ်ထ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့အပြင် အစားအစာသန့်ရှင်းခြင်း၊ ရေသန့်ရှင်းခြင်း၊ လက်သန့်ရှင်းခြင်း၊ အိမ်သာ(မိလ္လာ)သန့်ရှင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းခြင်း စသည့် သန့်(၅)သန့်နှင့်အညီ မိမိအသိစိတ်ဓာတ်ဖြင့် အိမ်ထောင်စု တစ်စုချင်းစီတိုင်း တာဝန်ယူကြမည် ဆိုပါလျှင် သန့်ရှင်းကျန်းမာသော စံပြရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်မှသည် တစ်နိုင်ငံလုံး အတိုင်းအတာထိ သွေးလွန်တုပ်ကွေးရောဂါကျဆင်းလာမည်ဟု သုံးသပ်မိပါသည်။

အချုပ်အားဖြင့်ဆိုသော် ကူးစက်ရောဂါဆိုင်ရာ (Epidemiology)အရ သွေးလွန်တုပ်ကွေးရောဂါသည် လေးနှစ်လျှင်တစ်ကြိမ် အပြင်းအထန် (Outbreak) ဖြစ်ပွားတတ်သည်။ ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် သွေးလွန်တုပ်ကွေးရောဂါ အပြင်းအထန်ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ်မှာလည်း သွေးလွန်တုပ်ကွေးရောဂါ ပြင်းပြင်းထန်ထန် ဖြစ်ပွားနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားသည်။ အထက်တွင်ဖော်ပြထားသည့်အတိုင်း ကိုဗစ်-၁၉ ကာလ လူစုလူဝေး ရှောင်သည့်အနေဖြင့် မိမိအိမ်တွင်း အနေများကြရခြင်းက အေးဒီးစ်ခြင်ကျားအကိုက်ခံရနိုင်ခြေ အခွင့်အလမ်းသာနေသဖြင့် ယခုနှစ် ကိုဗစ်-၁၉ ကာလမှာလည်း သွေးလွန်တုပ်ကွေးအန္တရာယ် အထူးသတိရှိကြစေချင်ပါကြောင်း။ ။

# လှိုင်လင်မြို့နယ်ရှိ ကျေးရွာ ၃၈ ရွာ၌ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေး ဆောင်ရွက်ပြီးစီး

**လှိုင်လင် ဇွန် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၈ ရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်နှင့် ကျေးရွာနေပြည်သူလူထု စုပေါင်းထည့်ဝင်ငွေများဖြင့် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးရွာ ၃၈ရွာမှာ ပန်လင်း၊ နင်းမွန်း၊ ဝမ်တုတ်၊ ဝမ်ကျောင်း၊ စစ်လောက်၊ လျန်လျင်၊ ကုန်းလောင်၊ ကုန်းလုံ၊ စံပူး၊ လှိုင်မူး၊ နဲလိန်း၊ တွန်တီး၊ လုံခေါ်၊ ကုန်းမယ်ဇလီ၊ ဒုံတန်၊ နားသော်၊ ပန်ဟု၊ နမ့်ယိုမူ၊ နမ့်လန်း၊ ဆန်ဆန်၊ လွယ်ကင်၊ ဝမ်ဆောက်၊ နောင်ပါတပ်၊ ဝမ်နောင်၊ ကောင်းမဲ့၊ ညာပန်း၊ ကွန်ကန်၊ ပါဟုတ်၊ ခဲလောင်း၊ လုံအောင်၊ ရွှေဥဒေါင်း၊ နမ့်ဆိုင်း၊ လုံချိန်၊ ပန်ပိန်း၊ ဝမ်စန်း၊ နမ့်ထမို၊ ခိုက်မိုက်ဆော့၊ နောင်ကွတ်ကျေးရွာများ ဖြစ်သည်။

ဆိုလာယူနစ်များအနေဖြင့် တစ်အိမ်သုံး ၆၀ ဝပ် ဆိုလာအစုံ ၁၀၇၀၊ ၁၀၀ ဝပ်ဆိုလာ ၆၁၂ စုံ၊ လမ်းမီးတိုင် ၁၅၂ စုံ၊ မူလတန်းကျောင်းအတွက် ၁၆ စုံ၊ မူလွန်ကျောင်းအတွက် နှစ်စုံ၊ အလယ်တန်းကျောင်းအတွက် နှစ်စုံ၊ ဘာသာရေးအဆောက်အအုံများအတွက် ၁၈ စုံ၊ ကျေးလက်ဆေးပေးခန်းများအတွက် ငါး စုံ၊ စုစုပေါင်းဆိုလာ ၁၈၇၇ စုံကို ယခုနှစ်ဇန်နဝါရီလအတွင်းက စတင်တပ်ဆင်ပေးခဲ့ရာ ယခု ဇွန်လထဲတွင် ဆိုလာများအားလုံး ရာနှုန်းပြည့် တပ်ဆင်ဆောင်ရွက်ပြီးစီးသွားခြင်းဖြစ်သည်။

တစ်အိမ်သုံးဆိုလာများကို ဒေသခံပြည်သူများက မိမိပိုင်ပစ္စည်းကဲ့သို့ စနစ်တကျ ကိုင်တွယ်အသုံးပြုစေရန် ရည်ရွယ်လျက် ဝပ် ၆၀ ဆိုလာစနစ်အတွက် တစ်စုံလျှင် ကျပ်ငါးသောင်းနှင့် ဝပ် ၁၀၀ ဆိုလာစနစ်အတွက် တစ်စုံလျှင် ကျပ် ၁၅၀၀၀၀ ပြည်သူများက အချိုးကျ အရစ်ကျစနစ်ဖြင့် နှစ်ကြိမ်ခွဲ၍ ထည့်ဝင်ရပြီး ဆိုလာစနစ် တစ်စုံစာအတွက် ကျန်ရှိသည့် တန်ဖိုးကို စီမံကိန်းရန်ပုံငွေမှ ကျခံပေးသည်။

စီမံကိန်းကျေးရွာများရှိ အများပြည်သူဆိုင်ရာ အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးကျောင်းများနှင့် လမ်းမီးတိုင်များကိုမူ စီမံကိန်းရန်ပုံငွေမှ ရာနှုန်းပြည့် အခမဲ့ထောက်ပံ့၍ ဆိုလာများ တပ်ဆင်ပေးခဲ့ကြောင်း လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအောင်ကျော်ဟိန်းထံမှ သိရသည်။

**ငြိမ်းသူ**



တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေး ဆောင်ရွက်စဉ်။

# ဖန်းမောက်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး သစ်သားတံတား လေးစင်းတည်ဆောက်လျက်ရှိ

**ဖန်းမောက် ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ်နှင့် အင်းတော်မြို့နယ် ညောင်ပင်သာကျေးရွာကို ဆက်သွယ်ထားသည့် မြို့နယ်ချင်းဆက် တောင်ပတ်လမ်းမပေါ်၌ သစ်သားတံတား လေးစင်းကို ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုး၍ ဇွန်လ ၁၈ ရက်မှ စတင်တည်ဆောက်လျက်ရှိသည်။ **(ယာပုံ)**



ဖန်းမောက်မြို့နယ်မှ အင်းတော်မြို့နယ် ညောင်ပင်သာကျေးရွာ တောင်ပတ်လမ်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကျယ် ၁၈ ပေနှင့် အရှည် ရှစ်မိုင် ခုနစ် ဖာလုံရှိသော မြေသားလမ်းအဖြစ် ခင်းပေးထားပြီး လမ်းများကောင်းမွန်လာသော်လည်း မိုးရာသီတွင် တောင်ကျချောင်းရေများကြောင့် ယခင်ကဆောက်လုပ်ထားသော တံတားများမှာ ရေတိုက်စားပြီး ပျက်စီးယိုယွင်းသွားခဲ့သဖြင့် နေ့စဉ်သွားလာနေကြသည့် ဆိုင်ကယ်များနှင့် ကားများ သွားလာရေး အခက်အခဲများစွာ ရှိခဲ့သဖြင့် အလှူရှင် ဦးပူစီနံက ကျပ်သိန်း ၃၀ မတည်၍ မံထုံဒေသစိတ်မှ ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေ ကျပ်သိန်း ၆၀ နှင့် လုပ်အားဒါနများဖြင့် အရှည် ၁၈ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့်ခုနစ်ပေရှိ သစ်သားတံတား တစ်စင်းနှင့် အရှည် ၂၅ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ခြောက်ပေရှိ သစ်သားတံတားသုံးစင်း၊ စုစုပေါင်း တံတား လေးစင်းကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်နေခြင်းဖြစ်သည်။

"မိုးရာသီရောက်တဲ့အခါမှာ တောင်ကျရေတွေကြောင့် တံတားတွေက ပျက်စီးနေတော့ နေစဉ်ခရီးသွားလာနေကြတဲ့ ဒေသခံပြည်သူတွေ သွားလာရေးအခက်အခဲတွေနဲ့ ဒုက္ခရောက်နေကြရတာမို့ ဒီတံတားလေးစင်းကို ဦးပူစီနံကသိန်း ၃၀ မတည်ပြီး ကျွန်တော်တို့ ဒေသခံပြည်သူက ထည့်ဝင်ငွေ ကျပ်သိန်း ၆၀ နဲ့ ကိုယ့်အားကိုယ်ကိုး တည်ဆောက်နေတာပါ"ဟု မံထုံကျေးရွာနေ ဦးအောင်မြင့်က ပြောသည်။

အဆိုပါသစ်သားတံတား လေးစင်း တည်ဆောက်ပြီးစီးပါက ဖန်းမောက်မြို့နယ်မှ အင်းတော်မြို့နယ်ရှိ ကျေးရွာများသို့သာမက ကချင်ပြည်နယ်အတွင်း အခြားဒေသများသို့ပါ ကုန်စည်စီးဆင်းမှုများအပြင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် အချိန်တိုအတွင်း သွားလာရေး လွယ်ကူချောမွေ့ ကောင်းမွန်လာတော့မည် ဖြစ်သည်။

**လှိုင်ဘွား(ဖန်းမောက်)**

# ကန်ပက်လက်မြို့နယ် အောက်ဗွီတုံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီး

**ကန်ပက်လက် ဇွန် ၂၁**

ချင်းပြည်နယ် မင်းတပ်ခရိုင် ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွန်ဒုံကျေးရွာအုပ်စု အောက်ဗွီတုံကျေးရွာမှ ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များကို လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန် ရည်ရွယ်လျက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)အရ ဖောက်လုပ်ပေးခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်းများ ပြီးစီးသွားသဖြင့် ဇွန် ၂၀ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထန်းအွမ်နှင့် ဒုတိယဦးစီးမှူး ဦးအောင်မြင့်တို့က ကျေးရွာမှ စီမံကိန်းကော်မတီဝင်များနှင့်အတူ အောက်ဗွီတုံကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီးနောက် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် လမ်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် အရှည် ၁ မိုင်၊ အကျယ် ၁၂ ပေ မြေသားလမ်းအဖြစ် ကျေးရွာနေပြည်သူများကိုယ်တိုင် တာဝန်ယူ၍ အကောင်အထည်ဖော် ဖောက်လုပ်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းသည် အောက်ဗွီတုံကျေးရွာရှိ လယ်ယာဧက ၂၀၀ ကျော်မှ ထွက်ကုန်များကို မြို့ပေါ်ဈေးကွက်သို့ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုးကျော်**



ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

# ထားဝယ်မြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ထားဝယ် ဇွန် ၂၁**

၂၀၂၁ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က ထားဝယ်မြို့ရှိ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အိမ်ရာဝင်းအတွင်း ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဦးတင်အောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက မဟော်ဂနီ၊ စိန်ပန်း၊ ကညင်၊ ခရေ၊ ပျဉ်းကတိုး၊ ပိတောက်၊ သင်္ကန်း၊ သစ်ရှိုး၊ တမလန်း၊ ငုဝါ၊ ကံ့ကော် စသည့် သစ်ပင်မျိုးစုံ ပျိုးပင် ၁၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# မြိတ်မြို့တွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းနှစ်ချောင်းကို တူးဖော်သွားမည်

မြိတ် ဇွန် ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် အားထားရသော ဘုရားကိုင်ချောင်းနှင့် မြိတ်တောင်ချောင်းတို့ကို တိမ်ကောမှုမရှိစေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကုန်း/ရေနှစ်တန်သွား ဘက်ဟိုး(မြေတူးယာဉ်)ဖြင့် ပြန်လည်တူးဖော်သွားရန် ရန်ပုံငွေများ လျာထားပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘုရားကိုင်ချောင်းနှင့် မြိတ်တောင်ချောင်းတို့သည် မြို့ပေါ်ရပ်ကွက်များအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိပြီး နှစ်စဉ် ပင်လယ်ဒီရေ အတက်အကျနှင့် မိုးရေကြောင့် သဲ၊ နုန်းများ ပို့ချခြင်းနှင့် ဗေဒါပင်၊ ဒိုက်ပင်နှင့် အမှိုက်များကြောင့် ချောင်းတိမ်ကောခြင်းများ ဖြစ်လာခဲ့ရာ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ချောင်းတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ ချောင်းများ ပြန်လည်တူးဖော်ရန်အတွက် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဝယ်ယူထားသည့် ကုန်း/ရေနှစ်တန်သွား ဘက်ဟိုး (မြေတူးယာဉ်)လည်း ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

"အဓိကအားဖြင့် ရေပေါ်သွားလာနိုင်တဲ့ ဘက်ဟိုးယာဉ်နဲ့ ရေအနက် လေးပေမှ ရှစ်ပေအထိရှိတဲ့ နေရာတွေမှာ ရေထဲမှာရှိတဲ့ နုန်းတွေနဲ့ ကြမ်းပြင်မှာရှိတဲ့ အမှိုက်တွေကို တူးဖော်သွားမှာဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့ရဲ့ လာမယ့်ဘဏ္ဍာရေးနှစ်များမှာလည်း ချောင်းတူးဖော်ဖို့ ရန်ပုံငွေ ထည့်သွင်းရေးဆွဲလျာထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး မြိတ်တောင်ချောင်း၊ ဘုရားကိုင်ချောင်းတူးဖော်မှုများကို ပြည်သူလူထုပူးပေါင်းမှုနှင့်အတူ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးက ပြောသည်။

ကုန်း/ရေနှစ်တန်သွား ဘက်ဟိုး(မြေတူးယာဉ်)သည် CAT 307.5 AM 80 အမျိုးအစားဖြစ်ပြီး ယာဉ်အကျယ်သည် ၁၁ ပေ ၁ လက်မရှိကာ ၁၃ ပေ ၉ လက်မအထိ ချဲ့ကားနိုင်ကြောင်း၊ ထို့အတူ ယာဉ်တွင် ရေလုံဖောနှစ်ဖက် မတပ်ဆင်ဘဲ ရေအနက် ၁ ဒသမ ၁ မီတာဆင်း၍ တူးဖော်နိုင်ပြီး ယာဉ်တွင် ရေလုံဖောနှစ်ဖက် တပ်ဆင်ပါက ရေအနက် ၂ ဒသမ ၅ မီတာရှိသည့် ချောင်းအတွင်းဆင်း၍ မောင်းနှင်နိုင်ကာ ယာဉ်မှာ ပါရှိသည့် လက်တံဖြင့် အနက် ၁၂ ပေ ၆ လက်မအထိ တူးဖော်နိုင်ကြောင်း၊ အဆိုပါ ဘက်ဟိုးယာဉ်ကို စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ကျပ်သိန်း ၂၇၉၀ ဖြင့် ဝယ်ယူထားခြင်းဖြစ်ကြောင်း မြိတ်စည်ပင်မှ သိရသည်။



တိမ်ကောနေသောချောင်းကို ကုန်း/ရေနှစ်တန်သွား ဘက်ဟိုးယာဉ်ဖြင့် ပြန်လည်ဆယ်ယူစဉ်။

**ခိုင်ထူး( မြိတ်)**

## ကျောက်မဲမြို့နယ်တွင် ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး

ကျောက်မဲ ဇွန် ၂၁

ကျောက်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဝင်းထိန်နှင့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသည့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၀ ရက်က နယ်မြေခံတပ်ရင်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် နိုင်ငံသားစိစစ်ရေးကတ်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်လည်းကောင်း၊ ပိန္နဲကုန်းကျေးရွာ အုပ်စုရှိ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပိန္နဲကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင်လည်းကောင်း ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများအား အသစ်ပြုလုပ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံး/ပျက်စီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပြန်လျှောက်စေခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းအသစ်များ ပြုလုပ်ပေးခြင်း၊ မွေးတိုးများကို ဖြည့်သွင်းပေးခြင်းနှင့် သေဆုံးသူများကို အိမ်ထောင်စုစာရင်းမှ ဖျက်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ကျောက်မဲမြို့နယ်၌ ပန်းခင်းစီမံချက် စတင်သည့် မေ ၃ ရက်မှစ၍ ဇွန် ၂၀ ရက်အထိ လူဦးရေ ၅၆၂ ဦးအတွက် အသက် ၁၀ နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်၊ လူဦးရေ ၃၃၅ ဦးအတွက် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား အသစ်များ ပြုလုပ်ပေးနိုင်ခဲ့ပြီး လူဦးရေ ၂၀၀ အတွက် အသက် ၁၀ နှစ်ပြည့်မှ အသက် ၁၈ နှစ်ပြည့် ကတ်လဲလှယ်ပေးခြင်းနှင့် လူဦးရေ ၁၁၇ ဦးအတွက် ကတ်ပျောက်ဆုံး/ပျက်စီးအတွက် အစားထိုးထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း မြို့နယ်အတွင်းမှ ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းထိန်၏ ပြောကြားချက်အရ သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲနည်း သင်တန်းပို့ချ

ပခုက္ကူ ဇွန် ၂၁

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပခုက္ကူမြို့နယ်အတွင်း၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (VDP)ကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးရွာ ၂၄ ရွာမှ စီမံကိန်းကော်မတီဝင်များအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံချက်ရေးဆွဲနည်း သင်တန်းကို ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇွန် ၁၇ ရက်မှ စတင်ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို ကျေးလက်နေပြည်သူများကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဦးစားပေးအစီအစဉ်အလိုက် စီမံကိန်းများ ရေးဆွဲဖော်ထုတ်နိုင်စေရန်၊ ကျေးရွာများ၏ ဦးစားပေး စီမံကိန်းများအပေါ် အခြေခံ၍ နှစ်စဉ် ရန်ပုံငွေများ လျာထားပြီး စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊ စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။

သင်တန်းတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပခုက္ကူမြို့နယ်အတွင်း ကျေးရွာ ၂၄ ရွာမှ ကော်မတီဝင် သင်တန်းသား ၄၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇွန် ၂၁ ရက်အထိဖြစ်ကာ သင်တန်းတွင် ကျေးရွာဖွံ့ဖြိုးရေးအကျိုးဆောင်၏ လုပ်ငန်းတာဝန်များ၊ PRA tools ရေးဆွဲနည်းအဆင့်ဆင့်၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယား ၄၈ ခု၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်းရေးသားနည်း စသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း ပခုက္ကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်မြို့နယ်ဦးစီးမှူး ဒေါ်ဖြူဖြူဝင်းထံမှ သိရသည်။

**ဆလိုင်းကိုကီး(ပြန်/ဆက်)**




## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်

မြဝတီ ဇွန် ၂၁ - ကရင်ပြည်နယ် မြဝတီမြို့တွင် ဒေသခံပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း လုပ်ငန်းများနှင့် ရေစည် ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းများကို ဇွန် ၂၀ ရက်က မြဝတီမြို့ အမှတ်(၁)ရပ်ကွက်၌ စုပေါင်းဆောင်ရွက်သည်။ မြဝတီမြို့ အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်သန်းနှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းကာ သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် ခြင်နှိမ်နင်းရေး လုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ် သရုပ်ပြခြင်းများကို ဆောင်ရွက်ပြီးနောက် ပြည်သူများ၏ အိမ်များရှိ ရေစည်၊ ရေကန်များအတွင်း အဘိတ်ဆေးများ ခတ်ပေးခြင်းဖြစ်သည်။ **မန်းသန်းရွှေမြင့်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ငွေကျပ် ၃၄ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ အိုက်စ် ၁၇၁၀ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ငွေကျပ် ၃၄ ဒသမ ၂ ဘီလီယံ တန်ဖိုးရှိ အိုက်စ် ၁၇၁၀ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ကျိုင်းတုံ-မိုင်းဖြတ်သွားကားလမ်း တာကျောက်ကျေးရွာအနီးတွင် ကျိုင်းတုံမြို့နယ်မှ မိုင်းဖြတ်မြို့နယ်သို့ အားလာ (၂၄) နှစ် မောင်းနှင်ပြီး ဒီအယ် (၃၆) နှစ်နှင့် စိုင်းယီတစ် (၃၂) နှစ် တို့လိုက်ပါလာသည့် DUMP TRUCK အမျိုးအစား မြေသယ်ယာဉ်ကို သတင်းအရ ရပ်တန့်ရှာဖွေစစ်ဆေးရာ ဒေသကာလ တန်ဖိုး ငွေကျပ် ၃၄ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ အိုက်စ် (Crystal Methamphetamine) ၁၇၁၀ ကီလို၊ ပစ္စတိုသေနတ် သုံးလက်၊ ၎င်းကျည် ၂၇ တောင့်ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများအား မိုင်းခတ်မြို့နယ်မှ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



အားလာ၊ စိုင်းယီတစ်၊ ဒီအယ်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မိန်းကလေးနှစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၂၁

မြန်မာမိန်းကလေးနှစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်ထောင် ကျေးရွာနေ မခင်မျိုးမြင့် (ခ)စန္ဒာဝင်း က တစ်ရွာတည်းနေ မ... (၁၅) နှစ်နှင့် မ... (၁၆) နှစ်တို့ကို တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားခဲ့မှုအား မိုးမောက်မြို့မရဲစခန်း(ပ)၅/၂၀၂၁၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ဗန်းမော်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၁၇ ရက်တွင် တရားခံ မခင်မျိုးမြင့် (ခ) စန္ဒာဝင်းကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လှိုင်းအသင့်အတင့် ရှိမည်

နေပြည်တော် ဇွန် ၂၁

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်(၁၀၀)၊ အခန်း(၃၀၁)နေ ဒေါ်မေမျိုးနွယ် ၈/လမန(နိုင်)၀၈၄၉၀၁ပိုင်ဆိုင်သော ကမာရွတ်မြို့နယ်၊ အောင်ချမ်းသာလမ်း၊ (၅)ရပ်ကွက်၊ တိုက်(၁၂၃)၊ အခန်း(၁၀၂)၊ ပထမထပ်အကျယ်အဝန်း(၁၂ ၁/၂ပေx၅၀ပေ)၊ တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သဲမာ ၁၂/မလန(နိုင်)၀၃၈၉၅၂မှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စောစန္ဒီစိမ့်(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၇၁၉၀)**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ အခန်း(၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၃၇၀၁၈၃၅**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/8926, ISUZU ELF NHR 69 Van(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးပြုံးမောင်မောင်ညွန့် ၁၂/တကန(နိုင်)၁၅၇၃၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

### အမြန်ငှားမည်

ရွှေချမ်းသာကွန်ဒို (AYCT Condo)ငှားမည် အသင့်နေထိုင်ရန်ရေိယာ 1200Sqft ရှိ ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ရန် -

**ဖုန်း-၀၉-၇၇၈၈၇၇၀၄၀၊**
**၀၉-၂၆၂၇၈၆၆၉၇**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ တိုက်အမှတ်-(၂၀၃)၊ (၂)ခန်းတွဲ (၈)ထပ်ခွဲတိုက်၏ တတိယထပ်(ခေါင်းရင်းခန်း)၊ အခန်းအမှတ်-(3-A)တိုက်ခန်း နှင့် အခန်းတွင်တပ်ဆင်ထားသော ရေမီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းဖြင့် ပြောဆိုဝန်ခံသူ ဒေါ်ဆွေဆွေဝင်း ၅/ရဘန(နိုင်)၁၂၀၃၄၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲနောင်ထွန်း ၁၂/အစန(နိုင်)၂၂၂၅၆၈က အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ(LL.B)၊**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၄၅)**
**တိုက်အမှတ်-B-6၊ အခန်း(၄၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၇၇၈၃၅၁၆**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၁၁၈)ဟုခေါ်တွင်သည့်(၂)ခန်းတွဲ၊ ခုနစ်ထပ်တိုက်၊ ငါးလွှာ ခေါင်းရင်းခန်း ပေ(၁၂x၆၃)ကျယ် တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ကြည် ၁၂/အလန(နိုင်)၀၂၂၈၃၂၊ ဦးမြင့်ဇော် ၁၂/အလန(နိုင်)၀၃၉၃၈၃၊ ဦးသိန်းဇော်၁၂/အလန(နိုင်)၀၂၅၉၁၁ (မြေရှင်များ) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေထားပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာဝင်း ဒေါ်စိုးစိုး**
**(စဉ်-၆၄၆၁) (စဉ်-၇၁၉၃)**
**တရားလွှတ်တော်ရှေ့နေများ**
**တိုက်အမှတ်(၁၀/၁၂)၊ အခန်း(၁၀၃/ဒီ)၊ ပထမထပ်၊**
**၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၈၀၃၃၂၊ ၀၉-၄၂၁၀၄၃၆၈၈**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/4729 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၄၈၀၊ မြေကွက်တည်နေရာ အမှတ်(၄၈၀)၊ ဇာနည်(၁၄)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးထွန်းခင် (S/OKA-၀၀၀၁၅၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းခင်(ဖခင်)ကွယ်လွန်ပြီး ဒေါ်သန်းနု (မိခင်)ပါ ကွယ်လွန်သဖြင့် ဒေါ်ဌေးဌေး ၁၂/ဥကတ(နိုင်)၀၂၃၁၀၉မှ တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ(၇/၂၅၁၃/၁၅-၇-၂၀၂၀)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် ဂရန်မူရင်း တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မုံတောကျေးရွာနေ ဦးကံထွန်း၏သား ဦးညွန့်ဝေနှင့် ဦးငယ်လေး AMA-၁၄၂၇၈၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### အမည်မှန်

ဦးအောင်ကျော်သန်း ၁၁/မဥန(နိုင်)၀၅၈၆၇၅၏သား မြောက်ဦးမြို့နယ်၊ အလက(ခွဲ) (အုက္ကန်) အဌမတန်းမှ လှဘုခိုင်၏ အမည်မှန်မှာ ထွန်းနိုင်လင်း ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးမောင်မောင်လွင် ၁၁/မအန(နိုင်)၀၂၆၀၃၂၏သမီး စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ အထက(၁)စစ်တွေ Grade-7မှ မလင်းနေခြည်ထက်အား မဆုဝေဝေခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မဆုဝေဝေခိုင်**

### ဖခင်အမည်မှန်

စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ အထက (၉) စစ်တွေ Grade-11 မှ မောင်သန်းနိုင်ဦးနှင့် Grade-8 မှ မသန်းမြတ်စိုး တို့၏ ဖခင် ဦးခင်မောင်ချေ၏ အမည်မှန်မှာ ဦးခင်မောင်ချို ၁၁/စတန(နိုင်)၁၁၀၈၅၆ဖြစ်ပါကြောင်း။ **ဦးခင်မောင်ချို**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1P/2022 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်အောင်မင်း ၁၂/ကမရ(နိုင်)၀၁၅၃၈၃က (ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/5030 Nissan Atlas R 4F23, L/T(4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးသီဟမင်းဒင် ၁၂/ကမရ(နိုင်)၀၂၈၈၁၆က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**ပုသိမ်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၈၈၁/၁၁၈၁ မြေကွက်တည်နေရာ အမှတ်၈၈၁/၁၁၈၁၊ အင်ကြင်းလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်အေးသန်း (SYHE-၀၃၆၆၀၈) အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ် (ဂရန်)မြေအား ဂရန်အမည်ပေါက် ဒေါ်အေးသန်းအား တရားပြိုင်ထားကာ (၁) ဦးကံညွန့် (၂) ဒေါ်မီမီအောင်၊ (၃)ဒေါ်ဝေမီကံ၊ (၄) ဒေါ်သီရိမီကံ၊ (၁၊ ၂၊ ၄ တရားလိုတို့၏ ကိုယ်စားလှယ် ဒေါ်ဝေမီကံ) မှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် တရားရုံးတွင် တရားမကြီးမှုအမှတ် ၂၈/၂၀၂၀ ဖြင့် ပဋိညာဉ်အတိုင်း အိမ်၊ ခြံမြေ အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်ကို မှတ်ပုံတင်ပေးစေလိုကြောင်း စွဲဆိုခဲ့ရာ အနိုင်ဒီကရီ ရရှိခဲ့ပါသဖြင့် တရားရုံး(ကိုယ်စား) ယင်းတရားရုံး ဘိလစ်ဒေါ်လဲ့လဲ့ခိုင်မှ တရားမကြီးမှုအမှတ် ၂၈/၂၀၂၀ ၏ ၁၀-၇-၂၀၂၀ ရက်စွဲပါ စီရင်ချက်ဒီကရီနှင့် ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ် ၃၈/၂၀၂၀ ၏ နေ့စဉ်မှတ်တမ်း ဘိလစ်ခန့်အပ်စာ ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဖျာပုံခရိုင်ရုံးတွင် မှတ်ပုံတင်ထားသော အောင်သုခ(၂)အမည်ရှိ ငါးဖမ်းစက်လှေ မှတ်ပုံတင်အမှတ်(DMA/DPP/0310) စုစုပေါင်းတန်ချိန်(၂၁.၇၀)အား ဂရန်မူလပိုင်ရှင်ဖြစ်သော ဦးသူရိန်ထွန်း ၁၄/ဖပန(နိုင်)၂၀၈၄၂၅အမည်မှ ဦးတင်အောင်မိုး ၁၄/ဖပန(နိုင်)၀၉၇၅၈၈ (၃)လမ်း၊ (၆)ရပ်ကွက်၊ ဖျာပုံမြို့သို့ ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခရိုင်ဦးစီးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ဖျာပုံခရိုင်ရုံးသို့လိပ်မူ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ ပိုင်ရှင်အမည်ပြောင်းလဲခြင်းကိစ္စအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ဖျာပုံခရိုင်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ နယ်မြေ(၃)၊ အကွက်ကြီးအမှတ်၁၇(ဇ)ကျီတော်ကုန်း၌ ဦးခင်မောင်သန်းနှင့်ဇနီး ဒေါ်ဝါဝါဦးတို့လက်ရှိနေထိုင်လျက်ရှိသော (၁၁၅x ၄၀၀) ပေအကျယ်ရှိ ဝိုင်းမြေကွက်သည် အမွေဝေစုအဖြစ် သတ်မှတ်ရရှိထားသည့် ဝိုင်းမြေကွက်ဖြစ်ကြောင်း၊ ဆိုပါဝိုင်းမြေကွက်၏ အရှေ့မျက်နှာစာ(၃၈)ပေ၊ အနောက်မျက်နှာစာ(၃၂)ပေ၊ အရှေ့အနောက်(၅၀)ပေ အကျယ် အရှိ ဝိုင်းမြေကွက်အား လွှဲပြောင်းရောင်းချရန်ကတိထား၍ ဦးခင်မောင်သန်းနှင့်ဇနီး ဒေါ်ဝါဝါဦးတို့သည် (၁၉-၆-၂၀၂၁)ရက်က စာချုပ်ချုပ်ဆို၍ ကျွန်ုပ်အမှုသည် ဦးသိန်းထွေးထံမှ စရန်ငွေရယူထားပြီးဖြစ်ပါသည်။ ဖော်ပြပါလွှဲပြောင်းရောင်းချရန်ကတိထားသည့် ဝိုင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက အပြီးသတ်ရောင်းချခြင်းကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးမောင်မောင်တိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၂)**
**ဖုန်း-၀၉-၉၇၄၈၁၀၃၃၂၂**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၂၅၈၊ အကျယ်အဝန်း(၄၀'x၆၀')ရှိ ပါမစ်မြေကွက် မှ မခွဲစိတ်ရသေးသော မြေ၏(ခေါင်းရင်းခြမ်း)(၂၀'x၆၀')ရှိမြေနှင့် ၎င်းမြေပေါ်ရှိ အမှတ်-၂၅၈(က)၊ လှိုင်သီတာလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် ဥပစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မူလအမည်ပေါက် ဦးမောင်မောင် (SGG-105750)ထံမှ အဆက်အစပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်လင်းထက် ၁၂/ဥကတ(နိုင်)၁၇၂၁၃၄ထံမှ ကျွန်ုပ်အမှုသည်က ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အထက်ဖော်ပြပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၁)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၀၆၅၅၇၃၈၊ ၀၉-၄၅၀၀၅၁၇၀၃**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း


ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၈၊ အုပ်လှငယ်လမ်း၊ မြေကွက်အမှတ်-၁၉၉၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေ၊ မခွဲစိတ်ရသေးသော (၄၀ပေ x ၆၀ပေ)အနက်မှ ခေါင်းရင်းခြမ်း (၃၀ပေ x ၆၀ပေ)အကျယ်အဝန်းရှိ ဦးကျော်မြင့်(ISN-186795)အမည်ပေါက် မြေကွက်ကို ၁၁-၆-၂၀၂၁ ရက်စွဲပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၇၈/၂၀၂၁)အရ ဦးဇော်မိုးခိုင် ၅/ခဥန(နိုင်)၀၇၀၉၆၈က ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း ကြေညာသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B)** | **ဒေါ်မိုးမီမီခိုင် (LL.B)** |
| **(စဉ်-၅၃၃၆၉)** | **(စဉ်-၅၃၄၉၁)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



မုစလိန္ဒအိုင်



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
( ၉ ) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အသုံးမပြုနှစ်ကြာပစ္စည်းအဟောင်းများ ရောင်းချရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ပုံနှိပ်စက်ရုံ အသီးသီးရှိ အသုံးမပြုနှစ်ကြာပစ္စည်းဟောင်းများအား ပုံတိုက်စနစ်ဖြင့်ရောင်းချမည်ဖြစ်၍ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၃၀၀၀ိ/-နှုန်းဖြင့် ၂၁-၆-၂၀၂၂ ရက်မှ ၃၀-၆-၂၀၂၂ ရက်ထိ နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအထိ ရုံးချိန်များအတွင်း အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်တွင် ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၅-၇-၂၀၂၂ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကျော်လွန်သော တင်ဒါပုံစံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ တင်ဒါပုံစံစည်းကမ်းချက်များ၊ အသုံးမပြုနှစ်ကြာပစ္စည်းအဟောင်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့**
**ဖုန်း-၀၁၈-၃၈၀၈၀၄၊ ၀၁၈-၃၈၂၀၇၀**

## ဦးအေးမင်းစိုး ၇/ရတရ(နိုင်)၀၀၁၄၉၁နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုးခိုင်(မန်နေဂျင်းဒါရိုက်တာ) ဟိဏ်းဖြိုးစံ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ မိုးညှင်းမြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးခိုင်(ဟိဏ်းဖြိုးစံဆောက်လုပ်ရေးကုမ္ပဏီ)နှင့် ဦးအေးမင်းစိုးတို့သည် ဦးအေးမင်းစိုးပိုင်ဆိုင်သော ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ ရှမ်းရွာကျေးရွာကွင်းအမှတ်(၇၁၇)၊ စိုက်ပျိုးမြေပေါ်တွင်(၃x၃)ပင် တစ်ထပ်တိုက်ဆောက်လုပ်ရန် ၁၈-၄-၂၀၂၂ရက်တွင် နှစ်ဦးသဘောတူလုပ်ငန်းအပ်နှံ/လက်ခံစာချုပ် ချုပ်ဆိုခဲ့ပါသည်။

စာချုပ်အရ ဟိဏ်းဖြိုးစံကုမ္ပဏီသို့ လုပ်အားခပစ္စည်းငွေ ၁၆၀သိန်းဖြင့် နှစ်ဦးသဘောတူလုပ်ငန်းအပ်နှံ/လက်ခံခဲ့ကြပြီး အုတ်မြစ်ချ၊ တိုင်ထူအမိုးမိုးခြင်းလုပ်ငန်းနှင့် နံရံအုတ်စီအခန်းဖွဲ့၊ ဆေးသုတ်ဟူ၍ ခွဲခြားခဲ့ပါသည်။

စာချုပ်ပါသဘောတူညီချက်အရ အုတ်မြစ်ချခြင်း လုပ်ငန်းအတွက် သိန်း ၄၀ကို လက်ခံရရှိခဲ့ပါသည်။ အမိုးမိုးခြင်းလုပ်ငန်းပြီးစီးလျှင် ဒုတိယအရစ်ပေးရန် သိန်း၇၀မှ သိန်း ၂၀ကို ပေးအပ်ခဲ့၍ လက်ခံရရှိခဲ့ပါသည်။ အမိုးမိုးခြင်းလုပ်ငန်းပြီးစီးပါက ဒုတိယအရစ်သိန်း ၇၀မှ သိန်း၅၀ကို ပေးရမည်ဖြစ်သော်လည်း လူကြီးမင်းက ဆက်လက်၍ ငွေပေးချေခြင်းမပြုလိုပါသဖြင့် ကျွန်ုပ်အမှုသည် အသုံးပြုသော ပစ္စည်းများမှာ စံချိန် စံညွှန်းမပြည့်မီ၍ လုပ်ငန်းကိုရပ်ဆိုင်းရန် စာချုပ်ကိုဖောက်ဖျက်၍ ပြောကြားလာပါသည်။ ကျွန်ုပ်အမှုသည် အသုံးပြုထားသည့် ဘိလပ်မြေ၊ သစ်များမှာ အများပြည်သူများ အသုံးပြုသည့်စံချိန်မီပစ္စည်းများသာဖြစ်ပြီး အမိုးမိုးခြင်းလုပ်ငန်းကို ရပ်ဆိုင်းထားခဲ့ရရာ အဆိုပါရပ်ဆိုင်းမှုမှာ ကျွန်ုပ်အမှုသည်၏ တာဝန်မဟုတ်ပါ။

လူကြီးမင်း၏ လုပ်ငန်းရပ်ဆိုင်းရန် ပြောကြားချက်သည် နှစ်ဦးသဘောတူ လုပ်ငန်းအပ်နှံ/လက်ခံစာချုပ်တွင် ပါဝင်ခြင်းမရှိပါ။ ထိုသို့ပြောကြားခြင်းသည် ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာကို ထိခိုက်ပြောဆိုရာရောက်ပါသည်။

လူကြီးမင်းက လုပ်ငန်းကိုတစ်ဖက်သတ်ရပ်ဆိုင်းရန် ပြောကြားခဲ့သော်လည်း ချုပ်ဆိုထားသည့်စာချုပ်မှာ ပျက်ပြယ်မှုမရှိသေးပါ။ လူကြီးမင်းက ကုမ္ပဏီသို့ ပေးချေရန် သိန်း ၅၀ ကျန်ရှိနေပါသည်။ အဆောက်အအုံနှင့်ပတ်သက်၍ စာရင်းရှင်းလင်းမှုမပြီးပြတ်ခြင်းကြောင့် အဆိုပါအဆောက်အအုံအား မိမိကုမ္ပဏီမှတစ်ပါး အခြားသူ တစ်ဦးတစ်ယောက်က ဝင်ရောင်ဆောက်လုပ်ခြင်းကို ကန့်ကွက်ကြောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများသို့ အဆင့်ဆင့်တင်ပြသွားကာ ဖြေရှင်းမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်လှိုင်(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၁၉၅၈၄)**
**အရှေ့စု(၂)လမ်း၊ မိုးညှင်းမြို့**
**ဖုန်း-၀၉-၄၀၀၀၅၄၂၈၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄မိုးရိပ်၊ လူနေရပ်ကွက် အမှတ်-၄မိုးရိပ်၊ မြေကွက်အမှတ်-၁၁၅၊ ၄မိုးရိပ်ရပ်ကွက်၊ ၄မိုးရိပ်၉-လမ်း၊ အမှတ်-၁၁၅ ဟုခေါ်တွင်သော မြေရှင် ဦးဆန်နီအမည်ပေါက် နှစ်-၆၀ရန်မြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးခင်မောင်အေး ၁၂/မရက(နိုင်)၀၁၄၀၄၇ တာဝန်ယူဆောက်လုပ်ထားခဲ့သည့် ၂-ခန်းတွဲ၊ ၆-ထပ်တိုက်၏ ကန်ထရိုက်တာဝေစုရ ဒုတိယထပ်(ခြေရင်းခန်း)အား စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူပိုင်ဆိုင်လာခဲ့သည့် ဒေါ်ရီ ရီဝင်း ၁၂/လကန(နိုင်)၀၀၂၁၈၄ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးရန်နိုင်လင်း ၉/မထလ(နိုင်)၂၃၁၄၈၄ ဝယ်ယူရန် စရန်ငွေအချို့အဝက်ကို ပေးချေ ထားပြီး ဖြစ်ပါသည်။

ဆိုခဲ့ပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့် ရက်မှစ၍ (၇)ရက်အတွင်း သက်ဆိုင်သည့် ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးဇော်အောင်စိုး**
**LL.B.,C.B.L.,D.B.L.,D.I.L.**
**(စဉ်-၁၁၂၈၅)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၆-က)၊ ပထမထပ်(ခြေရင်းခန်း)၊ အထက်ဗဟိုရ်လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၃၁၈၃**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရမည်းသင်းမြို့၊ ရွှေပြည်သာရပ်ကွက်နေ ဦးရဲမြင့် ၁၃/ကတန(နိုင်)၀၁၃၂၃၅၊ ဒေါ်ရှိစီခင် ၁၃/ကတန(နိုင်)၀၀၈၂၅၆ တို့၏သားမောင်ရဲဇော်ထွန်း(ခ)ကိုလင်း ၁၃/တခလ(နိုင်)၀၄၁၀၉၉ သည် မိဘများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်မည်ဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သတ်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲမြင့်-ဒေါ်ရှိစီခင်**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**ကလောမြို့နယ်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၁ နှင့် ဆက်နွှယ်သည့်**
**၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ် - ၇**

ဦးအန်းကူ နှင့် ၁။ ဦးသိန်းဟန်
၂။ ဒေါ်ငွေငွေဦး
၃။ ဦးကျော်မိုးအောင်
၄။ ဒေါ်နန်းစံဆိုင်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ဒေါ်ငွေငွေဦး၊ ဦးကျော်မိုးအောင်၊ ဒေါ်နန်းစံဆိုင် (၃၃၂/ခ)၊ သမာဓိ(၄)လမ်း၊ ၃၉-Bရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၂၁တွင် ကျရှိသည့်ဒီကရီ အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၆ ရက် (၁၃၈၃ ခုနှစ် ဝါဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဇွန် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးလဲ့စန္ဒီမြင့်)**
**မြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**ကလောမြို့နယ်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၃ နှင့် ဆက်နွှယ်သည့်**
**၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ် - ၉**

ဦးအန်းကူ နှင့် ၁။ ဦးအောင်မျိုးသန့်
၂။ ဦးယုသွင်
၃။ ဦးမြင့်အောင်
၄။ ဒေါ်တင်တင်ရီ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ဦးယုသွင် အမှတ် (၄/၁၅၃)၊ အမှတ်(၄)ရပ်ကွက်၊ ကလောမြို့နှင့် ဦးမြင့်အောင် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်၊ ကလောမြို့ (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၃တွင် ကျရှိသည့်ဒီကရီ အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၆ ရက် (၁၃၈၃ ခုနှစ် ဝါဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဇွန် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးလဲ့စန္ဒီမြင့်)**
**မြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**

## အများပြည်သူသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၂)လမ်း၊ အမှတ်(၄၉-က)၊ တတိယထပ်(၄)လွှာ၊ (၁၈ပေx၅၄ပေ)တိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ယဉ်အောင် ၁၁/ကဖန(နိုင်)၀၇၀၂၅၂ က ဒေါ်စိုးစိုးမြင့် ၁၂/ရပသ(နိုင်)၀၀၁၄၀၁ထံမှ အပြီးအပိုင် အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆို ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ခိုင်မာသော စာမှတ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံဆက်သွယ်၍ ၅-၇-၂၀၂၂ရက်မတိုင်မီ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာဦး**
**LL.B,D.I.L,D.I.P.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၉၈/၅-၁၂-၂၀၁၉)**
**အမှတ်(၅၈၉/ဈ)၊ မြို့ပတ်လမ်း၊ရွာမအနောက်ရပ်ကွက်**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၇၅၇၉၈၄၅၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်မှ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ မြေကွက်အမှတ် (ပ-၁၄၇၃)၊ ဦးခင်မောင်သိန်း ၁၀/သထန (နိုင်)၀၉၆၅၀၁ (ဘ) ဦးမောင်မောင်အုံး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးပြည့်ဖြိုးအောင် ၁၁/စတန(နိုင်)၀၆၈၆၄၃ (ဘ)ဦးထွန်းလှအောင်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၃၁/၂၀၂၀)တင်ပြ၍ ဒေါ်စိမ့်စိမ့်မင်း ၈/မကန(နိုင်)၁၂၀၁၀၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းအလယ်ပိုင်း၊ သဇင်မြိုင်လမ်း၊ မြေကွက်အမှတ်(၂၂၇၊ ၂၂၉)၊ ဧရိယာပေ( $\frac{၃၇ \frac{၁}{၂}}{၃၇}$ x $\frac{၉၇}{၆၀}$ ) ရှာမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်နှစ်လုံးအား ပိုင်ဆိုင်၍ ရောင်းချခွင့်ပြုကြောင်း ဝန်ခံကတိပြုသူ ဒေါ်အုန်းကြွယ် ၁၂/ရပသ(နိုင်)၀၁၄၁၅၈ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပို့ပို့အေးထွန်း ၁၂/ရပသ(နိုင်)၀၆၃၁၅၀ က ၁၅-၆-၂၀၁၈ရက်တွင် အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူပိုင်ဆိုင်ပြီးသော မြေနှင့်နေအိမ်ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါမြေနှင့် နေအိမ်သည် ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော မြေနှင့်နေအိမ်ဖြစ်၍ မည်သူမှ ကျွန်ုပ်မိတ်ဆွေသိရှိခြင်းမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ကျူးကျော်ခြင်းများ မပြုလုပ်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**ရှေ့နေများအသင်းနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၁၈၀/မမ/S&T | ရန်ကုန်မှ တညင်းကုန်း ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတလျှောက်ဘူတာ(၁၉)ဘူတာအတွက် ဆက်သွယ်ရေးအဆင့်မြှင့်တင်ရန် Optical Fiber Cable (Overhead) သွယ်တန်းခြင်းလုပ်ငန်း |
| ၂ | 12(T)28/MR (RBE) | RBE စက်ခေါင်းအရန်ပစ္စည်း(၈၄)မျိုးဝယ်ယူရန် (Transmission, Compressor, Control Valve, Bogie) |
| ၃ | 12(T)29/MR (RBE) | RBE စက်ခေါင်းအရန်ပစ္စည်း (၁၀၃)မျိုးဝယ်ယူရန်(Body, Painting, Electrical, Engine Spare Parts) |

တင်ဒါပိတ်မည့် နေ့/အချိန် - တင်ဒါအမှတ်စဉ် (၁) (၅ .၇.၂၀၂၂) (၁၄:၃၀)နာရီ
တင်ဒါအမှတ်စဉ် (၂၊ ၃) (၂၁ .၇.၂၀၂၂) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၁.၆.၂၀၂၂)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994, 291985

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**ကလောမြို့နယ်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၂ နှင့် ဆက်နွှယ်သည့်**
**၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ် - ၈**

ဦးအန်းကူ နှင့် ၁။ ဦးအောင်မျိုးသန့်
၂။ ဒေါ်တင်တင်အေး
၃။ ဦးကျော်မိုးမင်း
၄။ ဒေါ်နှင်းနှင်းခိုင်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ဦးကျော်မိုးမင်း၊ ဒေါ်နှင်းနှင်းခိုင်၊ အမှတ် (၉/၉၉)၊ ချယ်ရီလမ်း၊ အမှတ်(၉) ရပ်ကွက်၊ ကလောမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၂ တွင် ကျရှိသည့်ဒီကရီ အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၆ ရက် (၁၃၈၃ ခုနှစ် ဝါဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဇွန် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးလဲ့စန္ဒီမြင့်)**
**မြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**

## ဇနီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဒန့်ဒလွန်ကျေးရွာအုပ်စု၊ ဒန့်ဒလွန်ကျေးရွာနေ (ဘ)ဦးစိုးမြင့်-အမိ ဒေါ်ခင်ဝင်းတို့၏ သမီးဖြစ်သူ ဒေါ်ခင်မျိုးနိုင်(ခ)မနိုင် ၈/တတက(နိုင်)၁၉၆၁၆၅သည် ခင်ပွန်းအပေါ်စိတ်ဆင်းရဲအောင်နှင့် ခွင့်မလွှတ် နိုင်သောအမှားများကျူးလွန်၍ နေအိမ်မှဆင်းသွားပြီး အကြိမ်ကြိမ်ပြန်ခေါ်သော်လည်း လုံးဝ(လုံးဝ)ပြန်မလာပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါ ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**ဦးဇော်မင်း၈/တတက(နိုင်)၁၂၅၇၈၂**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် Grade-9 မှ မောင်စည်သူနိုင်၏ ဖခင်အမည်မှန်မှာ ဦးရွှေအောင်ထွန်း ၁၁/မပတ(နိုင်)၀၁၂၉၄၃ ဖြစ်ပါကြောင်း။

**ဦးရွှေအောင်ထွန်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**
**၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၁၇**

ဦးစလင်း **နှင့်** ဦးတင်မောင်ညွန့်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်(၇၁၅)နေ ဦးတင်မောင်ညွန့်(ဘ)ဦးလှမောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစလင်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်း အမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဇူလိုင် ၁၂ရက် (၁၃၈၃ခုနှစ် ဝါဆိုလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇွန် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူသွယ်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထကခွဲ(ဝါးတော) ဆဋ္ဌမတန်းမှ နော်လဲ့လဲ့နှင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်းသန်းဖြစ်ပါကြောင်း။

ဦးစိုးဝင်းသန်း

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အောင်ချမ်းသာ(၂)လမ်း၊ အမှတ် (၁၄၆၁/C)နေ ဒေါ်ဇာနွယ်ဝင်းက ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၁၁၀)၊ ရွှေဘိုတပ်တောင်အကွက်၊ ဦးပိုင်အမှတ်(၁၃၃-က)၊ ဧရိယာ ၀ ဒသမ ၀၃၇ ဧကရှိ မြို့မြေအား မြေငှားဂရန်(အသစ်)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 5U/18439 Race Horse, Three Wheel Motorcycle မော်တော်ယာဉ်မှတ်ပုံတင်ထားသူ ဦးကျော်ရှန် ၁၄/မမက(နိုင်)၁၅၂၀၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(မြဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8U/1722 HYUNOAL125 TW(3x3)(R) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ချို ၁၄/ပသန(နိုင်)၃၂၂၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး၊ (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8U/1661 HYUNOAL125 သုံးဘီးဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ချို ၁၄/ပသန(နိုင်)၃၂၂၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး(ပုသိမ်မြို့)**

## ဖောင်းကြပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/3636 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/6068 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့်ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

# ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမိန့်အမှတ် ၂၆၀ /၂၀၂၁
၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တွင် COVID–19 ဓာတ်ခွဲအတည်ပြု လူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ အဆိုပါမြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)၊
(ခ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊
(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

*စာမျက်နှာ ၈ ကော်လံ ၁* ❍

## အငြိမ်းစားမိဘပြည်သူများသို့ အသိပေးပန်ကြားချက်

၁။ အငြိမ်းစားမိဘပြည်သူများအနေဖြင့် မိမိတို့ကိုင်ဆောင်သည့် E–Pension Card အသုံး ပြု၍သော်လည်းကောင်း၊ ATM Card အသုံးပြု၍သော်လည်းကောင်း အငြိမ်းစားလစာများ ထုတ်ယူနိုင်ပါကြောင်းနှင့် ယခုအခါ Mobile Internet ဖြင့် ငွေသွင်း၊ ငွေထုတ်ဝန်ဆောင်မှု ပုံမှန်ဆောင်ရွက်နိုင်ပြီဖြစ်၍ Myanmar Mobile Money, MPT Pay, Mytel Pay တို့ကို အသုံးပြု၍လည်း အငြိမ်းစားလစာများ ထုတ်ယူနိုင်ပြီဖြစ်ပါသည်။

၂။ ထို့အပြင် အငြိမ်းစားလစာများ ထုတ်ယူရာတွင် လစာထုတ်ယူရန် သတ်မှတ်ထားသော ၂၁ ရက်နေ့မှ လကုန်ထိရက်များအပြင် အခြားနှစ်သက်ရာ နေ့ရက်များတွင်လည်း ထုတ်ယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးပန်ကြား အပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (COVID–19 Call Centre) ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဇွန် ၂၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာများ၊ လိုက်နာဆောင်ရွက်ရန် အချက်အလက်များနှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် သိရှိလိုသည်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားပေးနိုင်ရန်အတွက် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (COVID–19 Call Centre) ကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ နံနက် (၀၈၀၀) နာရီမှစတင်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်–၄၊ နေပြည်တော်၌ ဖွင့်လှစ်ထားရှိမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိမိတို့သိရှိလိုသည့် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ အချက်အလက်များကို အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ နေ့စဉ် နံနက်(၀၈၀၀) နာရီမှ ည(၂၁၀၀)နာရီအတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

ဆက်သွယ်ရန်ဖုန်းနံပါတ်များ–
(၁) ၀၆၇–၃၄၁၁၅၀၈
(၂) ၀၆၇–၃၄၁၁၅၀၉
(၃) ၀၆၇–၃၄၁၁၁၄၄
(၄) ၀၉–၈၈၂၅၅၇၉၉၁
(၅) ၀၉–၈၈၂၅၅၇၉၉၂
(၆) ၀၉–၈၈၂၅၅၇၉၉၃

## အီတလီကို ရှုံးနိမ့်ခဲ့သော်လည်း ယူရိုပြိုင်ပွဲနောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည့် ဝေးလ်

ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် (၃) အဖြစ် အုပ်စု (A) မှ ဆွစ်ဇာလန်နှင့် တူရကီ၊ အီတလီနှင့် ဝေးလ်အသင်းတို့ပွဲစဉ်ကို ယမန်နေ့ညပိုင်းက တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားခဲ့ရာ ဆွစ်ဇာလန်နှင့် တူရကီအသင်းတို့ ပွဲစဉ်တွင် ဆွစ်ဇာလန်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အီတလီနှင့် ဝေးလ်အသင်းတို့ ပွဲစဉ်တွင် အီတလီအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆွစ်ဇာလန် အသင်းသည် ယနေ့ပွဲစဉ်တွင် တူရကီအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ဝေးလ်အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အုပ်စုတတိယနေရာတွင် ရပ်တည်နေပြီး အကောင်းဆုံးအုပ်စုတတိယဖြင့် နောက်တစ်ဆင့်

*စာမျက်နှာ ၉ ကော်လံ ၄* ❒



အီတလီအသင်းမှ ကစားသမား ဝေးလ်အသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။


ယနေ့ မာ တိ ကာ

COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၉၅ ဦး တွေ့ရှိ ထပ်မံသေဆုံးသူ သုံးဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၂၆၅ ဦး ရှိ စာ ၁၅

မြို့နယ်အချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များထံမှ လက်နက်လုယူရန် ကြိုးစားခဲ့သူ အကြမ်းဖက်သမားများကို ခြောက်လှန့်ပစ်ခတ်ဖမ်းဆီး စာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ငွေကျပ် ၃၄ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ အိုက်စ် ၁၇၁၀ ကီလို ဖမ်းဆီးရမိ စာ ၂၆